မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄) အမှတ် (၁၀၈)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ သောကြာနေ့။

ဒေါသပယ်ရှင်းနှလုံးသွင်း

❖ ငါတို့သည် သေမင်းဆီသို့ သွားနေရသည်ဟု မသိသူများက ခိုက်ရန်ဖြစ်ပွားနေကြ၏။

❖ ငါတို့သည် သေမင်းဆီသို့ သွားနေရသည်ဟု သိသူများက အသင့်အတင့်နှလုံးသွင်းပြီး ရန်ငြိမ်းအောင် ကျင့်ဆောင်ကြ၏။ (ဓမ္မပဒ)

လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ နည်းပညာနှင့် အရင်းအနှီးများ ရင်းနှီးမြှုပ်နှံနိုင်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၅

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အစ္စရေးနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ယိုင်ရှာမီရ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ နည်းပညာနှင့် အရင်းအနှီးများ ရင်းနှီးမြှုပ်နှံနိုင်ရေး၊ ရေအရင်းအမြစ်များ ထိန်းသိမ်းအသုံးချနိုင်ရေး၊ သီးနှံများစိုက်ပျိုးပြီး တန်ဖိုးမြှင့်ထုတ်လုပ်၍ ပို့ကုန်အဖြစ် နိုင်ငံတကာသို့ တင်ပို့နိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးအုန်းသန်းနှင့် ဒေါက်တာအောင်မြတ်ဦးတို့ တက်ရောက်ကြပြီး အစ္စရေးနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒယ်နီယယ်ဇွန်ရှိုင်းလည်း တက်ရောက်သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း အစ္စရေးနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ယိုင်ရှာမီရ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း-၂

ဆောင်းပါး၊ စာမျက်နှာ » ၆

မန္တလေးလေဆိပ်ရှိ ဝန်ဆောင်မှုလုပ်ငန်းများ မစ်ဆူဘီရှိကုမ္ပဏီသို့ လုပ်ကိုင်ခွင့်ပြုမည်

မင်းထက်အောင်
(မန်းကိုယ်ပွား)

မန္တလေး ဇန်နဝါရီ ၁၅

မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းအား ဂျပန်နိုင်ငံမစ်ဆူဘီရှိကုမ္ပဏီသို့ ဧပြီလတွင် လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မန္တလေး)မှ သိရသည်။

အဆိုပါလေဆိပ်ကို လေကြောင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဆုံရပ်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းထားပြီး ခရီးသည်ဝန်ဆောင်မှု လုပ်ငန်းအတွက် Private Public Partnership အစီအစဉ်ဖြင့် တင်ဒါခေါ်ယူခဲ့ရာ *စာမျက်နှာ ၃ ကော်လံ ၄* ❀

ယနေ့ မာတိကာ

စစ်သွေးကြွများ တပ်စွဲထားသောမြို့သို့ ဆီးရီးယားအစိုးရက ရိက္ခာထောက်ပံ့

စာမျက်နှာ ၄

အမ်ပီတီ၏ ဆွေသဟာဝန်ဆောင်မှု အသုံးပြုသူ တစ်သန်းကျော်ရှိပြီဟုဆို

စာမျက်နှာ ၇

ဘရက်ပိုဒ်နှင့်ချယ်လ်ဆီး အက်ဖ်အေတွင်တွေ့မည်

စာမျက်နှာ ၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်မြှင့်တင်

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေ ပြည်သူများဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ကြပါသည်။ ထို့ကြောင့်ပင် လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အများစုဖြစ်သော ကျေးလက်နေ ပြည်သူများဖြစ်သည့် တောင်သူလယ်သမားဘဝ မြှင့်တင်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ပြီး စိုက်ပျိုးမွေးမြူထုတ်လုပ်မှုသာမက ကျေးလက် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူတစ်ဦးချင်း ဝင်ငွေတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ရေးတို့ကိုပါ ထည့်သွင်းဖော်ဆောင်လျက်ရှိပါသည်။

ထို့ကြောင့်ပင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဇန်နဝါရီ ၁၂ ရက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသောတောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး စုံညီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ခိုင်မာသောဥပဒေကျောထောက်နောက်ခံရနိုင်ရန်အတွက် လိုအပ်သည့်ဥပဒေမူဘောင်ချမှတ်ပြဋ္ဌာန်းပေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၃) နှင့်အညီ ပြဋ္ဌာန်းထုတ်ပြန်ထားသည့် "တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ"သည် အဓိကကျပါကြောင်း၊ ယင်းဥပဒေ၏ ရည်ရွယ်ချက်(၅)ရပ်မှာ တောင်သူလယ်သမားများ အရင်းအနှီးရရှိရေးအတွက် သင့်တင့်သည့်ချေးငွေအကူအညီများပေး၍ အထောက်အကူပြုရန်၊ ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးနိုင်ရေးစီမံဆောင်ရွက်ရန်၊ လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့်ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ရန်၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြု ပံ့ပိုးပေးရန်တို့ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ဤဥပဒေအရ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရန် အရင်းအနှီးအတွက် ချေးငွေများအလွယ်တကူရရှိလာနိုင်ပါသည်။ နည်းပညာနှင့် သွင်းအားစုအကူအညီများ ရရှိလာနိုင်ပါသည်။ အရေးအကြီးဆုံးတစ်ချက်မှာ သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် လယ်ယာမြေများထိခိုက်ပျက်စီးခဲ့ပါက အကူအညီတစ်စုံတစ်ရာ ရရှိလာနိုင်တော့မည်ဖြစ်ပါသည်။ ယခုအခါ မိုးခေါင်ခြင်း၊ ရေကြီးခြင်းစသော သဘာဝဘေးအန္တရာယ်တို့ကြောင့် သီးနှံများအထွက်နှုန်းကျဆင်းခြင်း၊ မျိုးဆုံးခြင်းစသော အခက်အခဲများနှင့် ကြုံတွေ့နေကြရပါသည်။ သို့ပါ၍ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဥပဒေတစ်ရပ်အရ ကာကွယ်ပေးနိုင်တော့မည်ဖြစ်၍ အနာဂတ်တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးအတွက် ပိုမိုဖြည့်ဆည်းပေးလာနိုင်တော့မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

(၆၃)နှစ်မြောက် ကယားပြည်နယ်နေ့လူထုအခမ်းအနားကျင်းပ

လွိုင်ကော် ဇန်နဝါရီ ၁၅

ကယားပြည်နယ် (၆၃)နှစ်မြောက် ကယားပြည်နယ်နေ့ လူထုအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီက ပြည်နယ် လွိုင်ကော်မြို့ ကန္တာရဝတီ(ဟု ဖတ်ရ)...

ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၃) နှစ်မြောက် ကယားပြည်နယ်နေ့ သဝဏ်လွှာကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကျော်ဆွေကဖတ်ကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကထံမှ ပေးပို့လာသော သဝဏ်လွှာကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်းက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ၂၀၁၅ ခုနှစ် (၆၃) နှစ်မြောက် မိန့်ခွန်းကို ဖတ်ကြားသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ် အေးလွင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အဖွဲ့အစည်း များမှ တာဝန်ရှိသူများ၊ ကယား ပြည်နယ် ဒေသအတွင်းရှိ ဒေသခံ ပြည်သူ ၃၀၀၀ ကျော်တက်ရောက် ကြကြောင်း သိရသည်။

ရဲနောင်

လယ်ဝေး-ပျဉ်းမနားမြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် မလွတ်ကင်းသည့် လယ်ယာမြေများအတွက် လျော်ကြေးပေး

လယ်ဝေး ဇန်နဝါရီ ၁၅

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း လယ်ဝေး-ပျဉ်းမနား မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် မလွတ်ကင်းသည့် လယ်ယာမြေများကို စွန့်လွှတ်ခဲ့ရသည့်အတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် နစ်နာကြေးများကို တောင်သူများထံသို့ ဒီဇင်ဘာ ၂၈ ရက်မှ စတင်ပေးအပ်လျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်တွင် တောင်သူများအားလုံးထံသို့ ပေးလျော်ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ လယ်ယာမြေလျော်ကြေးများပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်၊ မြို့နယ်မြေစာရင်းမှူး ဦးညီညီလတ်၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ မြို့နယ်လက်ထောက်အင်ဂျင်နီယာ ဒေါ်နော်ဇီဇဝါဘတို့က ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များ၊ ကျေးရွာနှင့် မြို့နယ်အထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မြို့နယ်အတွင်း လယ်ဝေး - ပျဉ်းမနားမြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် မလွတ်ကင်းသည့် ကျေးရွာ ခုနစ်ရွာမှ တောင်သူ ၂၁၇ ဦး၏ လယ်ယာမြေများအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့်ငွေကျပ် ၄၀၇၁၁၀၀၀၀ ကို တောင်သူတစ်ဦးချင်းထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

တာလေမြို့၌ ကျေးရွာချင်းဆက် မိုဟယ်ချောင်းကူးကွန်ကရစ်တံတားဖွင့်

တာလေ ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ် နားယောင်းကျေးရွာအုပ်စုတွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေပြီး ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားဖော်ကျေးရွာနှင့် ပူဟိုမိန်းကျေးရွာချင်း ဆက်သွယ်ထားသည့် သံကူကွန်ကရစ်တံတား သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါ မိုဟယ်တံတားသစ်ပေါ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုဟယ်တံတားသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ထွန်း၊ တပ်နယ်မှ ဗိုလ်မှူးသော်ဇင်နိုင်နှင့် အလှူရှင်ဦးစိုင်းကြည်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အလှူရှင်ဦးစိုင်းကြည်လင်းက တံတားတည်ဆောက်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ တံတားသစ်မှာအရှည် ပေ ၆၀၊ အကျယ် ၁၀ ပေ သံကူကွန်ကရစ် သစ်သားကြမ်းခင်းအမျိုးအစားဖြစ်ပြီး ငွေကျပ် ၁၂၉ သိန်းကျော်အကုန်ကျခံဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်ကျော်မိုး(iprd)

မြတ်ဆုမွန်တောင်းဂုဏ်ပြုအပ်ပါသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့် **သီရိသုဓမ္မမဏိဇောတရေ (လူမှုထူးချွန် ဒုတိယဆင့်) ဦးကိုကိုအေး** (အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်)အား ၂၀၁၅ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အချိန်အခါသမယတွင် **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ** ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း မြတ်ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်။

ဦးတင်အေး(ရွှေဒေါ်လာဆပ်ပြာစက်)
ဦးမြင့်သိန်း-ဒေါ်လှလှညို မိသားစု
ချမ်းမြသာစည်မြို့နယ်၊ မန္တလေး

ပြည်တွင်းသတင်း

လွတ်လပ်မျှတမှုရှိသောရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေး အပြုသဘောဆောင် ရေးသားသတင်းဖြန့်ဝေပေးခြင်းဖြင့် ပူးပေါင်းရန်လို

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း အတွင်းရေးမှူး(၂) ဦးကျော်စွာမင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် မိတ်ဖက်ပြုထားသောအဖွဲ့တစ်ခုဖြစ်သည့် Article 19 မှ Mrs.Borbra နှင့် Mr. Oliver Spencer ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ဖွဲ့စည်းမှု၊ မဲပေးစနစ်၊ မဲစာရင်းပြုစုခြင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

Article 19 အဖွဲ့မှ Voter Education ဆောင်ရွက်မည့်အခြေအနေ၊ မီဒီယာများအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေနှင့် Article 19 အဖွဲ့အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့အားဆွေးနွေးခဲ့ပြီး ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်းခဲ့ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ရွေးကောက်ပွဲကို လွတ်လပ်မျှတသော ရွေးကောက်ပွဲဖြစ်စေရန် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်မျှတမှုကို ဥပဒေဖြင့်သာ မှတ်ကျောက်တင်ရမှာဖြစ်ကြောင်း၊ ဥပဒေကိုသိရှိအောင်လေ့လာဖို့လိုအပ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ Observer များနှင့် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ကြောင်း၊ ရွေးကောက်ပွဲကို လွတ်လပ်မျှတမှုရှိသော ရွေးကောက်ပွဲအဖြစ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဘက်လိုက်မှုမရှိဘဲ အပြုသဘောဆောင် ရေးသားသတင်းဖြန့်ဝေပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌများနှင့် မစ္စရန်ဟီလီတို့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၅

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီသည် ယနေ့နံနက် ၉ နာရီတွင် အမျိုးသားလွှတ်တော်ရေးရာဆောင် I-20 ၌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှင့် ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဥပဒေကြမ်း ကော်မတီများနှင့်လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်ရေးရာဆောင် I-1 ၌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာအထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းရေးကော်မရှင်တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် ရုံးအမှတ်(၁၈) နိုင်ငံတော်သမ္မတရုံး၌ နိုင်ငံတော်သမ္မတ၏ ဥပဒေ၊ နိုင်ငံရေးနှင့် စီးပွားရေးအကြံပေးပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ပြည်သူ့လွှတ်တော်ရေးရာဆောင် I-1 ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များအားလည်းကောင်း **(အပေါ်ပုံ)**၊ ညနေ ၅ နာရီတွင် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသားပညာရေးနည်းဥပဒေများရေးဆွဲရေး ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့် ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၅

အမျိုးသားပညာရေး နည်းဥပဒေများရေးဆွဲရေးအတွက် နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းရုံး(CESR) အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် အခြေခံပညာ၊ နည်းပညာနှင့် သက်မွေးပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာဆိုင်ရာ ကဏ္ဍအသီးသီးကို သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးမှုများအပေါ် တက်ရောက်လာကြသည့် နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်တစ်ဦးချင်းစီက ၎င်းတို့၏ သဘောထားအမြင်များ၊ အကြံဉာဏ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ဥပဒေပညာရှင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှတာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ CESR မှ တာဝန်ရှိသူများ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များဖြစ်သည့် ADB၊ Australian Embassy၊ British Council၊ Burnet Institute Myanmar၊ Department for International Development၊ EU၊ GIZ၊ ILO၊ JICA၊ Save the Children၊ Swiss Development Agency၊ UNESCO၊ UNICEF၊ World Fold Program တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

❀ ***ရှေ့ဖုံးမှ***

Mitsubishi-JALUX -SPA- Consortium မှ Successful Tender အဖြစ် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (မန္တလေး)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"လေဆိပ်မှာရှိတဲ့ ဝန်ဆောင်မှုအားလုံးကို ဂျပန်ကုမ္ပဏီကို လွှဲပြောင်းပေးအပ်မှာပါ။ အခုတော့ လာရောက်လေ့လာနေကြပါပြီ။ ဒီလို ဂျပန်ကုမ္ပဏီမှ တွဲဖက်လုပ်ကိုင်ခြင်းဖြင့် ခိုင်မာသောဈေးကွက်နဲ့ ပို့ကုန်သွင်းကုန် စီးဆင်းမှုများပြားလာပြီး နိုင်ငံတော်ရဲ့ ဝင်ငွေစီးဆင်းလာမယ့် ဌာနကြီးဖြစ်လာမယ်လို့ မျှော်လင့်ရပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

နိုင်ငံတကာ ခရီးသည်များ ဝင်/ထွက်သော မြန်မာနိုင်ငံ၏ လေကြောင်းဝင်ပေါက်နှင့် ခရီးသည်ဝန်ဆောင်မှုလုပ်ငန်း ကိုင်တွယ်နိုင်မှုများအရ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သည်ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းကိုင်တွယ်နိုင်မှု သုံးသန်းရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းကိုင်တွယ်နိုင်မှု ၂ ဒသမ ၇ သန်းရှိကြောင်း သိရသည်။

မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုင်ငံခြားခရီးသွားဧည့်သည်အများဆုံး ဝင်ရောက်သောနိုင်ငံများအနေဖြင့် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် တရုတ်နိုင်ငံ၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ထိုင်းနိုင်ငံတို့ဖြစ်ပြီး လက်ရှိအချိန်တွင် တရုတ်နိုင်ငံမှအများဆုံး ဖြစ်ကြောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တိုက်ရိုက်ပျံသန်းပေးသောနိုင်ငံများမှာ ထိုင်း၊ တရုတ်၊ စင်ကာပူနှင့် ကိုရီးယားနိုင်ငံတို့ဖြစ်ကြောင်းနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုင်ငံတကာမှ ဝင်ရောက်သော လေကြောင်းလိုင်းခုနစ်လိုင်းရှိပြီး ပြည်တွင်းလေကြောင်းလိုင်းအနေဖြင့် ရှစ်ခုရှိကြောင်း သိရသည်။

စာပေမြင့်မှ လူမျိုးတင့်မည်

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပမည့်ရက် အတည်ပြုသတ်မှတ်

နေပြည်တော် ဇန်နဝါရီ ၁၅

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးအား နေပြည်တော်တွင် ဖေဖော်ဝါရီ ၁၃ ရက်နေ့မှ ဖေဖော်ဝါရီ ၂၈ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်နေ့နှင့် ပိတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာနည်းဥပဒေများ ပြည်သူများဖတ်ရှုလေ့လာနိုင်ရန် ဝက်ဘ်ဆိုက်များလွှင့်တင်ထား

နေပြည်တော် ဇန်နဝါရီ ၁၅

ဆက်သွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၁)ဖြင့် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဆက်သွယ်ရေး ဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များနည်းပညာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာနည်းဥပဒေများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာနည်းဥပဒေများကို အများပြည်သူများဖတ်ရှုလေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံပြန်တမ်းတွင်လည်းကောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန Website (www.mcit.gov.mm) တွင်လည်းကောင်း၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန Website (http;// www. mcit. gov. mm / content/ law-regulation. html) တွင်လည်းကောင်း လွှင့်တင်ပေးထားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

နိုင်ငံတကာသတင်း

အမေရိကန် လွှတ်တော်အဆောက်အအုံတိုက်ခိုက်ရန် စီစဉ်သူ အက်ဖ်ဘီအိုင်က အိုဟိုင်းယိုး၌ ဖမ်းဆီး

အိုဟိုင်းယိုး ဇန်နဝါရီ ၁၅

အက်ဖ်ဘီအိုင်က ဝါရှင်တန်မြို့ရှိ ကွန်ဂရက်လွှတ်တော် အဆောက်အအုံကိုတိုက်ခိုက်ရန် ကြိုးပမ်းခဲ့သူတစ်ဦးကို အိုဟိုင်းယိုး၌ ဖမ်းဆီးလိုက်သည်။

အသက် ၂၀ အရွယ်ရှိ ခရစ္စတိုဖာကော်နယ်ကို အမေရိကန်အစိုးရအရာရှိတစ်ဦးအား သတ်ရန်ကြိုးပမ်းမှုဖြင့် ဖမ်းဆီးထားကြောင်း သက်ဆိုင်ရာ တရားရုံးက ဆိုသည်။ ၎င်းသည် အိုင်အက်စ်ကဲ့သို့ အစွန်းရောက်အုပ်စုများထံ သတင်းအချက်အလက်များပေးပို့ခဲ့ပြီးနောက် အက်ဖ်ဘီအိုင်က ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

မစ္စတာကော်နယ်အား ထောက်လှမ်းရေးများက ကာလအတန်ကြာ ခြေရာခံလိုက်ခဲ့ပြီးနောက် ဗုဒ္ဓဟူးနေ့က သေနတ်နှင့်ခဲယမ်းများဝယ်ယူအပြီး ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ၎င်းကို ဩဂုတ်လကတည်းက အစိုးရအရာရှိတစ်ဦးအားသတ်ဖြတ်ရန် ကြိုးစားခဲ့ပြီးနောက် အက်ဖ်ဘီအိုင်က ခြေရာခံလိုက်ခဲ့သည်ဟုဆိုသည်။

မစ္စတာကော်နယ်အား အမ်-၁၅ မောင်းပြန်သေနတ်နှစ်လက်နှင့် ကျည်ဆန် ၆၀၀ ကို အိုဟိုင်းယိုး၌ဝယ်ယူပြီးနောက် အက်ဖ်ဘီအိုင်အကြမ်းဖက်တိုက်ဖျက်ရေးတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

ငြိမ်းချမ်းရေးဆွေးနွေးပွဲစတင်ရန် ကိုလံဘီယာအစိုးရအသင့်ရှိ

ဘိုဂိုတာ ဇန်နဝါရီ ၁၅

ကိုလံဘီယာသမ္မတက ၎င်း၏အစိုးရအနေဖြင့် ဖတ်သူပုန်နှင့် နှစ်ဖက် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲစတင်ရန် ပထမဆုံးအကြိမ် ပြင်ဆင်ထားကြောင်း ပြောကြားသည်။ သမ္မတ ဂျူအန်မာဒူးဆန်တို့စ်က စောနိုင်သမျှစော၍ ဆွေးနွေးပွဲစတင်ရန် စေ့စပ်ညှိနှိုင်းရေးမှူးများကို တိုက်တွန်းခဲ့သည်။

ပြီးခဲ့သည့်လက လက်ဝဲသူပုန်များက တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရန် ကြေညာခဲ့ခြင်းသည် မှန်ကန်သော လမ်းကြောင်းပေါ်ရောက် ရှိစေခဲ့သည့်ခြေလှမ်းတစ်လှမ်းဖြစ်ခဲ့ကြောင်း ၎င်းကပြောသည်။ ကိုလံဘီယာအစိုးရအနေဖြင့် ဖတ်သူပုန်များ၏ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရန်ကြေညာခဲ့ခြင်းအပေါ် လူသူစုဆောင်းရန် အပစ်အခတ်ရပ်စဲခြင်းဖြစ်နိုင်သဖြင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရန်ယခင်ကငြင်းဆိုခဲ့သည်။ အစိုးရနှင့်သူပုန်များသည် ဆယ်စုနှစ်များစွာ ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက ကျူးဘားနိုင်ငံ၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ခဲ့ကြသည်။

မစ္စတာဆန်တို့စ်က ငြိမ်းချမ်းရေးသည် ယခင်နှင့်စာလျှင် နီးစပ်လာကြောင်း ဗုဒ္ဓဟူးနေ့တွင် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။ အပစ်အခတ်ရပ်စဲရေး တိုးတက်မှုရရှိစေရန် စစ်ဘက်အဆင့်မြင့်အရာရှိများအား ရွေးချယ်တာဝန်ပေးထားကြောင်းဖြင့်လည်း မစ္စတာဆန်တို့စ်က ထပ်လောင်းပြောကြားသည်။ **(ဘီဘီစီ)**

တတိယအကြိမ် ဂျပန်-တရုတ် ရေပိုင်နက်ပြဿနာ ဆွေးနွေးကြမည်

တိုကျို ဇန်နဝါရီ ၁၅

ဂျပန်နှင့်တရုတ်တို့သည် ယခုလအတွင်း ရေပိုင်နက်အငြင်းပွားမှုဆိုင်ရာ တတိယအကြိမ်မြောက် အစိုးရအချင်းချင်း ဆွေးနွေးပွဲတစ်ရပ်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ကြာသပတေးနေ့က ပြောဆိုခဲ့သည်။

အဆိုပါဆွေးနွေးပွဲသည် ဂျပန်တို့ထိန်းချုပ်ထားသော စင်ကာကူကျွန်းတစ်ဝိုက်ရှိ ရေပိုင်နက်များသာမက တရုတ်သန္တာငါးဖမ်း ရေယာဉ်များ တရားမဝင်လှုပ်ရှားနေမှုများကို အာရုံစိုက်လျက် အရှေ့တရုတ်ပင်လယ်ရှိ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျပ်အတည်းစီမံခန့်ခွဲမှုများအပေါ် အဓိကထား ဆွေးနွေးကြမည်ဟု သိရသည်။

တိုကျိုနှင့်ပေကျင်းတို့သည် ရေပိုင်နက်ဆိုင်ရာ အကျပ်အတည်းစီမံခန့်ခွဲမှုလုပ်ထုံး လုပ်နည်းတစ်ရပ်နှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာအာဏာပိုင်များအကြား ဆွေးနွေးပွဲများကို တနင်္လာနေ့က ပြုလုပ်ခဲ့သည့်နောက်တွင် ရေပိုင်နက်လုံခြုံမှုနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ကြဖွယ်ရှိသည်။ **(ကျိုဒို)**

လူနင်းခံရမှုများဖြစ်ပြီးနောက် ရှန်ဟိုင်းတွင် မီးပုံးပွဲတော်ဖျက်သိမ်း

ပေကျင်း ဇန်နဝါရီ ၁၅

လူစုလူဝေးကြီးဖြစ်ပေါ်လာခြင်းမှရှောင်ရှားရန်နှင့် အများပြည်သူလုံခြုံမှုရှိစေရန်အတွက် တရုတ်နိုင်ငံရှန်ဟိုင်းမြို့၏ကျော်ကြားသော မီးပုံးပွဲတော်ကို သမိုင်းဝင်နေရာ၌ ပြုလုပ်မည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်သည်ဟု သိရသည်။

နှစ်သစ်ကူးအကြိုပွဲတော်၌ လူအုပ်ပိ၍ သေဆုံးမှုများဖြစ်ခဲ့သည့်နောက်ပိုင်းတွင် ရှန်ဟိုင်းတွင်သာမကဘဲ နိုင်ငံအနှံ့ရှိ ပွဲတော်ကြီးများကိုလည်း ဖျက်သိမ်းခဲ့သည်။

ရှန်ဟိုင်းမြို့လယ်ကောင်ရှိ ယူယွမ်ဥယျာဉ်၌ကျင်းပရန် စီစဉ်ထားသည့် နွေဦးမီးထွန်းပွဲတော်သည် နှစ် ၂၀တိုင်အောင် နှစ်စဉ်မပျက်ကျင်းပခဲ့သည့် ပွဲတော်ဖြစ်ပြီး ဒေသခံများနှင့် ကမ္ဘာလှည့်ခရီးသွားများ အမြတ်တနိုး တန်ဖိုးထားကြသည့်ပွဲတော်ဖြစ်သော်လည်း လာမည့်နှစ်သစ်ကူးတွင် ယင်းပွဲတော်ကို ရှုစားရတော့မည်မဟုတ်ပေ။

အများစုက ကံဆိုးမှုများထပ်ဖြစ်မလာစေရန် ဖျက်သိမ်းလိုက်ခြင်းကို နားလည်သဘောပေါက်ကြသော်လည်း ပွဲတော်အားလုံးကို ဖျက်သိမ်းလိုက်ခြင်းသည် ဘေးအန္တရာယ်ကင်းစေသည့် နောက်ဆုံးနည်းလမ်းဖြစ်သည်ဟု မဆိုလိုပေ။ **(ဆင်ဟွာ)**

စစ်သွေးကြွများတပ်စွဲထားသော မြို့သို့ ဆီးရီးယားအစိုးရက ရိက္ခာထောက်ပံ့

ဒမတ်စကတ် ဇန်နဝါရီ ၁၅

မြို့တော်ဒမတ်စကတ်တောင်ဘက် စစ်သွေးကြွများသိမ်းပိုက်ထားသော မြို့ရှိ ဒေသခံများထံသို့ ဆီးရီးယားအစိုးရက ကူညီထောက်ပံ့မှုများပြုလုပ်ခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြထားသည်။

စစ်သွေးကြွများနှင့် ပြင်းထန်သည့်တိုက်ခိုက်မှုများကြားမှ အစိုးရ၏ ထောက်ပံ့ရေးတပ်ဖွဲ့ဝင်များသည် ဘာဘီလာမြို့အတွင်းသို့ ဝင်ရောက်ကာ အစားအသောက်များကို ဖြန့်ဝေပေးခဲ့သည်။

ဆန္ဒပြသူများသည် မြို့အတွင်းစုရုံးရောက်ရှိကာ သွေးထွက်သံယိုမှုအဆုံးသတ်စေရေးနှင့် ပဋိပက္ခဖြစ်ပွားမှုအပေါ် ဆွေးနွေးပွဲစတင်ရန် ပိုစတာများကိုင်ဆောင်လျက် တောင်းဆိုခဲ့သည်။

ပြန်လည်ရင်ကြားစေ့ရေးကို ၃၀ ရာခိုင်နှုန်းထိ ဖော်ဆောင်ပေးခဲ့ပြီး ဖြစ်ကြောင်း စေ့စပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဖာဒယ်လ်အယ်ခါတစ်က ပြောသည်။ ဆီးရီးယားနိုင်ငံသည် ၂၀၁၁ ခုနှစ် မတ်လကတည်းက ဆိုးရွားသည့်ပဋိပက္ခများနှင့် ရင်ဆိုင်ခဲ့ရသည်။

ဆီးရီးယားနိုင်ငံအတွင်း ပဋိပက္ခများကြောင့် ယနေ့အထိ လူ ၂၀၀၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး ဖော်ပြချက်အရ သိရသည်။

(ပရက်စ်တီဗွီ)

EL Capitan တောင်ထိပ်သို့ရောက်ခဲ့သော အလွတ်တောင်တက်သမားနှစ်ဦး သမိုင်းမှတ်တမ်းတွင်ခဲ့

ဝါရှင်တန် ဇန်နဝါရီ ၁၅

ကယ်လီဖိုးနီးယားပြည်နယ် Yosemite အမျိုးသားဥယျာဉ်ရှိ မတ်စောက်သောEl Capitan တောင်သို့ ရက်သတ္တ နှစ်ပတ်ကျော်ကြာ တက်ရောက်ခဲ့သည့် အမေရိကန် တောင်တက်သမားနှစ်ဦးသည် ပေ ၃၀၀၀ အမြင့်ရှိ တောင်ထိပ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

အသက် ၃၀ နှစ်နှင့် ၃၆ နှစ်အရွယ်ရှိ ကီဗင်ဂျော့ဆန်နှင့် တွန်မီကာလ်ဝယ်တို့သည် အသက်အန္တရာယ်မှ ကာကွယ်ရန်ကြိုးများကို အသုံးပြုခဲ့သည်မှလွဲ၍ မည်သည့်အကူအညီမျှ မပါဘဲ တောင်တက်ခဲ့သည့် ပထမဆုံး တောင်တက်သမားများ ဖြစ်ကြသည်။

၎င်းတို့၏ သမိုင်းဝင်တောင်တက်ခရီးကို ဒီဇင်ဘာ ၂၇ ရက်က စတင်ခဲ့သည်။ တောင်တက်နေစဉ်အတွင်း တောင်မျက်နှာတွင်ချိတ်ဆွဲထားသော တဲများ၌ပင် အိပ်ခဲ့သည်။ ကီဗင်နှင့် တွန်မီတို့သည် တောင်တက်ခရီးစဉ်အပြီးတွင် မီဒီယာများကို တွေ့ဆုံမေးမြန်းခွင့်မပြုခဲ့သော်လည်း နောက်ပိုင်းတွင် တောင်တက်အတွေ့အကြုံများကို ရှင်းလင်းဖွယ်ရှိကြောင်း မျှော်လင့်ရသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

ပန်ဆိုင်းမြို့နယ်တွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လာရောက်ပစ်ခတ်

ပန်ဆိုင်း(ကြူကုတ်) ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင်ပန်ဆိုင်းမြို့ အမှတ်(၄)ရပ်ကွက်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူး နေအိမ်၊ မှုခင်းသတင်းတပ်ဖွဲ့ရုံး၊ ရဲစခန်းဝင်းနှင့် မိုင်းဟပြည်သူ့စစ်ရုံးတို့ကို ဇန်နဝါရီ ၁၃ ရက် ညပိုင်း ၁ နာရီ ၃၆ မိနစ်တွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က တစ်ပြိုင်နက် လာရောက်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပန်ဆိုင်းမြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်အောင်ကျော် (၃၆ နှစ်) ၏ နေအိမ်ကို လာရောက်ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ နေအိမ်အတွင်း အိပ်ပျော်နေသော ဦးပေတူး(၅၄ နှစ်)သည် ခြေကျင်းဝတ်တွင် သေနတ်ဒဏ်ရာတစ်ချက် ထိမှန်ခဲ့ပြီး နေအိမ်အပြင်ဘက် အုတ်နံရံတွင် ၁၀ ချက်၊ ကားမှန်တွင် သုံးချက်၊ ကားဘီးတွင် နှစ်ချက်ထိမှန်ခဲ့သည်။

အခင်းဖြစ်ပွားချိန်တွင် ပန်ဆိုင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ကျော်မှာ နေအိမ်တွင်ရှိမနေကြောင်း သိရသည်။

အခင်းဖြစ်ပွားပြီးနောက်တွင် နေအိမ်ခြံဝင်းအတွင်း၌ လက်ပစ်ဗုံးနှစ်လုံး (မပေါက်ကွဲသေး)ကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အယ်လ်စိုး (iprd)

တမူးမြို့တွင် ဆူဒိုအက်ဖီဒရင်းအာနိုသင်ပါ ဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၅

ဇန်နဝါရီ ၁၃ ရက်က မူးယစ်တပ်ဖွဲ့စု (၇) တမူးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့ ဈေးတန်း (၈) ရပ်ကွက် ကံ့ကော်လမ်းနေ ထွန်းအောင်ကျော် ပိုင်ဆိုင်သည့် နေအိမ်ခြံဝင်းသို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ခွန်ထွန်းလေးကို အသင့်တွေ့ရှိရပြီး ထွန်းအောင်ကျော်က မော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိလာသဖြင့် ဆက်လက်ရှာဖွေရာ နေအိမ်အနောက်ဘက်ရှိ အိမ်သာရေကန်ဘေး လျှို့ဝှက်တံခါးပိတ်လျက် လျှို့ဝှက်ခန်းအတွင်းမှ တစ်အိတ်လျှင် ဆူဒိုအက်ဖီဒရင်း အာနိုသင်ပါ ဆေးပြားအိတ် ခြောက်အိတ် စုစုပေါင်း ဆေးပြား ၁၅ သိန်း (အလေးချိန် ၁၅၀ ကီလို) သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ထွန်းအောင်ကျော် နေထိုင်သည့် တမူးမြို့ မြို့မ (၆) ရပ်ကွက် ဇေယျာလမ်းကြားရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါး မတွေ့ရှိသော်လည်း အိပ်ခန်းရှိ သံသေတ္တာအတွင်းမှ အိန္ဒိယ ရူပီးငွေ ၁၈ ဒသမ ၁၈၇ သိန်း၊ မြန်မာငွေကျပ်သိန်း ၂၀၊ လက်ကိုင်ဖုန်းလေးလုံး၊ YGN 2E/......တိုယိုတာ ပရာဒို တစ်စီးနှင့် မော်တော်ဆိုင်ကယ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ထွန်းအောင်ကျော်နှင့် ခွန်ထွန်းလေးတို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့ ဘုရားကြီးကျေးရွာ၌ လူသတ်မှုဖြစ်ပွား

ကျိုက်ထို ဇန်နဝါရီ ၁၅

ကျိုက်ထိုမြို့နယ် ဘုရားကြီးကျေးရွာ၌ ဇန်နဝါရီ ၁၃ ရက် ည ၁၁ နာရီခန့်က လူသတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဘုရားကြီးကျေးရွာ တာဘောင်လမ်းနေ ဒေါ်ရီ(၄၆ နှစ်) နေအိမ်၌ရှိနေစဉ် နေအိမ်ခေါင်းရင်းနေ ဝင်းထွဋ်စိုး(၃၅ နှစ်)သည် သောက်စားမူးယစ်ပြီး ဒေါ်ရီအား အော်ဟစ်ဆဲဆိုနေသည့်အတွက် ဒေါ်ရီက ကျေးရွာအုပ်ချုပ်ရေးမှူးထံတွင် တိုင်ကြားရန် ညီမဖြစ်သူ ဒေါ်ဖြူ(၄၅ နှစ်) ကို ခေါ်ယူလျက် တာဘောင်လမ်းအတိုင်း ထွက်ခွာလာရာ ဝင်းထွဋ်စိုးက နောက်မှလိုက်လာပြီး ချွန်ထက်သည့်လက်နက်ဖြင့် လိုက်လံထိုးနှက်မှုကြောင့် ဒေါ်ရီတွင် ဒဏ်ရာများဖြင့်သေဆုံးခဲ့ပြီး ဒေါ်ဖြူမှာ ဒဏ်ရာများ (စိုးရိမ်ရ)ရရှိခဲ့၍ ကျိုက်ထိုပြည်သူ့ဆေးရုံသို့ တင်ပို့ကာ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ဝင်းထွဋ်စိုးမှာ အခင်းဖြစ်ပြီးနောက် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ကျိုက်ထိုမြို့မ ရဲစခန်းက အမှုဖွင့်လှစ်ပြီး ပြစ်မှုကျူးလွန်သူဝင်းထွဋ်စိုးကို ဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာ ဖွေလျက်ရှိကြောင်း သိရသည်။

ဝင်းမောင်(iprd)

ခေါက်ဓားဆောင်ထားသူ လက်နက်မှုဖြင့်အရေးယူခံရ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၃) ရပ်ကွက်၌ ဇန်နဝါရီ ၁၂ ရက် ညနေ ၃နာရီခွဲက မှုခင်းကျဆင်းရေးအတွက် နယ်မြေခံ ရဲတပ်ကြပ် မင်းစိုးအောင်နှင့် ရာအိမ်မှူး ဦးအောင်မိုးနိုင်၊ ဦးမင်းသူတို့နှင့်အတူ ရပ်ကွက်အတွင်းသို့ လှည့်လည်စစ်ဆေးစဉ် ပဲခူးမြစ်လမ်းမပေါ် အရောက်မသင်္ကာဖွယ်ရာလူ တစ်ဦးကိုတွေ့ရှိ၍ ခေါ်ယူမေးမြန်းစစ်ဆေးရှာဖွေရာ သန်လျင်မြို့နယ်နေ တင့်လွင်ဦး(၂၉နှစ်)ဖြစ်ပြီး ၎င်း၏ညာဘက်ခါးတွင် ထိုးထည့်ဝှက်ထားသော လက်ကိုင်ရိုးသုံးလက်မခွဲ၊ အသွား နှစ်လက်မခွဲခန့်၊ အရိုးအသွားခြောက်လက်မခန့် အနက်ရောင် ခေါက်ရိုးတပ်ထားသည့် ခေါက်ဓားတစ်ချောင်းကို ရှာဖွေတွေ့ရှိရ၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းက တရားမဝင်ကိုင်ဆောင်သော လက်နက်ပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(ဝဓ၁)**

တာမွေမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၆၀၀၊ ဘိန်းဖြူ ၄၃၇ ဒသမ ၂၅ ဂရမ်နှင့် အိုက်စ် ၁၇၅ ဂရမ်ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၅

ဇန်နဝါရီ ၁၁ ရက်က မူးယစ်တပ်ဖွဲ့စု ၄၁ ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် မအူကုန်းရပ်ကွက် ၁၃၄ လမ်း၊ အမှတ် ၁၅ မြေညီထပ်နေ ဇော်ဝင်း(ခ) အစ္စမိုင်လ်၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းနှင့်အတူ ကျော်ဆွေနှင့် ကျော်မင်းအောင် (ခ) ဒါဝတ်တို့ကို တွေ့ရပြီး နေအိမ်အိပ်ခန်းရှိ မီးခံသေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၆၀၀၊ ခါးပတ်အိတ်ဖြင့်ထည့်လျက် အိုက်စ် ၁၇၅ ဂရမ်၊ ဘိန်းဖြူ ဆပ်ပြာခွက်ခြောက်ခွက်၊ ဘိန်းဖြူအလေးချိန် ၈၇ ဂရမ်၊ ဘိန်းဖြူ ဘလောက်တုံးတစ်တုံး အလေးချိန် ၃၅၀ ဂရမ်၊ ကျော်မင်းအောင် ဝတ်ဆင်ထားသော အင်္ကျီဝဲဘက် အိတ်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၂၅ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် ဇော်ဝင်း(ခ) အစ္စမိုင်လ် (၃၆နှစ်)၊ ကျော်ဆွေ (၅၆နှစ်) နှင့် ကျော်မင်းအောင် (ခ) ဒါဝတ် (၃၀နှစ်) တို့ သုံးဦးကို မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေး ယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လားရှိုးမြို့နယ်တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၅

ဇန်နဝါရီ ၁၃ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် မိုင်းတင်ကျေးရွာအလွန် လားရှိုး- မိုင်းယော်သွားကားလမ်းတွင် မိုင်းယော်ကျေးရွာဘက်မှ လားရှိုးမြို့ဘက်သို့ ဇော်ဆမ် မောင်းနှင်ပြီး အောင်ဆာ လိုက်ပါလာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်ထိုင်ခုံအောက်မှ ဘိန်းဖြူဆပ်ပြာခွက် လေးခွက်၊ ဘိန်းဖြူအလေးချိန် ၄၉ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ဇော်ဆမ် (၂၅နှစ်) နှင့် အောင်ဆာ (၂၀နှစ်) တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း-၂

တက္ကသိုလ် ဆရာတစ်ဦး

လွတ်လပ်တရားမျှတပြီး အများယုံကြည်လက်ခံသော ရွေးကောက်ပွဲတစ်ခုကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းသည် အဓိကကျသော လုပ်ငန်းတစ်ခုအဖြစ် ပါဝင်သည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သည့်မဲဆန္ဒရှင်စာရင်းရရှိရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်၍ အဆင့်လေးဆင့်ခွဲ၍ ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ အရှေ့ပိုင်းခရိုင်ရှိ ဗိုလ်တထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်၊ တောင်ပိုင်းခရိုင်ရှိဆိပ်ကြီးခနောင်တိုမြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိ ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့နယ်၊ လသာမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ လမ်းမတော်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ မြို့နယ်ပေါင်း ၁၀ မြို့နယ်၌ ၁၃-၁၁-၂၀၁၄ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

ဒုတိယအဆင့်အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေမှ ဥတ္တရခရိုင်ရှိ တပ်ကုန်း၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား- မြို့နယ်လေးမြို့နယ်နှင့် ဒက္ခိဏခရိုင်ရှိ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏ၊ လယ်ဝေးမြို့နယ် လေးမြို့နယ်တွင် ၈-၁၂-၂၀၁၄ ရက်နေ့မှစတင်ဆောင်ရွက်လျက်ရှိသည့်အလျောက် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရှိ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရမြို့နယ် ခုနစ်မြို့နယ်တွင် ၁၅-၁၂-၂၀၁၄ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့နည်းတူပင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်ရှိ ကလော၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ရပ်စောက်၊ တောင်ကြီး မြို့နယ်ငါးမြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ် သုံးမြို့နယ်နှင့်ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပင်းတယ၊ ရွာငံမြို့နယ် နှစ်မြို့နယ်တွင်လည်း ၂၂-၁၂-၂၀၁၄ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိသည်သာမက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ရှိ ပုသိမ်၊ ကံကြီးဒေါင့်၊ သာပေါင်း၊ ငပုတော၊ ကျောင်းကုန်း၊ ရေကြည်၊ ကျုံပျော်မြို့နယ် ခုနစ်မြို့နယ်တွင်လည်း ၂၉-၁၂-၂၀၁၄ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

တတိယအဆင့်အနေဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးများ၌လည်းကောင်း၊ ဖေဖော်ဝါရီလတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်၌လည်းကောင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး နောက်ဆုံး စတုတ္ထအဆင့်အနေဖြင့် ၂၀၁၅ ခုနှစ် ဧပြီလတွင် ရခိုင်ပြည်နယ်၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မှ ကျန်ရှိနေသေးသော မြို့နယ်များ၌လည်းကောင်း အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

ယခုမဲစာရင်းများ ပြုစုရာတွင် မဲဆန္ဒရှင် အမျိုးအစားလေးမျိုး တွေ့ရှိရပါသည်။ ပထမအမျိုးအစားမှာ လက်ရှိနေထိုင်သည့် မြို့နယ်တွင် အိမ်ထောင်စုစာရင်း(အိမ်ထောင်စုလူဦးရေစာရင်း-ပုံစံ ၆၆/၆ ဖြစ်ပါသည်။ အချို့က သန်းခေါင်စာရင်းဟု နှုတ်ကျိုးနေကြပါသည်။) ရှိသူများဖြစ်ကြပြီး ဒုတိယအမျိုးအစားမှာမူ အိမ်ထောင်စုစာရင်းရှိသော်လည်း ယင်းအိမ်ထောင်စုစာရင်းသည် လက်ရှိနေထိုင်သည့် မြို့နယ်မှ မဟုတ်ဘဲ ယခင်နေထိုင်ခဲ့သော မြို့နယ်မှ အိမ်ထောင်စုစာရင်းရှိသူများ ဖြစ်ပါသည်။ တတိယအမျိုးအစားမှာ မှတ်ပုံတင်(နိုင်ငံသားစိစစ်ရေးကတ်/အမျိုးသား မှတ်ပုံတင်ကတ်-သုံးခေါက်ချိုး/ဧည့်နိုင်ငံသားကတ်/ပြုနိုင်ငံသားကတ်/ယာယီသက်သေခံလက်မှတ် -White Card)ရှိသော်လည်း အိမ်ထောင်စုစာရင်းမရှိသူများ ဖြစ်ကြပြီး စတုတ္ထအမျိုးအစားမှာမူ မှတ်ပုံတင်ရော အိမ်ထောင်စုစာရင်းပါ မရှိသူများ ဖြစ်ကြပါသည်။

ပထမအမျိုးအစား မဲဆန္ဒရှင်များ၏ အိမ်ထောင်စုစာရင်းသည် လက်ရှိနေထိုင်သည့် မြို့နယ်မှ ဖြစ်သဖြင့် ၎င်းတို့၏ အိမ်ထောင်စုစာရင်းတွင် ပါဝင်သူများအနက် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများ (ရွေးကောက်ပွဲ ဥပဒေအရ မဲပေးပိုင်ခွင့် မရှိသူများမှအပ) ကို လက်ရှိနေထိုင်သည့် မြို့နယ်မဲစာရင်းတွင် ထည့်သွင်းပေးမည်ဖြစ်ပါသည်။ ယင်းအိမ်ထောင်စုဝင်များအနက် နိုင်ငံခြားသို့ ရောက်ရှိနေသူများရော ပြည်တွင်းရှိ အခြားဒေသတစ်ခုခုသို့ရောက်ရှိနေသူများ (ထိုဒေသများသို့ ရောက်ရှိနေသည်မှာ မည်မျှပင်ကြာသည်ဖြစ်စေ)ကိုပါ မဲစာရင်းတွင် ထည့်သွင်းပေးမည်ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံခြားသို့ ရောက်ရှိနေသူများအနက် ယင်းနိုင်ငံ၏ နိုင်ငံသား(Citizen) အဖြစ် ခံယူပြီးသူများကိုမူ မဲစာရင်းတွင် ထည့်သွင်းမည်မဟုတ်ပါ။ ၎င်းတို့သည် မြန်မာနိုင်ငံသား မဟုတ်တော့ခြင်းကြောင့် ဖြစ်ပါသည်။ (မှတ်ချက်- ယာယီအိမ်ထောင်စုစာရင်းသည် ခေတ္တလာရောက်နေထိုင်သူများအား ယာယီထုတ်ပေးထားသည့် ဧည့်စာရင်းပင်ဖြစ်သဖြင့် ၎င်းတို့အား မဲစာရင်းတွင် ထည့်သွင်းပေးမည်မဟုတ်ပါ။)

ဒုတိယအမျိုးအစား မဲဆန္ဒရှင်များသည် လက်ရှိနေထိုင်သည့် မြို့နယ်၌ အိမ်ထောင်စုစာရင်းမရှိခြင်းကြောင့် ၎င်းတို့၏ အမည်များကို မဲစာရင်းတွင် ထည့်သွင်းမည်မဟုတ်ပါ။ ၎င်းတို့၏ အမည်များသည် အိမ်ထောင်စုစာရင်းရှိသည့်မြို့နယ်မှ မဲစာရင်းတွင်သာ ပါဝင်မည်ဖြစ်ပါသည်။ ဥပမာ- အလုံမြို့နယ်တွင် ယခင်က ကြာမြင့်စွာ နေထိုင်ခဲ့သည့် အိမ်ထောင်စုတစ်စုသည် အလုံမြို့နယ်မှ ကမာရွတ်မြို့နယ်၊ ကမာရွတ်မြို့နယ်မှ မြောက်ဥက္ကလာပမြို့နယ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း အိမ်ထောင်စုစာရင်းကို မပြောင်းရွှေ့ဘဲထားလျှင် ၎င်းတို့၏အမည်များသည်ယခုလက်ရှိနေထိုင်သည့် မြောက်ဥက္ကလာပမြို့နယ် မဲစာရင်းတွင် ပါဝင်မည်မဟုတ်ဘဲ အိမ်ထောင်စုစာရင်းရှိသည့် အလုံမြို့နယ်မှ မဲစာရင်းတွင်သာ ပါဝင်မည်ဖြစ်ပါသည်။ ထိုသူများသည် အလုံမြို့နယ်ရှိ ယခင်မိမိနေထိုင်ခဲ့သော ရပ်ကွက်(ဥပမာ-ဆင်မင်းရပ်ကွက်)မှ မဲစာရင်းကြေညာသည့်အချိန်တွင် မဖြစ်မနေသွားရောက်ကြည့်ရှုရန် အရေးကြီးပါသည်။ ကိုယ်တိုင်မကြည့်ရှုနိုင်ပါကလည်း ဆွေမျိုးမိတ်သင်္ဂဟများမှတစ်ဆင့် စုံစမ်းသင့်ပါသည်။ မိမိတို့၏ အမည်မပါဝင်ပါက ပုံစံ (၃)ဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။ မိမိတို့၏အမည်သည် အလုံမြို့နယ် ဆင်မင်းရပ်ကွက်မှ မဲစာရင်းတွင်ပါရှိမှသာ မဲပေးပိုင်ခွင့်မဆုံးရှုံးမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပမည့်အကြောင်း ကြေညာသည့်အခါ ယခင်နေထိုင်ခဲ့သည့် အလုံမြို့နယ်၌ မဲပေးလိုက သွားရောက်၍ မဲပေးနိုင်သည်။ ဤသို့မဟုတ်ဘဲ လက်ရှိနေထိုင်လျက်ရှိသော မြောက်ဥက္ကလာပ၌ပင် မဲပေးလိုပါက ပုံစံ (၁-က) (ရက်ပေါင်း ၁၈၀ ကျော် ခေတ္တနေထိုင်သူများ အသုံးပြုသည့်ပုံစံ) ဖြင့် ရွေးကောက်ပွဲမကျင်းပမီ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ရပ်/ကျေးကော်ခွဲရုံးသို့ လျှောက်ထားပြီး မဲပေးနိုင်သည်။

ယခုဖော်ပြပါ ဒုတိယအမျိုးအစား မဲဆန္ဒရှင်များကို နေပြည်တော် ဇမ္ဗူသီရိမြို့ရှိဝန်ထမ်းအိမ်ရာများတွင် အများအပြား တွေ့ရှိရသည်။ ၎င်းတို့သည် တာဝန်အရ နေပြည်တော်သို့ ပြောင်းရွှေ့လာကြသော်လည်း အိမ်ထောင်စုစာရင်းကိုမူ နေပြည်တော်သို့မပြောင်းရွှေ့ဘဲထားကြသဖြင့် ၎င်းတို့အမည်များသည် ဇမ္ဗူသီရိမြို့နယ်မဲစာရင်းတွင် ပါဝင်မည်မဟုတ်ပါ။ (ဝန်ထမ်းအများစုနေထိုင်သည့် ဇမ္ဗူသီရိမြို့မှ ကံ့ကော်အိမ်ရာ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ သပြေနှင့် သဇင်အပျိုဆောင်၊ လူပျိုဆောင်များတွင်နမူနာကောက်ယူခဲ့ရာ နေထိုင်သူများ၏ ငါးရာခိုင်နှုန်းခန့်သာ ဇမ္ဗူသီရိမြို့နယ်တွင် အိမ်ထောင်စုစာရင်းရှိသူများဖြစ်သည်ကိုတွေ့ရှိရပါသည်။) ၎င်းတို့၏ အိမ်ထောင်စုစာရင်းရှိသည့်မြို့နယ်မှ ယခင်နေထိုင်ခဲ့သည့် ရပ်ကွက်မဲစာရင်းတွင်သာ ပါဝင်မည်ဖြစ်သည်။ ၎င်းတို့သည်လည်း ယခင်မိမိ၏ ရပ်ကွက်မှ မဲစာရင်းများ ကြေညာသည့်အချိန်တွင် မိမိတို့၏ အမည်မဲစာရင်းတွင် ပါ/မပါ မဖြစ်မနေ စုံစမ်းသင့်ပါသည်။ ရွေးကောက်ပွဲကျင်းပမည့်အကြောင်း ကြေညာသည့်အခါ ၎င်းတို့အနေဖြင့် လက်ရှိနေထိုင်လျက်ရှိသည့် နေပြည်တော်တွင် မဲပေးလိုပါက ပုံစံ(၁-က) ဖြင့်လျှောက်ထားပြီး မဲပေးနိုင်ပါသည်။ ရန်ကုန်သို့ပြန်၍မဲပေးမည်ဆိုပါကလည်း ပေးနိုင်ပါသည်။ မိမိတို့၏ဆန္ဒအတိုင်းသာ ဖြစ်ပါသည်။

တတိယအမျိုးအစား မဲဆန္ဒရှင်များသည် မှတ်ပုံတင်ရှိသော်လည်း အိမ်ထောင်စုစာရင်းမရှိသူများဖြစ်ပါသည်။ ၎င်းတို့၏ အမည်စာရင်းသည် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးရုံးရှိ လူဦးရေစာရင်းစာအုပ်တွင်ပါရှိပြီးဖြစ်သဖြင့် အသက် ၁၈ နှစ် ပြည့်သူများအား (ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့် မရှိသူများမှအပ) မဲစာရင်းတွင် ထည့်သွင်းပေးမည်ဖြစ်ပါသည်။

စတုတ္ထအမျိုးအစား မဲဆန္ဒရှင်များသည် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းနှစ်မျိုးစလုံးမရှိသူများ ဖြစ်ပါသည်။ မိမိတို့၏ ရပ်ကွက်/ကျေးရွာအုပ်စုတွင်မွေးဖွား /ကြီးပြင်းကာ တိုင်းရင်းသားမိဘနှစ်ပါး(ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ ၊ မွန်၊ ရခိုင်၊ ရှမ်း)မှမွေးဖွားသည့် တိုင်းရင်းသားဖြစ်ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ကြောင်း "ရပ်ကွက်/ကျေးရွာအုပ်စု အထောက်အကူပြုကော်မတီ"က ထောက်ခံသည့်သူများကို ရပ်/ကျေးကော်ခွဲက စိစစ်ပြီး မဲစာရင်းတွင် ထည့်သွင်းပေးမည်ဖြစ်ပါသည်။

မဲစာရင်းများပြုစုပြီးစီးသည့်အခါ မဲဆန္ဒရှင်များ သိရှိစေရေးအတွက် မဲစာရင်းများကိုမြို့နယ်များအလိုက် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် လူစည်ကားသည့်နေရာများတွင် ၁၄ ရက်တိုင်တိုင် ကပ်ထားကြေညာမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး တွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် စတင်ကြေညာမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဆက်လက်ကြေညာသွားမည်ဖြစ်ရာ ၂၀၁၅ ခုနှစ် ဇွန်လလယ်တွင် ပြီးစီးနိုင်ရန်လျာထားပါသည်။

၃-၁၁-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါရှိခဲ့သော **"အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း"** ဆောင်းပါးတွင် ဖော်ပြထားသည့်အတိုင်း မဲစာရင်းများ ကြေညာသည့်အခါတွင် မဲဆန္ဒရှင်များအနေဖြင့် သွားရောက်ကြည့်ရှုကြပြီး မိမိအမည်နှင့်မိမိ၏ မိသားစုဝင်တစ်ဦးဦး၏အမည် မဲစာရင်းတွင် မပါရှိပါက တောင်းဆိုလွှာပုံစံ-(၃)ဖြင့် ရပ်/ကျေးကော်ခွဲထံ တောင်းဆိုရန်ဖြစ်ပြီး မဲစာရင်းတွင်ဖော်ပြထားသော မိမိနှင့်မိမိ၏ မိသားစုဝင်များ၏ အမည်များနှင့် အချက်အလက်များကွဲလွဲနေပါက ပြင်ဆင်လွှာပုံစံ (၄-က)ဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။ ထို့အပြင် ကွယ်လွန်ပြီးဖြစ်သော မိမိ၏မိသားစုဝင်တစ်ဦးဦးမဲစာရင်းတွင် ပါရှိနေလျှင်သော်လည်းကောင်း၊ ရွေးကောက်ပွဲဥပဒေအရမဲပေးပိုင်ခွင့်မရှိသူများ ပါဝင်နေလျှင်သော်လည်းကောင်း၊ ကန့်ကွက်လွှာပုံစံ (၄) ဖြင့်ကန့်ကွက်ရန်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းများကို မဲစာရင်းများကပ်ထားကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အချိန်မီမဖြစ်မနေဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

မဲစာရင်းများ ကပ်ထားကြေညာသည့်အခါ မဲဆန္ဒရှင်များလာရောက်ကြည့်ရှုစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မီဒီယာများက လှုံ့ဆော်မည်ဖြစ်ပါသည်။ ယခုကဲ့သို့ လှုံ့ဆော်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များနှင့် မီဒီယာများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ မဲစာရင်းများ ကပ်ထားမကြေညာမီ အနည်းဆုံး နှစ်ပတ်စော၍ လှုံ့ဆော်မည်ဖြစ်ပါသည်။

> **"၂၀၁၅ ခုနှစ် ဇူလိုင်လ သို့မဟုတ် ဩဂုတ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြေညာပြီးသည့်အခါ၌ ဖော်ပြပါမဲစာရင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စု အသီးသီးတွင် (၇)ရက်တိုင်တိုင် ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။ ထိုအချိန်၌ ကြေညာခြင်းသည်မဲဆန္ဒရှင်များအတွက် နောက်ဆုံးအခွင့်အရေးဖြစ်သောကြောင့် မဲစာရင်းများကို မဖြစ်မနေသွားရောက်ကြည့်ရှုကြရန် အလွန်အရေးကြီး"**

မဲဆန္ဒရှင်များ၏ လျှောက်ထား/ကန့်ကွက်ချက်များကို စိစစ်၍ရပ်/ကျေးကော်ခွဲက ဖြည့်စွက်၊ ပြင်ဆင်၊ပယ်ဖျက်ပြီးဖြစ်သည့် မဲစာရင်းများကို မြို့နယ်များအလိုက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးချုပ်၌ရှိသော Server တွင် သိမ်းဆည်းထားရှိမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်ဇူလိုင်လ သို့မဟုတ် ဩဂုတ်လတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြေညာပြီးသည့်အခါ၌ ဖော်ပြပါမဲစာရင်းများကို ရပ်ကွက်/ကျေးရွာအုပ်စုအသီးသီးတွင်(၇) ရက်တိုင်တိုင် ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။ ထိုအချိန်၌ ကြေညာခြင်းသည် မဲဆန္ဒရှင်များအတွက် နောက်ဆုံးအခွင့်အရေးဖြစ်သောကြောင့် မဲစာရင်းများကို မဖြစ်မနေသွားရောက်ကြည့်ရှုကြရန် အလွန်အရေးကြီးပါသည်။ မိမိ၏ မဲဆန္ဒနယ်မှ ရပ်ဝေးသို့ရောက်ရှိနေသူများနှင့် နိုင်ငံခြားသို့ ရောက်ရှိနေသူများအတွက် Online မှလည်းကောင်း၊ လက်ကိုင်ဖုန်းများမှလည်းကောင်း၊ မဲစာရင်းတွင် မိမိတို့အမည် ပါ/မပါစုံစမ်းသိရှိနိုင်စေရေးအတွက် ရွေးကောက်ပွဲကော်မရှင်က ကြိုးပမ်းအကောင်အထည်ဖော်မည်ဖြစ်ပါသည်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ အစိုးရဌာနများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊မီဒီယာများ၊ စောင့်ကြည့်လေ့လာသူများ၊ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများ (Stakeholders)နှင့် မဲဆန္ဒရှင်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလဆန်းတွင် ကျင်းပမည့်အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတပြီး အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်နိုင်ပါမည်။ ။

တပ်ကုန်းမြို့နယ်၌ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးဆွေးနွေး

တပ်ကုန်း ဇန်နဝါရီ ၁၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် ဦးဖုန်းဇော်ဟန်၊ နေပြည်တော် ပညာရေးဌာနညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့နှင့် တပ်ကုန်းမြို့နယ်အတွင်းရှိ အထက(၁)၊ အထက(၂)၊ အထက(၉)၊ ရွှေမြို့ အထက၊ ဒဟတ်ကုန်းအထက(ခွဲ)၊ တောင်ပို့သာ အထက(ခွဲ)၊ ကပစ(၁)အထက၊ ရှားတောအထက(ခွဲ) ကျောင်းများမှ ကျောင်းအုပ်ဆရာကြီးများ၊ အထက်တန်းပြ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အောင်ဆန်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

(ဝ၂၁)

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများ အသုံးပြုရန် အားကစားပစ္စည်းများကို ဇန်နဝါရီ ၁၅ ရက်က ပေးအပ်လှူဒါန်းရာ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က လက်ခံယူစဉ်။

အိမ့်ထက်မှူး

ဝင်းစိန်တောရကျောင်းဆရာတော် သက်တော်(၉၄)နှစ်ပြည့် မွေးနေ့မင်္ဂလာပူဇော်ပွဲ

ဝင်းစိန်တောရဆရာတော်ကို ဓမ္မာရုံအတွင်း ပူဇော်မှုပြုနေကြသည့် ပရိသတ်များအား တွေ့ရစဉ်။

"မရှိမရှုပ် ရှိလျှင်ရှုပ်၏"ဟု မိန့်ကြားခဲ့သော ဆရာတော်ကြီး၏ ဩဝါဒစကားကို အာရုံပြုကာ ဝင်းစိန်တောရကျောင်းဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုရန် အများနည်းတူ ကြက်ပျံမကျစည်ကားလှသော လူအုပ်ကြီးထဲသို့ တိုးဝှေ့ဝင်သွားရသည်။

မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာ ဝင်းစိန်တောရကျောင်း၏ ဦးစီးပဓာန နာယကဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဝင်းစိန်ဆရာတော်ကြီး၏ သက်တော်(၉၄)နှစ်ပြည့် မွေးနေ့မင်္ဂလာပူဇော်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ဝင်းစိန်တောရကျောင်း ပရိဝုဏ်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဝင်းစိန်တောရ ဆရာတော်ကြီးသည် ဓုတင် ၁၃ ပါးတို့ကို ၁၀ နှစ်တိုင်တိုင်နေပူမိုးရွာမရှောင် ပြင်းပြင်းထန်ထန်ကျင့်ကြံအားထုတ်ခဲ့သည်ဟု သိရပြီး ဆရာတော်ကြီးသည် အထက်မြန်မာပြည် သရက်မြို့မှ အောက်မြန်မာပြည် တနင်္သာရီတိုင်းဒေသကြီးအထိ သုသာန်ပေါင်း ၁၃၃ ခုတို့၌ တစ်ကိုယ်တည်းခြေကျင်ခရီးဆန့်ကာ ကျင့်ကြံ အားထုတ်ခဲ့သည်ဟုလည်း သိရသည်။ ဆရာတော်ကြီးသည် တိစီဝရိတ်ဓုတင် (သင်္ကန်းသုံးထည်သာဆောင်သော)ကိုလည်း ကျင့်ကြံအားထုတ်နေဆဲဖြစ်သည်။

သာသနာပြု လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ အတောင် ၄၀၀ ပြည့် လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို တည်ထားကိုးကွယ်နိုင်ခဲ့ပြီး ၎င်းနှင့်မျက်နှာချင်းဆိုင်အရပ်တွင် အတောင် ၆၀၀ ပြည့် လျောင်းတော်မူ ရုပ်ပွားတော်မြတ်တစ်ဆူကို တည်ထားကိုးကွယ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ စေတီပုထိုး ရုပ်ပွားတော်များကို တည်ထားကိုးကွယ်ခဲ့သည့်အပြင် သာသနာပြုစခန်းပေါင်း မြောက်မြားစွာကိုလည်း ထူထောင် သာသနာပြုနိုင်ခဲ့သဖြင့် နိုင်ငံတော်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ ကိုလည်းကောင်း၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ကိုလည်းကောင်း ဆရာတော်ကြီးအား ဆက်ကပ်ခဲ့သည်။

မွေးနေ့မင်္ဂလာတွင် မိဘကျေးဇူးဆပ်ခြင်း မင်္ဂလာအဖြစ် အနယ်နယ်အရပ်ရပ်မှ အသက် ၇၅ နှစ်နှင့်အထက် အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ စီ၊ အသက် ၈၀ နှင့်အထက် အဘိုးအဘွားများအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီနှင့် အသက် ၉၀ နှင့်အထက် အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ လှူဒါန်းမှုတို့ကို ဇန်နဝါရီ ၁၃၊ ၁၄၊ ၁၅ သုံးရက်တွင် ပြုလုပ်ခဲ့သည်ဟု သိရသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည်ညိုကြသော ဧည့်ပရိသတ်တို့အား စတုဒိသာဒါန ကျွေးမွေးကုသိုလ်ယူသူများလည်း များပြားလျက်ရှိသည်။ စတုဒိသာအလှူဆိုင်ခန်းများမှာ ၂၀ ကျော်ခန့်ရှိပြီး ထမင်း၊ မုန့်ဟင်းခါး၊ ကြာဆံ ချက်၊ ဘူးသီးကြော်၊ လက်ဖက်ရည်နှင့် မုန့်၊ ရေခဲမုန့်၊ အအေးစသည်ဖြင့် စားသောက်ဖွယ်မျိုးစုံဖြင့် ဆရာတော်ကြီးမွေးနေ့ နံနက်ပိုင်းမှ ညနေပိုင်းအထိ ကျွေးမွေးလှူဒါန်းကြရာ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

မွေးနေ့မင်္ဂလာ ပူဇော်ပွဲအဖြစ် ဖိုးချစ်ဇာတ်အဖွဲ့၊ ဟိန်းဇာနည်ဇာတ်အဖွဲ့တို့အပြင် ရိုးရာလက်ဝှေ့ပွဲများကိုလည်း ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ ဖျော်ဖြေကြသည်။ ထို့အပြင် ကောင်းခန့်၊ ညီထွဋ်ခေါင်၊ ရွှေပိုးအိမ် စသည့်အနုပညာရှင်များလည်း ဆရာတော်ကြီး၏ မွေးနေ့ပူဇော်ပွဲသို့ လာရောက်ကြည်ညိုကြသည်ကို တွေ့ရသည်။

သတင်း-မြတ်မွန်ထွေး၊ ဝသန်ထွန်း
ဓာတ်ပုံ-အာကာမောင်

သပိတ်ကျင်းမြို့နယ်အတွင်း ဂျီအက်စ်အမ်တာဝါတိုင်များ စိုက်ထူထားသော်လည်း ဆက်သွယ်အသုံးမပြုနိုင်သေး

သပိတ်ကျင်း ဇန်နဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်၌ ဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးသဖြင့် ဆက်သွယ်ရေးအဆင်ပြေစေရန် ဒေသရှိပြည်သူများ မျှော်လင့် တောင့်တလျက်ရှိကြောင်း သိရသည်။ GSM ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူရေးလုပ်ငန်းကို ASIA MEGA LINK ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခွင့် ရရှိခဲ့ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ တာဝါတိုင်များ ဆောက်လုပ်ပြီးစီးခဲ့သော်လည်း စက်ပိုင်းဆိုင်ရာ တပ်ဆင်မှုကို ယနေ့အချိန်အထိ မပြုလုပ်နိုင်သေးသဖြင့် မြို့ကွက်သစ် ဌာနဆိုင်ရာရုံးများ တည်ရှိရာတွင် စိုက်ထူထားသည့် GSM တာဝါတိုင်ကြီးမှာ အသုံးပြု၍မရသည်မှာ ကြာမြင့်နေပြီဖြစ်သည်။ အခြားဒေသများ၌ ဆက်သွယ်ရေးကဏ္ဍ တိုးမြင့်ဆောင်ရွက်နေချိန်တွင် သပိတ်ကျင်းမြို့၌ တစ်တိုင်ထဲရှိသည့် GSM တာဝါတိုင်မှာ ယနေ့အချိန်အထိ အသုံးပြုခွင့်မရရှိသေးသဖြင့် ပြည်သူတို့၏ ဝေဖန်ပြောဆိုသံများ ကြားသိနေရသည်။

ဒေသခံပြည်သူတစ်ဦးကလည်း "ပြည်တွင်းပြည်ပက အော်ပရေတာတွေကို တိုးချဲ့လုပ်ကိုင်ခွင့်ပေးထားပေမယ့် အော်ရီဒူးနဲ့ တယ်လီနောဆက်သွယ်ရေး ကဏ္ဍတွေလည်း ကျွန်တော်တို့ဒေသမှာ မရောက်ရှိသေးပါဘူး။ မြို့ပေါ်မှာ အရင်က PCO အဆင့်ကနေ CDMA 450 နဲ့ CDMA 800 ကို ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းလောက်ကစပြီး အသုံးပြုနိုင်ခဲ့တယ်ဆိုပေမယ့် လျှပ်စစ်မီးပြတ်တောက်သွားရင် ဖုန်းလိုင်းပါ ပျက်သွားပါတယ်။ အခုနောက်ပိုင်းမှာ လျှပ်စစ်မီးမပျက်လည်း CDMA 800 လိုင်းက ရချင်တဲ့အချိန်မှာရပြီး လိုင်းရပြန်ရင်လည်း လိုင်းမကြည်တာနဲ့ စကားပြောရင်း လိုင်းခဏခဏ ပြတ်ကျနေလို့ PCO ကို အားကိုးနေရတယ်" ဟု ရှင်းပြခဲ့သည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

စမ်းရေခုံတံတား အသစ်တည်ဆောက်လျက်ရှိ

ပေါက် ဇန်နဝါရီ ၁၅

ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်သွား ကားလမ်းပေါ်ရှိ ပေါက်မြို့နယ် စမ်းရေခုံကျေးရွာအနီး ချောင်းအကူး ကုန်းမြင့်အတက်သည် အလွန်မတ်စောက်လှသဖြင့် ယာဉ်အမျိုးမျိုး ဒုက္ခရောက်ခဲ့ကြရာ ယခုအခါ နိုင်ငံတော်က စမ်းရေခုံတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးစီမံကိန်းကြီးအဖွဲ့(၃) အင်ဂျင်နီယာမှူးကြီး ဦးကျော်လင်း၊ A.E ဦးစောဇာနည်လှ၊ E.E ဒေါ်သစ်သစ်အောင်နှင့် အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး တံတားအရှည်ပေ ၁၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း နှစ်ပေခြောက်လက်မ၊ ရေလမ်းကင်းလွတ်အမြင့် နှစ်ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၅၃ ပေနှင့် ခန်းပွင့် ပေ ၆၀ နှစ်ခန်းဖြင့် တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတားဖြစ်သည်။

၎င်းတံတားကြီး မဆောက်လုပ်ခင် မိုးတွင်းကာလ၌ ချောင်းရေများကျပြီး ရွှံ့နွံများတင်ကျန်ခဲ့ရာ ချောင်းအကူး ကုန်းမြင့်အတက်တွင် ကားဘီးများချော်ပြီး မတက်နိုင်သဖြင့် ယာဉ်အမျိုးမျိုး နောက်ပြန်လျှောကျပြီး ချင်းတောင်ပေါ်ဒေသမှ ခရီးသွားများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ ဒုက္ခရောက်ခဲ့ကြသည်ဟု ခရီးသွားပြည်သူတစ်ဦးက ပြောကြားသည်။

ထိုတံတားကို မတ်လကုန် အပြီးတည်ဆောက်သွားမည်ဟု ခန့်မှန်းထားကြောင်း ဆောက်လုပ်ရေးအထူးစီမံကိန်းကြီးအဖွဲ့ (၃)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ဉာဏ်တိုး(iprd)

ပြည်တွင်းသတင်း

✻ ကျောဖုံးမှ

နှစ်နိုင်ငံလမ်းကြောင်း ရှာဖွေရေးအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်မှစတင်ပြီး အင်ဖာ-မိုရေးလမ်း၊ မိုရေး-တမူးလမ်း ၊ တမူး- ကလေးဝလမ်းများကိုစစ်ဆေးခဲ့ပြီး ဇန်နဝါရီ ၁၃ ရက်တွင် ကလေးဝ-ယာကြီး-မုံရွာလမ်း၊ မုံရွာ-မန္တလေးလမ်းများကို စစ်ဆေးခဲ့ကာ ဇန်နဝါရီ ၁၄ ရက်တွင် မုံရွာ-ပုလဲ-ဂန့်ဂေါ-ကလေးလမ်းပိုင်းများကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။

သျှင်နေမင်း

အမ်ပီတီ၏ ဆွေသဟာဝန်ဆောင်မှု အသုံးပြုသူ တစ်သန်းရှိပြီဟုဆို

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆက်သွယ်ရေးအော်ပရေတာ(အမ်ပီတီ)၏ ဝန်ဆောင်မှုအသစ်ဖြစ်သည့် ဆွေသဟာဝန်ဆောင်မှုအစီအစဉ်ကို ဇန်နဝါရီ ၁၂ ရက်က စတင်မိတ်ဆက်ခဲ့ပြီး သုံးရက်အတွင်း အဆိုပါဝန်ဆောင်မှု အသုံးပြုသူ တစ်သန်းရှိပြီဖြစ်ကြောင်း အမ်ပီတီမှ သိရသည်။

ပုဂ္ဂလိကဆက်သွယ်ရေးအော်ပရေတာနှစ်ခုဖြစ်သည့် တယ်လီနောနှင့် အော်ရီဒူးတို့က ဖုန်းပြောဆိုခ တစ်မိနစ်လျှင် ၂၅ ကျပ်ဖြင့် ဝန်ဆောင်မှုပေးချိန်တွင် အမ်ပီတီက တစ်မိနစ်လျှင် ၃၅ ကျပ် ကျသင့်မည်ဖြစ်၍ ဖုန်းအသုံးပြုသူများကြားတွင် ဝေဖန်မှုများရှိခဲ့သည်။

ဖုန်းပြောဆိုခ တစ်မိနစ်လျှင် ကျပ် ၅၀ မှ ၃၅ ကျပ်သို့ လျှော့ချခြင်း၊ သတင်းတိုပေးပို့မှုတစ်စောင်လျှင် ၁၅ ကျပ်နှုန်းကောက်ခံခြင်းနှင့် မြန်နှုန်းမြင့်အင်တာနက်အသုံးပြုခွင့်ရရှိခြင်းစသည့် ဝန်ဆောင်မှုနှုန်းထားအသစ်များပါဝင်သည့် ဆွေသဟာအစီအစဉ်ကို ဝေဖန်မှုများရှိနေသည့်ကြားမှပင် အသုံးပြုသူ တစ်သန်းကျော်ရှိကြောင်း အမ်ပီတီ၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

အမ်ပီတီ၏ ဆွေသဟာအစီအစဉ်တွင်ပါရှိသည့် ဝန်ဆောင်မှုဖြစ်သည့် လူတိုင်းတတ်နိုင်မည့် တန်ဖိုးနည်း ငွေဖြည့်ကတ်အစီအစဉ်များ၊ ဖုန်းကတ်အသစ်လဲရာတွင် လွယ်ကူပြီးအကုန်အကျနည်းပါးမှုနှင့် ယင်းအစီအစဉ်အသုံးပြုသူများ ထပ်ဆောင်းရရှိမည့် အခမဲ့ဝန်ဆောင်မှုများအပေါ်တွင် စိတ်ကျေနပ်မှုရှိကြကြောင်း အမ်ပီတီဖုန်းကတ်အသုံးပြုသူများက ဆိုကြသည်။

၂၀၁၄ ခုနှစ် ဇူလိုင်လကတည်းက ဂျပန်နိုင်ငံ၏ ထိပ်တန်းဆက်သွယ်ရေးအော်ပရေတာဖြစ်သည့် KDDI ၊Sumitomo တို့နှင့် အကျိုးတူပူးပေါင်းခဲ့ရာ အမ်ပီတီနှင့် မြန်မာ့ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

မိုးသူ

တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ တင်ဆောင်လာသောယာဉ် မောင်းနှင်ထွက်ပြေးမှု ရှာဖွေတားဆီးနိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၅

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် လှုပ်ရှားအဖွဲ့ မိုဘိုင်းတင်းမ်များ ဖွဲ့စည်းပြီး တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် လှုပ်ရှား(၂) မိုဘိုင်းတင်းမ်အဖွဲ့သည် ဝေါမြို့နယ် ညောင်ခါးရှည်တွင် သွင်းကုန်ယာဉ်များအား စစ်ဆေးဆောင်ရွက်နေစဉ် ဇန်နဝါရီ ၇ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်က မြဝတီမှမောင်းနှင်လာသည့် ယာဉ်အမှတ် 9H/----(Nissan UD) ခြောက်ဘီးယာဉ်မှာ Mobile Team အဖွဲ့အခြေပြု စစ်ဆေးသည့်နေရာသို့ သွင်းကုန် ဂျူတီယာဉ်အသွင်ဖြင့် ဝင်ရောက်ခဲ့သဖြင့် ယာဉ်စစ်ဆေးချက်မှတ်တမ်းကို တောင်းယူကြည့်ရှုနေစဉ် မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

၎င်းယာဉ်နှင့် ပတ်သက်သည့် ယာဉ်စစ်ဆေးချက်မှတ်တမ်းကို စိစစ်ရာ ယာဉ်ဖြတ်သန်းအသုံးပြုပြီးသော မှတ်တမ်းအဟောင်းဖြစ်နေကြောင်း တွေ့ရှိရသည့်အတွက် မိုဘိုင်းတင်းမ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ် တင်ဝ ဦးစီးသောအဖွဲ့ဖြင့် ဝေါတိုးဂိတ်၊ ဘုရားကြီးတိုးဂိတ်နှင့် ဝေါမြို့အတွင်း လိုက်လံရှာဖွေစုံစမ်းမှုပြုလုပ်ခဲ့ရာ ဇန်နဝါရီ ၈ ရက် နံနက် ၁ နာရီခွဲက ဝေါမြို့နယ် ဘုရားကြီးရွာအနီးရှိ ဝါးခနိုဆိုင်ရှေ့၌ ပုန်းခိုရပ်တန့်ထားသည်ကို ရှာဖွေတွေ့ရှိပြီး ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် နံနက် ၂ နာရီတွင် မိုဘိုင်းတင်းမ်အဖွဲ့ အခြေပြုစစ်ဆေးသည့် (ညောင်ခါးရှည်)သို့ အဆိုပါယာဉ်ကို ပြန်လည်မောင်းနှင်ယူဆောင်ခဲ့သည်။

ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီတွင် မိုဘိုင်းတင်းမ်အဖွဲ့စုံဖြင့် ယာဉ်ကို ဖွင့်ဖောက်စစ်ဆေးရာ တင်သွင်းခွင့်မပြုထားသည့် အဝတ်အစားဟောင်း (ဘေထုပ်)(1×200 ကီလို) ၄၉ ထုပ်နှင့် အကောက်ခွန်မဲ့ ဆိုလာပြား 150-Watt ၁၉၂ ခု၊ 115-Watt ၁၂ ခု စုစုပေါင်း ၂၀၄ ခုအား တရားမဝင်တင်သွင်းလာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများနှင့်တင်ဆောင်လာသည့် မော်တော်ယာဉ်အား လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်၍အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးရွာနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာမည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ(မူကြမ်း)သည် အမျိုးသမီးများ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ရန်ဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံရာတွင်ပြည်ထောင်စုတရားသူကြီးချုပ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် သုံးနှစ်တာ မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ထိုမဟာဗျူဟာစီမံကိန်းကို တရားမျှတမှု လက်လှမ်းမီရေး၊ လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရေး၊ တရားစီရင်ရေး၏လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရေး၊ တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့်ဂုဏ်သိက္ခာ မြှင့်တင်ပေးရေးနှင့် အမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရေး စသည့်မဟာဗျူဟာ နယ်ပယ်ငါးရပ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုမဟာဗျူဟာစီမံကိန်း၏ အကောင်အထည်ဖော် ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏တရားဥပဒေစိုးမိုးရေး ထိရောက်ပြီး ဘက်မလိုက်သော တရားစီရင်ရေးအတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်ကြောင်း၊ တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ(မူကြမ်း) နှင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)တို့သည် လွတ်လပ်စွာ ဘာသာကိုးကွယ်ခွင့်ကို မထိခိုက်ပါကြောင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်ကို သေချာစွာလေ့လာပါက သိရှိနိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့်ဆိုင်ရာ ဆောင်ရွက်မှုများ၊ လွတ်လပ်စွာ တရားစီရင်ရေးအတွက် ဆောင်ရွက်မှုများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲတပ်ဖွဲ့အချုပ်စခန်းများအား ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်နှင့် ခရိုင်တရားရုံး တရားသူကြီးများမှ သွားရောက်စစ်ဆေးခြင်း အပါအဝင် တရားစီရင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးသာဋေး၊ ဦးစိုးညွန့်၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်ငန်းစဉ်များအား ပြည်သူများသိရှိနိုင်ရေးဆွေးနွေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၁၅

မြောင်းမြမြို့နယ် သမင်ခြံကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ဇန်နဝါရီ ၁၁ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဝန်ထမ်းများက ဒေသခံရွာသူ ရွာသားများအား မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်ထုတ်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ကြည့်ရှုအားပေးသည်။

ပြည်ထောင်စု ဝန်ကြီးက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာရရှိနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း မိုးပွင့်စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြုလုပ်ရန် ကျန်ရှိနေသူများအတွက် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လတာကာလအတွင်း မိုးပွင့်(အထူး)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မပြုလုပ်ရသေးသူပြည်သူများအနေဖြင့် သက်ဆိုင်ရာ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများထံ အသိပေးအကြောင်းကြားကြရန်နှင့်ဌာနမှပေးပို့လာသော ရွှေ့ပြောင်းလျှောက်လွှာပုံစံများတွင် ကိုယ်ရေးအချက်အလက်များပြည့်စုံစွာ ဖြည့်သွင်းရေးသားကြရန်လိုကြောင်း၊ ယင်းရွှေ့ပြောင်းလျှောက်လွှာများအရ ဆောင်ရွက်ပေးမည့် နေ့ရက်နှင့် နေရာများတွင် ဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် အိမ်ထောင်စုလူဦးရေစာရင်းရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အိမ်ထောင်စုလူဦးရေစာရင်းသည် အဓိကအရေးကြီးပါကြောင်း၊ အိမ်ထောင်စု လူဦးရေစာရင်းမရှိသူများအတွက် သတ်မှတ်ချက်များနှင့်အညီ ပြည့်စုံစွာ လျှောက်ထားဆောင်ရွက်ကြရန်လိုပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်သည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်သည့် အထောက်အထားတစ်ခုဖြစ်သည့်အပြင် နိုင်ငံတော်လုံခြုံရေးနှင့်အမျိုးသားအကျိုးစီးပွားတို့နှင့်လည်း ဆက်စပ်လျက်ရှိကြောင်း၊ ယခုလိုစီမံချက်ဆောင်ရွက်ရာတွင် ပြည်သူများက ပူးပေါင်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်မှုလုပ်ငန်းစဉ်များအား ပတ်ဝန်းကျင်ရှိ ပြည်သူများထံ လက်ဆင့်ကမ်းမျှဝေရှင်းပြရန်လည်း တိုက်တွန်းလိုပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းအခက်အခဲများ၊ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပြီး ဌာနဝန်ထမ်းများက ဒေသခံရွာသူ ရွာသားများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးနိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဖြည့်ဆည်း

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့ရှိ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန မြောင်းမြခရိုင်ဦးစီးဌာနမှူးရုံးအဆောက်အအုံသို့ သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများက ဒေသခံအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် စက်ချုပ်သင်တန်းဖွင့်လှစ်နိုင်ရေး လိုအပ်သည်များကြိုတင်ပြင်ဆင်ထားရှိရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

◆ *ကျော့ဖုံးမှ*

အွန်လိုင်းမှ လျှောက်ထားမည့် အီးဗီဇာအတွက် အမေရိကန်ဒေါ်လာ ၅၀ ပေးဆောင်ရမည်ဖြစ်ပြီး အီးဗီဇာလျှောက်ထားမှုကို ငါးရက်အတွင်း ပြန်ကြားပေးမည်ဖြစ်သည်။ အီးဗီဇာဖြင့် ပြည်ဝင်ခွင့်၊ လည်ပတ်ခွင့်ရရှိပါက မြန်မာနိုင်ငံတွင် ၂၈ ရက်ကြာ နေထိုင်လှည့်လည်လေ့လာခွင့် ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် ရောက်ရှိမှုကို ၂၀၁၅ ခုနှစ်၌ ခရီးသွားငါးသန်းခန့် ရောက်ရှိရန် မျှော်မှန်းထားရာ ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်ရာတွင် ဗီဇာရယူရေး လျင်မြန်ချောမွေ့စေရန် အီးဗီဇာစနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အီးဗီဇာစနစ်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး နိုင်ငံပေါင်း ၄၃ နိုင်ငံက အီးဗီဇာကို လျှောက်ထားနိုင်ခွင့်ပြုခဲ့သည်။ ဆက်လက်ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂ ရက်၌ ၂၄ နိုင်ငံကို ထပ်မံ၍ အီးဗီဇာ လျှောက်ထားခွင့်ပြုခဲ့သည်။ ထပ်မံပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က တစ်နိုင်ငံခွင့်ပြုခဲ့ရာ ယခုနိုင်ငံပေါင်း ၇၂ နိုင်ငံအပါအဝင် အီးဗီဇာဖြင့် လာရောက်နိုင်သည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ အထိ ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းဗီဇာ၊ ပြည်ဝင်ဗီဇာနှင့် ဖြတ်သန်းဗီဇာများ ခွင့်ပြုထားရာ လုပ်ငန်းဗီဇာအတွက် ဗီဇာကြေး အမေရိကန်ဒေါ်လာ ၅၀ ပေးသွင်းရမည်ဖြစ်ပြီး ရက်ပေါင်း ၇၀ ကြာ နေထိုင်ခွင့်ရရှိမည်ဖြစ်သည်။ ပြည်ဝင်ခွင့်ဗီဇာအတွက် အမေရိကန်ဒေါ်လာ ၄၀ ပေးသွင်းရမည်ဖြစ်ပြီး ၂၈ ရက် နေထိုင်ခွင့်ရရှိမည်ဖြစ်သည်။ ဖြတ်သန်းဗီဇာအတွက် အမေရိကန်ဒေါ်လာ ၂၀ ပေးသွင်းရမည်ဖြစ်ပြီး ၂၄ နာရီကြာ ခွင့်ပြုထားသည်။

ထို့အပြင် မြန်မာနိုင်ငံနှင့် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ပြုသော နိုင်ငံပေါင်း ၁၇ နိုင်ငံရှိနေပြီး ယင်းဗီဇာကင်းလွတ်ခွင့်ရရှိသူများမှာ အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများ၊ သံတမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများဖြစ်သည်။

အထူး နိုင်ငံကူးလက်မှတ်နှင့် သံတမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအနက် ရုရှား၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် တောင်ကိုရီးယားနိုင်ငံသားများသည် ရက်ပေါင်း ၉၀ နေထိုင်ခွင့်ရရှိပြီး ကျန်နိုင်ငံများဖြစ်သည့် တရုတ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ လာအို စသည့် နိုင်ငံသားများမှာ ရက်ပေါင်း ၃၀ နေထိုင်ခွင့်ရရှိကြသည်။

သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအနက် ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအို၊ ဘရူနိုင်း၊ အင်ဒိုနီးရှား နိုင်ငံသားများသည် ဗီဇာကင်းလွတ် ၁၄ ရက် နေထိုင်ခွင့်ရရှိကြလျက်ရှိသည်။ **(မြန်မာ့အလင်း)**

■ *ကျော့ဖုံးမှ*

ရာသီအလိုက် ကာကွယ်ထားသည့် တိရစ္ဆာန်များဖြစ်သည်။ ဥပဒေအရ အဆိုပါ အဆင့်သုံးဆင့်ဖြင့် ကာကွယ်ထားသည့် အပင်များနှင့်တိရစ္ဆာန်များကို ပစ်ခတ်ခြင်း၊ ဖမ်းယူခြင်း၊ သယ်ဆောင်ခြင်း၊ ထုတ်ယူသုံးစွဲခြင်းများ ပြုလုပ်ပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

"လုံးဝ ကာကွယ်ထားတဲ့ တိရစ္ဆာန်တွေကတော့ ခုနကပြောတဲ့ မြန်မာ့မျိုးရင်းသတ္တဝါတွေရှိတယ်၊ နောက်ဆင်၊ အာရှဆင်၊ ကျား၊ ကြံ့၊ ကြံ့သူတော်၊ ပြောင်၊ တောခွေး၊ တောင်ငုံးရင်မဲ၊ ဒေါင်းစိမ်း၊ မြန်မာ့နှာခေါင်းလန်မျောက် စတဲ့သတ္တဝါတွေကလည်းရှားပါးလာတဲ့အတွက် လုံးဝကာကွယ်တဲ့တိရစ္ဆာန်စာရင်းထဲမှာ ထည့်ထားပါတယ်။ သာမန်ကာကွယ်တဲ့တိရစ္ဆာန်ဆိုတာကတော့ အရေအတွက်အားဖြင့် မျိုးမပျောက်နိုင်သေးဘူး၊ အရေအတွက်အနေနဲ့ ရှိသေးတယ်၊ ပေါနေသေးတယ်၊ ဒါပေမယ့် ရေရှည်မှာ တရားမဝင် သတ်ဖြတ်တာတို့ လုပ်လာရင် မျိုးသုဉ်းသွားမယ့်အခြေအနေတွေ ဖြစ်လာတဲ့အတွက် သာမန်ကာကွယ်ထားတဲ့တိရစ္ဆာန်စာရင်းထဲထည့်ထားပါတယ်။ ရာသီအလိုက် ကာကွယ်ထားတဲ့အခါမှာတော့ ပေါနေလို့ ဝါသနာအရ တောလိုက်တဲ့သူတွေကို သဘာဝအရ ပေါနေတဲ့သတ္တဝါတွေကို သူတို့ရဲ့မျိုးဆက် ပြန့်ပွားမှု မထိခိုက်အောင်၊ မိတ်လိုက်ရာသီ၊ သားပေါက်ရာသီတွေကို ရှောင်ပြီးတော့ ကျန်တဲ့အချိန်ကို လိုက်လို့ရတယ်။ ချေတို့ ငှက်တို့ဆိုရင် မရှားတဲ့အတွက် ရာသီအလိုက်ကာကွယ်တဲ့ တိရစ္ဆာန်စာရင်းထဲမှာ ထည့်ထားပါတယ်။ ကာကွယ်တဲ့နေရာမှာလည်း နယ်မြေပေါ်မူတည်ပြီး ကာကွယ်ထားပါတယ်။ သူတို့တွေနေတဲ့ ဂေဟစနစ်တွေပေါ် လိုက်ပြီးတော့လည်း နယ်မြေ ကာကွယ်မှုတွေ လုပ်ပေးပါတယ်၊ အဲဒီလိုကာကွယ်မှုတွေ လုပ်တဲ့အခါမှာ နည်းပညာအားနည်းမှုကြောင့် ခေတ်မီနည်းစနစ်နဲ့ ထိန်းသိမ်းနိုင်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အကူအညီရယူရတာတွေလည်း ရှိပါတယ်" ဟု ဦးဝင်းနိုင်သော်က ဆက်လက်ပြောကြားသည်။

သဘာဝအခြေအနေ၊ ဂေဟစနစ်နှင့် ကျက်စားသည့် တောအခြေအနေကောင်းပြီး မျိုးဆက်များ ဆက်လက်ရှင်သန်ပေါက်ဖွားလာနိုင်သည့် နယ်မြေများကို သဘာဝနယ်မြေအဖြစ် ထိန်းသိမ်းထားလျက်ရှိသည်။ သဘာဝနယ်မြေများနှင့် မျိုးသုဉ်းလုနီးပါးဇီဝမျိုးစိတ်များကို ထိန်းသိမ်းရာတွင် ပြည်ပအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများချုပ်ဆိုပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါထိန်းသိမ်းထားသည့် နယ်မြေများအတွင်း တစ်စုံတစ်ရာထုတ်လုပ်အသုံးချမှု၊ ဝင်ရောက်အခြေချနေထိုင်မှုများ ပြုလုပ်ပါကလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြစ်မှုကျူးလွန်သူတွေကို ပုဒ်မသုံးခုနဲ့ ထိထိရောက်ရောက်အရေးယူဆောင်ရွက်နေပါတယ်။ အဲဒီအထဲမှာ အမဲလိုက်ခြင်းလည်း ပါပါတယ်။ အမဲလိုက်ခြင်းဆိုရာမှာ သတ္တဝါတွေကို ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ဆောင်ခြင်းနှင့် ပြောင်းရွှေ့ခြင်းတွေ ပြုလုပ်ရင်လည်း အမဲလိုက်ခြင်းသက်ရောက်ပါတယ်။ အရင်က တရားဝင်အမဲလိုက်ခြင်းတွေ ပြုလုပ်ချင်ရင်တော့ သစ်တောဌာနမှာ အမဲလိုက်လိုင်စင်လျှောက်လို့ရပါတယ်၊ အခုတော့ အဲလိုမျိုးတွေ မရှိတော့ပါဘူး၊ ဘာလို့လဲဆိုတော့ တိရစ္ဆာန်တွေကို ညှဉ်းပန်းနှိပ်စက်မှုတွေ မလုပ်စေချင်တဲ့အတွက်ပါ။ ခြွင်းချက်အနေနဲ့ မိရိုးဖလာ အမဲလိုက်နေတာတွေတော့ရှိပါတယ်၊ သူတို့အနေနဲ့ကလည်းလုံးဝကာကွယ်ထားတဲ့ တိရစ္ဆာန်တွေကို သတ်ဖြတ်တယ်ဆိုရင်တော့ ဥပဒေအရ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

လုံးဝကာကွယ် ထားသည့် တိရစ္ဆာန်များနှင့် သာမန်ကာကွယ်ထားသည့် တိရစ္ဆာန်များကို ပစ်ခတ်မည်ဆိုပါက ထောင်ဒဏ် ငါးနှစ်မှ ခုနစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သည်ဟု သိရသည်။အမဲလိုက်ခြင်းဥပဒေကို ကျူးလွန်ပါကလည်း ထောင်ဒဏ်ခုနစ်နှစ်ချမှတ်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ဖမ်းဆီးရမိမှုများနှင့် တောဆင်ရိုင်းသေဆုံးသတ်ဖြတ်ခံရမှုများမှာ စုစုပေါင်း ၆၂ မှု ဖမ်းဆီးရမိခဲ့သည်ဟု သိရသည်။



တောင်းသွားလာနေသည့် ဝက်ဝံတစ်ကောင်ကို တွေ့ရစဉ်။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာခိုင်မြဲ ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပညာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ခ)	ဒေါက်တာမျိုးသိမ်းကြီး ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပညာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးကျော်မင်းဦး ဒုတိယညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့်ဆည် မြောင်းဝန်ကြီးဌာန
(ခ)	ဦးညွန့်အောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
(ဂ)	ဒေါက်တာဒေါ်ခင်နိုင်ဦး ဒုတိယပါမောက္ခချုပ် ရန်ကုန်စီးပွားရေး တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်စီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဃ)	ဒေါက်တာကျော်ကျော်ခေါင် ဒုတိယပါမောက္ခချုပ် ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(င)	ဒေါက်တာဒေါ်စီစီလှဘူး ဒုတိယပါမောက္ခချုပ် မြိတ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မြိတ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(စ)	ဒေါက်တာစောပြုံးနိုင် ဒုတိယပါမောက္ခချုပ် စစ်ကိုင်းပညာရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် စစ်ကိုင်းပညာရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဆ)	ဒေါက်တာကိုကိုကျော်စိုး ဒုတိယပါမောက္ခချုပ် မိတ္ထီလာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မိတ္ထီလာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဇ)	ဒေါက်တာသန်းဝင်း ဒုတိယပါမောက္ခချုပ် ကလေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ကလေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဈ)	ဒေါက်တာအောင်ဝင်းကြည် ဒုတိယပါမောက္ခချုပ် လှိုင်ကော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် လှိုင်ကော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ည)	ဒေါက်တာကြည်ရွှင် ဒုတိယပါမောက္ခချုပ် ဇန်းမော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဇန်းမော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဋ)	ဒေါက်တာဇော်မြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာစာအဖွဲ့ဦးစီးဌာန ပညာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မြန်မာစာအဖွဲ့ဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ဌ)	ပါမောက္ခဒေါက်တာအေးထွန်း ပါမောက္ခ/ဌာနမှူး ဆေးပညာဌာန ဆေးတက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ဍ)	ပါမောက္ခဒေါက်တာဇော်ဝေစိုး ပါမောက္ခ/ဌာနမှူး အရေးပေါ်ကုသမှု ဆေးပညာဌာန ဆေးတက္ကသိုလ်(၁) ရန်ကုန် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(၂)ရန်ကုန် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ဎ)	ဦးယဉ်ဇော်မျိုး အထွေထွေမန်နေဂျာ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဘဏ္ဍာရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်း ရောင်းဝယ်ရေးဘဏ် ဘဏ္ဍာရေးဝန်ကြီးဌာန
(ဏ)	ဦးထွန်းသန်း ဒုတိယညွှန်ကြားရေးမှူးချုပ် လူမှုဖူလုံရေးအဖွဲ့ အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် လူမှုဖူလုံရေးအဖွဲ့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
(တ)	ဦးမျိုးတင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (လေ့ကျင့်/သုတေသန) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
(ထ)	ဒေါ်အေးအေးကြည်သက် ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေးရာ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး

မြန်မာ-ဂျပန် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ၊ Japan Bank for International Cooperation (JBIC)တို့အကြား Project Promoting Vehicle (PPV)အတွက် Joint Venture Agreement လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ Hilton Hotel ၌ ယနေ့ညနေ ၆ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ၊ Japan Bank for International Cooperation (JBIC) တို့အကြား Project Promoting Vehicle (PPV) အတွက် Joint Venture Agreement ကိုအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားရေး ဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်နှင့် Japan Bank for International Cooperation (JBIC)၊ Mr. Shinya Miyazaki, Chief Representative in Representative Office in Bangkok, JBIC တို့က လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။ **(အပေါ်ပုံ)**

Project Promoting Vehicle (PPV) ကို တည်ထောင်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် JBIC တို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံတွင် တည်ထောင်ထားပြီးဖြစ်သည့် ဂျပန်ကုမ္ပဏီများ အပါအဝင် နိုင်ငံခြားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးကို ကူညီပံ့ပိုးပေးရာတွင် အထောက်အကူ ရရှိစေမည်ဖြစ်သည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာကံဇော်၊ ဦးဝင်းရှိန်၊ ဦးကျော်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ Japan Bank for International Cooperation မှ Mr.Tadashi Maeda Representative Director of Board of Director၊ Mr. Shinya Miyazaki, Chief Representative in Representative Office in Bangkok, နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

❊ *ကျော့ဖုံးမှ*

နှစ်သင်းစလုံး အဖွင့်ပွဲတွင် နိုင်ပွဲပျောက်ခဲ့သည်။ အသစ်ခေါ်ယူထားသည့် ကစားသမားများ အံမဝင်ခြင်းနှင့်အတူ ပုံစံကောင်း ပြသနိုင်ခြင်းမရှိသေးပေ။ ဇေယျာရွှေမြေအသင်းအနေဖြင့် ၂၀၁၄ ရာသီနောက်ပိုင်း ပွဲစဉ်များတွင် အိမ်ကွင်း ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယခုမှသာ ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်သည်။ အသင်းကြီး နှစ်သင်း ပထမဆုံး နိုင်ပွဲရရှိရေး ကြိုးပမ်းကြမည်ဖြစ်သောကြောင့် အကြိတ်အနယ် ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။

နေပြည်တော်- ရတနာပုံ

လက်ရှိချန်ပီယံ ရတနာပုံအတွက် ယုံကြည်မှုပြန်လည်တည်ဆောက်ရမည့် ပွဲဖြစ်သည်။ ချာရတီဖလားပြိုင်ပွဲအပါအဝင် ရာသီအစ နှစ်ပွဲဆက်တိုက်နိုင်ပွဲပျောက်ထားသောကြောင့် မဖြစ်မနေ နိုင်ပွဲရှာရမည့်ပွဲဖြစ်သည်။ ရာသီအစတွင် ကစားသမားသစ်များစွာ ခေါ်ယူခဲ့ခြင်းက ရတနာပုံအသင်း ပုံစံကောင်းရရန် ရှန်းကန်နေရသည်ဟု ဆိုနိုင်ပြီး ကစားသမားများ အံဝင်ရန် အချိန်လိုနေပေသည်။ နေပြည်တော်အသင်းမှာ နိုင်ငံခြားသားများ၏ အတွေ့အကြုံကို အခြေခံပြီး လူငယ်ကစားသမားများ၏ ကစားအားနှင့် အဓိကယှဉ်ပြိုင်နေရခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရာသီက နေပြည်တော်အသင်း အိမ်ကွင်း၌ သရေကျခဲ့သော်လည်း ယခုနှစ်တွင် ရှုန်းကန်ရဖွယ်ရှိနေသည်။

ရန်ကုန်-ဟံသာဝတီ

အဖွင့်ပွဲတွင် ဂိုးဒါဇင်ဝက်သွင်းခဲ့သည့် ရန်ကုန်အသင်းကို အားလုံးက စောင့်ကြည့်နေကြသည်။ တန်းတက်နှစ်သင်းနှင့် ဆက်တိုက်ကစားရသည့်အပြင် အိမ်ကွင်း၌ ကစားရမည်ဖြစ်သောကြောင့် ရန်ကုန် အားသာနိုင်ပေသည်။ ဟံသာဝတီအသင်းကလည်း MNL အတွေ့အကြုံရှိသည့် အသင်းဖြစ်သောကြောင့် အမှတ်ရရန် အားထည့်ကစားလိမ့်မည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ခြင်းဆွေးနွေး

လဲချား ဇန်နဝါရီ ၁၅

အပြည်ပြည်ဆိုင်ရာ လူထုကျန်းမာရေးဝန်ဆောင်မှုအဖွဲ့ (PSI) သည် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးဆွေးနွေးပွဲနှင့် ရေသန့်ဆေးရည် (P&G ရေသန့်ဆေးထုပ်) အသုံးပြုနည်း သရုပ်ပြရှင်းလင်းခြင်းကို လဲချားမြို့ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် PSI အဖွဲ့မှ မြို့နယ်အဆင့်တာဝန်ရှိသူ ဦးစိုင်းသန့်စင်ထူးက ငှက်ဖျားရောဂါ၊ အဆုတ်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ခြင်းလုပ်ငန်းများနှင့် သားဆက်ခြားခြင်းအတွက် ပြည်သူကိုအသိပညာပေး ဆွေးနွေးခဲ့သည်။

မေ (iprd)

ပုသိမ်မြို့၌ မီးလောင်မှုနှစ်ကြိမ်ဖြစ်ပွား

ပုသိမ် ဇန်နဝါရီ ၁၅

ပုသိမ်မြို့ အမှတ်(၃)နယ်မြေ အရှေ့ကိုးသိန်းရပ် လယ်ကွင်းနေ ဦးဝင်းတင်၏ နေအိမ်တွင် ဇန်နဝါရီ ၁၄ ရက် ညနေ ၆ နာရီ မိနစ် ၅၀ က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပုသိမ်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ မီးသတ်ယာဉ်နှစ်စီး၊ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ ကွပ်ကဲရေးယာဉ်တစ်စီးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်နိုင်မှုကြောင့် ည ၇ နာရီ၌ မီးငြိမ်းသွားသည်။

အဆိုပါ မီးလောင်မှုကို စစ်ဆေးရာ၌ အိမ်ရှင် ဦးဝင်းတင်သည် နေအိမ်ခြေရင်းဘက် ထရံဘေးတွင် ဖယောင်းတိုင်မီးထွန်းထားခဲ့ပြီး ရပ်ကွက်ထဲ အလည်ထွက်သွားနေခိုက် ဖယောင်းတိုင်လဲကျပြီး နေအိမ်ထရံကိုကူးစက်၍ (၁၀×၁၀) ပေ ပတ်လည် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် မီးပေါ့ဆသူ အိမ်ရှင် ဦးဝင်းတင်ကို ပုသိမ်မြို့မရဲစခန်းက အရေးယူထားရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုမတိုင်မီ ညနေ ၅ နာရီခန့်ကလည်း ပုသိမ်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် လေးမိုင်အကွာ အမှတ်(၁)နယ်မြေ မီးသတ်စခန်းနှင့် တစ်မိုင်အကွာ၊ အမှတ်(၁)ရပ်ကွက် ငဝန်ကျွန်းသာ နယ်မြေ မီးသတ်စခန်းနှင့် လေးဖာလုံခန့်အကွာ ငဝန်ကျွန်းသာနှစ်ထောင်တန် (၁)လမ်းနေ ဦးသူရဇော်၏ နေအိမ်၌လည်း မီးလောင်မှုဖြစ်ပွားခဲ့ရာ ပုသိမ်မြို့နယ် မီးသတ်ဌာနမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ငဝန်ကျွန်းသာနယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ကိုသူရဇော်၏ (၁၀×၁၀) ပေ ခနိမ်းပျဉ်ခင်း နေအိမ်တစ်လုံးသာ မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ စစ်ဆေးရာ၌ အိမ်ရှင် ဦးသူရဇော်၏ သား မောင်ရှင်မင်းထက် သုံးနှစ်သားလေးသည် နေအိမ်ရှိ ဂက်စ်မီးခြစ်ဖြင့် စက္ကူစကို မီးညှိရာက နေအိမ် မီးကူးစက်လောင်ကျွမ်းခြင်း ဖြစ်သည်။ ထို့ကြောင့် အိမ်ရှင် ဦးသူရဇော်ကို ပုသိမ်မြို့မ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ပုသိမ်-လှကြည်

ပြည်တွင်းသတင်း

တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သော တုပ်ကွေးရောဂါများ ထောက်လှမ်းခြင်း၊ ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၅

နေပြည်တော်ရှိ Kempinski Hotel ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) တို့ ပူးပေါင်းဆောင်ရွက်သည့် တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သော တုပ်ကွေးရောဂါများထောက်လှမ်းခြင်း၊ ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပွဲတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် တက်ရောက်အမှာစကားပြောကြားရာ၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများသည် ကမ္ဘာ့ကျန်းမာရေး၏ အဓိကအချက်တစ်ခုပင်ဖြစ်ကြောင်း၊ တိရစ္ဆာန်ရောဂါဖြစ်ပွားမှုနှင့် ကူးစက်နိုင်မှုအခြေအနေများကို ထောက်လှမ်းခြင်း၊ ရှာဖွေခြင်းနှင့် တိုက်ဖျက်ခြင်းလုပ်ငန်းများအားဝိုင်းဝန်း၍ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မွေးမြူရေးကဏ္ဍမှ ဆက်စပ်ဌာနအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ကြက်ငှက်တုပ်ကွေးရောဂါအခြေအနေများကို နိုင်ငံအဆင့်၊ ဒေသအဆင့်၊ ကမ္ဘာ့အဆင့်ထိ ဆွေးနွေးခြင်း၊ စီမံကိန်းရေးဆွဲအတည်ပြုခြင်း၊ လုပ်ငန်းတာဝန်သတ်မှတ်ခြင်းစသည့်လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြင့် အနာဂတ်လုပ်ငန်းများအတွက် မဟာဗျူဟာကျသောစီမံကိန်းများချမှတ်နိုင်ပြီး နိုင်ငံနှင့်ဒေသအတွင်း ပိုမိုကျန်းမာကြွယ်ဝသည့်အခြေအနေသို့ တက်လှမ်းနိုင်မည့်ရလဒ်ကောင်းများပေါ် ထွက်လာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ဒေသရုံး (FAO Regional) မှ ဒေသဆိုင်ရာမန်နေဂျာ Dr. Wantannee Kalpravidh က တိရစ္ဆာန်ရောဂါဖြစ်ပွားမှုနှင့် ထိန်းချုပ်ကာကွယ်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ဒေသတွင်းနိုင်ငံများ၌ ရောဂါဖြစ်ပွားမှုအခြေအနေ၊ ဇာစ်မြစ်၊ ရောဂါဖြစ်ပွားရာဒေသများ၏ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပျံ့နှံ့သိရှိနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ WHO မှ ကိုယ်စားလှယ် Dr. Erwin Cooreman က တိရစ္ဆာန်မှလူသို့ လျင်မြန်စွာကူးစက်ပြန့်ပွားလျက်ရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါ၏ ကမ္ဘာ့ကျန်းမာရေးအဆင့်အရေးကြီးမှုအခြေအနေများနှင့် FAO, OIE စသည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကျန်းမာရေးဦးစီးဌာနတို့မှ ပညာရှင်များ၊ FAO ဌာနချုပ်မှ ပညာရှင်များ၊ ပြည်သူ့ကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်သောအဖွဲ့အစည်းများမှပုဂ္ဂိုလ်များသည် တိရစ္ဆာန်မှလူသို့ကူးစက်တတ်သော တုပ်ကွေးရောဂါများထောက်လှမ်းခြင်း၊ ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် အလားအလာ ပူးပေါင်းခန့်မှန်းမှုများကို ဝိုင်းဝန်းဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

ဟင်္သာတမြို့နယ် မြို့ကွင်းမြစ်ရေတင်စီမံကိန်း ဌာနမှအသုံးမပြုသောလယ်မြေများ တောင်သူများထံ ပြန်လည်ပေးအပ်

ဟင်္သာတ ဇန်နဝါရီ ၁၅

ဟင်္သာတမြို့နယ် မြို့ကွင်းအုပ်စု မြို့ကွင်း မြစ်ရေတင်စီမံကိန်းရှိဌာနမှ အသုံးမပြုသော လယ်မြေ ၂ ဒသမ ၁၀ ဧကကို မူလတောင်သူများထံသို့ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်ပွဲ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစန်းငွေးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက လယ်မြေ ပြန်လည်ပေးအပ်ရခြင်း အကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တောင်သူဦးသန်းဦးကို တစ်ဧကနှင့် တောင်သူဒေါ်တင်ဝင်းကို ၀ ဒသမ ၇၅ ဧက၊ ဒေါ်ရင်ရင်နွယ်ကို ၀ ဒသမ ၃၅ ဧက စုစုပေါင်း ၂ ဒသမ ၁၀ ဧက နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပေးအပ်ခဲ့သည်။

မြို့ကွင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ ရက်က စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၈ ခုနှစ် မတ် ၃၁ ရက်တွင် ပြီးစီးခဲ့သည်။ စပါး၊ ပဲ၊ စပါး သုံးသီးစားစနစ်ကို စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ လယ်မြေဧက ၉၀၀၀ အကျိုးပြုနိုင်ရေး ရည်မှန်းဆောင်ရွက်၍ ယခုအခါ ဌာနကအသုံးမပြုသော လယ်မြေများကို တောင်သူများ၏ တင်ပြချက်အရ ပြန်လည်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ-အစ္စရေး စိုက်ပျိုးရေးနည်းပညာပိုင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

မြန်မာ-အစ္စရေး စိုက်ပျိုးရေးနည်းပညာပိုင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအစည်းအဝေးကို ယနေ့နံနက်က နေပြည်တော်ရှိ ဟီလ်တန်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီး ဦးခင်ဇော်က အမှာစကားပြောကြားပြီး အစ္စရေး လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ယိုင်ရှာမီရိက နှစ်နိုင်ငံကြား လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ အစ္စရေးနိုင်ငံဘက်မှ ပေးအပ်မည့် နည်းပညာအကူအညီများနှင့် မြန်မာပညာတော်သင်များအတွက် ပညာသင်ဆုပေးအပ်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမင်းက "မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ကိုင်ခြင်း" ဟူသော ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ရန် အခွင့်အလမ်းများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် ဥပဒေများနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မူဝါဒများကို ရှင်းလင်းပြောကြားပြီး အစ္စရေးတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ ယင်းနောက် AMIAD, LR GROUP, BERMAD အစရှိသော အစ္စရေးကုမ္ပဏီများမှ တာဝန်ရှိသူများက ကမ္ဘာအနှံ့အပြားသို့ ဖြန့်ဖြူးလျက်ရှိပြီး အောင်မြင်မှုရရှိနေသည့် ရေသွယ်စိုက်ပျိုးခြင်း၊ မျိုးစေ့ကြဲစိုက်ပျိုးခြင်း၊ ဖန်လုံအိမ်စိုက်ပျိုးရေး၊ မြေသြဇာများ၊ ကောက်ပဲသီးနှံကာကွယ်ခြင်း၊ ရိတ်သိမ်းပေါင်းသင်ခြင်း၊ ကြက်၊ ဘဲ မွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းနှင့် သီးနှံထုပ်ပိုးခြင်းနည်းပညာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

လူဦးရေ ရှစ်သန်းကျော်သာရှိပြီး လူတစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၈၀၀၀ ကျော် ရှိသည့် အစ္စရေးနိုင်ငံသည် ရေသန့်စင်ခြင်းနှင့် ရေစစ်ခြင်းနည်းပညာ၊ မွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု၊ ဆည်ရေသွင်းစိုက်ပျိုးရေးစနစ်၊ ရေသွယ်စိုက်ပျိုးရေးနှင့် ဖန်လုံအိမ်နည်းပညာတို့တွင် ကမ္ဘာ့ထိပ်တန်း နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

သုတ

မိုးလေဝသ အခြေအနေ

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၅) Grade-9(A) မှ မဆင်းရွှေရည်ဝင်းနိုင်ဦးသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်)တွင် ပထမရရှိသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ကျောင်းအုပ်ကြီးနှင့် အဌမတန်းဆရာ၊ ဆရာမများ
အထက(၅) ဇမ္ဗူသီရိ၊ နေပြည်တော်

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအဗ္ဗဒူလ်စာကူးရ်၏သား ဦးမာမက်ဆာဟစ် ISN-၅၁၃၉၇၆နှင့် ဦးထွန်းအေးတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမာမက်ဆာဟစ်(ခ) ထွန်းအေး

အလိမ္မာ စာမှာရှိ



လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၁၀)ရပ်ကွက်၊ အင်းလျားလမ်း၊ အမှတ် (၅၈/ဘီ)တွင် တည်ရှိသောအပြည်ပြည်ဆိုင်ရာ ဘာသာစကားနှင့် စီးပွားရေးဗဟိုဌာန (အိုင်အယ်လ်ဘီစီ) ကုမ္ပဏီလီမိတက် (INTERNATIONAL LANGUAGE & BUSINESS CENTRE (ILBC) COMPANY LIMITED)၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၁၉၄/၂၀၁၃-၂၀၁၄၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အထက်တွင်ဖော်ပြထားသော တံဆိပ်အမည်အမှတ်အသားမှာ အပြည်ပြည်ဆိုင်ရာ ဘာသာစကားနှင့် စီးပွားရေးဗဟိုဌာန (အိုင်အယ်လ်ဘီစီ)ကုမ္ပဏီလီမိတက် (INTERNATIONAL LANGUAGE & BUSINESS CENTRE (ILBC) COMPANY LIMITED) ၏ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြစ်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကို ၉-၁၂-၂၀၁၄ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ် ၁၉၅၆၀/၂၀၁၄ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြင့် ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းတွင်ပါရှိသောလုပ်ငန်းများဖြစ်သည့် ပြည်တွင်း၊ ပြည်ပအခြေခံနှင့် အဆင့်မြင့်ပညာရေးဝန်ဆောင်မှုများ ဆောင်ရွက်ရန်နှင့်စာသင်ကျောင်းများဖွင့်လှစ်သင်ကြားခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြင့်ပင် ဘာသာရပ်ဆိုင်ရာ စာသင်ကျောင်းများ၊ စာအုပ်နှင့် စာရေးကိရိယာမျိုးစုံ၊ ကျောင်းဝတ်စုံနှင့် ကျောင်းကြို/ပို့ယာဉ်များ၊ ကြော်ငြာဆိုင်းဘုတ်၊ ရုံးသုံးစာရွက်များ၊ လက်ကမ်းစာစောင်၊ ရုပ်မြင်သံကြားကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ သတင်းစာနှင့်ဂျာနယ်များ၊ ကြော်ငြာ၊ ဘလောက်ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်းများနှင့် အခြားလုပ်ငန်းနှင့်ဆက်နွှယ်ပတ်သက်သည့် စာရွက်စာတမ်းများစသည်တို့တွင် အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို ပုံနှိပ်၍ ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနှံ့အပြားတွင် ဖြန့်ချိသုံးစွဲသွားမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်းနှင့် မသမာသောနည်းဖြင့် လက်ဝယ်ထားရှိခြင်းတို့ကို မပြုလုပ်ရန်တားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ဦး LL.B (စဉ်-၂၁၃၉၉) ဒေါ်လေးမြိုင် LL.B, D.B.L (စဉ်-၃၀၇၈၀)

အထက်တန်းရှေ့နေများ

အမှတ် ၂၆၄၊ ပထမထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၁၂၉၂၆၄၊ ၀၉-၄၀၁၅၆၃၉၈၃၊ ၀၉-၄၂၀၁၇၆၁၃၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၂၈၂၂ Toyota Mark II Gx110 S/L (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝေ ၁၂/ဥကမ (နိုင်)၀၃၁၅၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကောင်းမှုလုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးနှင့် ပုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး စည်းဝေး

ပူတာအို ဇန်နဝါရီ ၁၅

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ကောင်းမှုလုံကျေးရွာ၌ တည်ထားကိုးကွယ်တော်မူသော ကောင်းမှုလုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းကော်မတီ အစည်းအဝေးနှင့် ကောင်းမှုလုံစေတီတော်မြတ်ကြီး၏ ပုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တပို့တွဲလပြည့်နေ့တွင် ကျင်းပနိုင်ရေး၊ ကောင်းမှုလုံစေတီတော် သာသနာ့အစောင့်အရှောက်ခံဘေးမဲ့တောနှင့် သာသနိကအဆောက်အအုံများအား သာသနာ့နယ်မြေအဖြစ် သတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတစ်ရပ်ကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီက ကောင်းမှုလုံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ကိုကိုကြီး၊ ပူတာအိုခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေတို့က အမှာစကားပြောကြားပြီး ကောင်းမှုလုံစေတီတော်ကြီး ဘက်စုံမွမ်းမံရေးကော်မတီအဖွဲ့များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြရာ လုပ်ငန်းကော်မတီနာယက ပူတာအိုအခြေချစစ်ဗျူဟာမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့က ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

အဆိုပါ ကောင်းမှုလုံစေတီတော်မြတ်ကြီး၏ ပုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တပို့တွဲလပြည့်နေ့တွင် ကျင်းပရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဖုန်ကန်(iprd)**

ဘီးလင်းမြို့နယ်တွင် စာကြည့်တိုက်ဆောက်လုပ်နေမှု ကွင်းဆင်းကြည့်ရှု

ဘီးလင်း ဇန်နဝါရီ ၁၅

သထုံခရိုင် ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာနှင့် ဖွဲ့ကလာကျေးရွာတို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းစီဖြင့် စာကြည့်တိုက်များဆောက်လုပ်နေမှုကို သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ဇန်နဝါရီ ၁၄ ရက်၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်များ ဆောက်လုပ်ပြီးစီးရေး လိုအပ်သော ပရိဘောဂများနှင့် ရန်ပုံငွေရရှိအောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ တောင်စွန်းကျေးရွာ ဘဝမျက်ရှုစာကြည့်တိုက်သို့ သွားရောက်ပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်ရှင်သန်လည်ပတ်နေမှု ငွေပဒေသာပင်တိုးပွားအောင် ဆောင်ရွက်ထားမှုအခြေအနေတို့ကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

အသက်ကယ်ရေးဦးသူနာပြု အထူးမွမ်းမံသင်တန်းဖွင့်

မန္တလေး ဇန်နဝါရီ ၁၅

အသက်ကယ်ဆယ်ရေး ရှေးဦးသူနာပြု သင်တန်းလက်တွေ့ပြုလုပ်ခြင်းကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉နာရီခွဲက ဦးပိန်တံတားအောက်၌ ကျင်းပရာ ချမ်းမြသုခလူမှုကူညီရေးအသင်းသူ အသင်းသား ၈၆ ဦးနှင့် မြဝတီခရိုင် လူမှုကူညီရေးအသင်းမှ သင်တန်းဆရာ ၂၀ တက်ရောက်၍ လက်တွေ့ပြုလုပ်ခဲ့သည်။

အသက်ကယ်ဆယ်ရေး ရှေးဦးသူနာပြုစုမှု အထူးမွမ်းမံသင်တန်းကို မြဝတီခရိုင် လူမှုကူညီရေးအသင်းမှ ဦးစီး၍ ဇန်နဝါရီ ၁၀ ရက်မှ ၁၅ ရက်အထိ သင်ကြားပို့ချပေးသော သင်တန်းဖြစ်သည်။ အရေးပေါ်အခြေအနေတွင် ရှေးဦးသူနာပြုစုနည်းသည် လူ့အသက်ကို ကယ်ဆယ်နိုင်သောကြောင့် မြေပြင်တွင် တွေ့ဆုံရမည့် လူမှုကူညီရေးအသင်းများ သိသင့်သိထိုက်သော ပညာရပ်တစ်ခုဖြစ်ကြောင်းကို ချမ်းမြသုခ ဆေးခန်းတာဝန်ခံ ဦးခင်မောင်သန်းက ပြောကြားခဲ့သည်။ အဆိုပါ သင်တန်းများကို ဆက်လက်ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၀၉-၄၉၇၇၇၃၆၀ နှင့် ၀၉-၂၀၃၃၁၄၆ တို့သို့ ဆက်သွယ်နိုင်သည်။

ကျော်ထူး(မန္တလေး)

မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း-၂၀၁၅ ခုနှစ် ကောက်ယူမှုနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးကြေညာခြင်း

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်၊ သစ်ကိုင်းများ၊ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ၁၇-၁-၂၀၁၅ ရက်နေ့တွင် ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ၊ ဒဂုံ(အရှေ့)၊ ဗိုလ်တထောင်၊ ဒေါပုံ၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ဗဟန်း၊ လမ်းမတော်၊ လသာ၊ ကမာရွတ်၊ အလုံ၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ ဒဂုံ၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ လှိုင်၊ ကျောက်တန်း၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ တွံတေး၊ ရွှေပြည်သာ၊ အင်းစိန်၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ထို့အပြင် ၁၈-၁-၂၀၁၅ ရက်နေ့တွင် လမ်းမတော်၊ စမ်းချောင်း၊ ကမာရွတ်၊ လသာ၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ သန်လျင်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ လှည်းကူး၊ ထောက်ကြန့်၊ ဖောင်ကြီး၊ ဥက္ကံ၊ အဖျောက်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်း ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အချိန်ပိုင်း ဓာတ်အား ပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားစနစ်ပိုမိုစိတ်ချရမှုအတွက် မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်ပါသောကြောင့် ဓာတ်အား ခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က အများပြည်သူသို့ လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။ **(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)**

ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန်ချိန်းဆိုသည့်နေ့ရက်ကို

လျှောက်ထားခံရသူများထံသို့အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေပုဒ်မ-၁၁၅)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
၂၀၁၄ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၁၁၂

ဒေါ်နန်းရွှေနု **နှင့်** ဦးအေးမောင်(ခ)ဦးဆန်အေးမောင် ပါ(၂၂)
[၄င်း၏အခွင့်ရကိုယ်စားလှယ်
ဦးစိုင်းယောရှု(ခ)စိုင်းစိုင်း]
လျှောက်ထားသူ **လျှောက်ထားခံရသူများ**

၂၀၁၄ခုနှစ် ဇွန် ၂၇ ရက်စွဲပါ ရှမ်းပြည်နယ်တရားလွှတ်တော်၊ တရားမပြင်ဆင်မှုအမှတ် ၁၈/၂၀၁၄ အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ (၄)ဒေါ်အောင်ထွန်း၊ (၆)ဒေါ်ခမ်းရွှေ၊ (၇)ဦးလင်းကန်၊ (၈)ဒေါ်အေးမွေ၊ (၉)ဒေါ်အီ၊ (၁၀)ဒေါ်အမ်ဟင့်၊ (၁၁)စိုင်းစံနိုင်၊ (၁၂)ဦးထီးဆိုင်၊ (၁၃)နန်းမွေနွံ၊ (၁၄)ဦးမောက်ဆိုင်၊ (၁၅)ဒေါ်ရွှေအိမ်၊ (၁၆)ဦးငွေဝင်း၊ (၁၇)ဦးဒေဝန္တ၊ (၁၈) ဒေါ်စိန်အေး၊ (၂၀)ဒေါ်နန်းအေးလှ၊ (၂၁)ဒေါ်ခမ်းလှိုင်၊ (၂၂)ဦးစိုင်းအောင်နိုင်မြင့်၊ ဟိုနားရပ်ကွက်၊ မူဆယ်မြို့၊ ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ လျှောက်ထားခံရသူများ သိစေရမည်။

ဤအမှုတွင် ရှမ်းပြည်နယ်တရားလွှတ်တော်၏ အမိန့်မှပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးတင်ဦးနှင့် ဦးအုန်းကျော်တို့ကတင်သွင်း၍ ဤရုံး၌မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီတွင် ဤရုံးကချိန်းဆိုပြီးအကြောင်းကြားပါသည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူတစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကိုဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

(မြအေး)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမ တရားစီရင်ရေးဌာန
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့)ပိုင်းမြို့နယ်၊ ၁၂၈ရပ်ကွက်၊ အမှတ်(၂၁၆)အမည်ပေါက် ဦးသန်းဝင်း၏ဇနီး ဒေါ်မာရီမြင့် ၅/ခဥန(နိုင်)၀၀၂၉၃၉ က ဦးအောင်ဇော်လတ် ၁၂/ဥကတ(နိုင်)၁၄၄၆၇၆အား အရောင်းအဝယ်ပြုလုပ်ရာ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီဖြစ်ပါ၍ ဤကြော်ငြာသည့်ရက်မှစတင်၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ဇော်လတ်
ဖုန်း-၀၉-၂၅၆၃၉၅၄၁၅



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်တွင်းကြီးမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၄

၁။ ဦးအေးလှိုင် **နှင့်** ၁။ ဦးသိန်းနိုင်
၂။ ဒေါ်လှငွေးမြင့် ၂။ ဒေါ်မျိုးမျိုး
တရားလိုများ **တရားပြိုင်များ**

တောင်တွင်းကြီးမြို့နယ်၊ အောင်ခိုင်းကျေးရွာ၊ အမှတ် (၁) တရားပြိုင် ဦးသိန်းနိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအေးလှိုင် ပါ-၂ က ``ပဋိညာဉ်အတိုင်းဆောင်ရွက်၍ အိမ်ဝိုင်းမြေနှင့် အိမ်အဆောက်အအုံ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု (သို့မဟုတ်) ယင်းတို့၏ တန်ဖိုးငွေ ၃၀၀၀၀၀၀ိ/- ရလိုမှု'' လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက် (၁၃၇၆ ခုနှစ် တပို့တွဲလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီ အထက်ကအမည်ရေးသားပါရှိသူများ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့အပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(အေးအေးမြင့်)
တွဲဖက်မြို့နယ်တရားသူကြီး
တောင်တွင်းကြီးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂) မြေကွက်အမှတ် (၄၇၃)ကို မူလအမည်ပေါက် ဗိုလ်မှူးသူရိန် ကိုယ်စား ဒေါ်မေဝင်းနွယ်မှ မြေပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် မြေချပါမစ် (အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း) ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

မြေယာရုံးခွဲ(၅)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း

ကျွန်ုပ် နန်းခမ်းဦး ၁၃/လခန(နိုင်)၀၀၃၁၄၃၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၂၅၀၃၄၁၁၄၀

ပျောက်ဆုံးခြင်း

ကျွန်ုပ် မလီလ ၁၃/ကဟန(နိုင်)၀၃၆၇၁၀ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၀၅၉၁၉၂၁

SIM CARD ဝယ်ယူမည့်ဈေးနှုန်းများ

49** - 150000
73** - 80000
50** - 160000
47** - 180000

ဖုန်း-၀၉-၇၃၀၂၆၀၀၀၊ ၀၉-၅၀၉၂၆၆၆

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မဆင်မခြင်မောင်းနှင်သောလိုင်းကား ယာဉ်တိုက်မှုဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၅

နေပြည်တော် ကောင်စီနယ်မြေ ဇဗ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညို လမ်းမကြီးပေါ်၌ ဇန်နဝါရီ ၁၄ ရက် ညနေ ၃ နာရီ မိနစ် ၂၀ ခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပျဉ်းမနား-တောင်ညို ကားလမ်းမပေါ်တွင် သပြေကုန်း အဝိုင်းဘက်မှ မြို့မဈေးဘက်သို့ ရဲတပ်သား သီဟလွင်ကြည်(၂၂ နှစ်) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် (ထောက်ပံ့ဌာန) မောင်းနှင်သော 7B/. . . . အဖြူရောင် ဗင်ကား သည် ဝန်ကြီးများ အိမ်ရာအတက် မီးပွိုင့်တွင် မီးစိမ်း၍ မောင်းနှင်စဉ် နောက်မှ ယာဉ်မောင်း မှူးကြီး(ခ) ငယ်မင်းထွေး (၂၆ နှစ်) ဘောဂဝတီ ရပ်ကွက် ပျဉ်းမနားမြို့နေသူမောင်းနှင်သော 8C/. . . . လိုက်ထရပ် အဖြူရောင်(ဘောဂသီရိ-တောင်ညို) အမှတ်(၄) ယာဉ်လိုင်းမှ ခရီးသည်တင်ကားက အရှိန်ဖြင့် လိုက်လံကျော်တက်မောင်းနှင်စဉ် 7B/. . . . အဖြူရောင် ဗင်ကား၏ဝဲဘက်ခြမ်းကို ဝင်ရောက်တိုက်မိပြီး အရှိန်ကြောင့် ယာဉ်နှစ်စီးမှာချိတ်ပြီး တစ်ဖက်ယာဉ်ကြော၏ ပလက်ဖောင်းတွင် ကာရံထားသော လက်ရန်းသံပိုက်တန်းများကို တိုက်မိကာရပ်တန့်သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ခရီးသည်တင်ယာဉ်ပေါ်၌ လိုက်ပါစီးနင်းလာကြသော ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာနေ မဂျမ်းဘုံ (၂၅ နှစ်)မှာ ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မဆင်မခြင် မောင်းနှင်သော 8C/ . . . . လိုက်ထရပ် ခရီးသည်တင်ယာဉ်မောင်းအား အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက်ကံ)

ရေကြည်စပါးဈေး ပေါင်ဖြင့်ချိန်ရောင်းရပြီး အကြွေးဖြစ်နေ

ရေကြည် ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် စပါးစိုက်တောင်သူတိုင်း စပါးများလှိုင်လှိုင်ပေါ်နေပြီး အလှူအတန်းပြုနိုင်ရေး၊ မိသားစုစားဝတ်နေရေး၊ အခြားအသုံးစရိတ်များအတွက်စပါးပေါ်ချိန်တွင် ရရာဈေးနှုန်းဖြင့် ရောင်းချနေရကြောင်း သိရသည်။

"ကျွန်တော်တို့ရေကြည်မှာ စပါးဈေးက အများအားဖြင့် လေးသိန်းအောက်မှာပဲရှိတယ်။ စက်ပိုင်တွေ၊ကုန်သည်တွေဖွင့်တဲ့စပါးဈေးအတိုင်းရောင်းချရပါတယ်။ ရောင်းပြန်တော့လည်း ၁၆ ပြည်၊ တစ်တင်း ၄၆ ပေါင်တစ်တင်းဆိုတဲ့ စံနှုန်းပျောက်ပြီး စက်အရောက် ပေါင် ၁၀၀ နဲ့ ချိန်ပေးရပြီး ရောင်းရတယ်။ ရောင်းတော့လည်း လက်ငင်းမရဘဲ တစ်ပတ် ၁၀ ရက်ဆိုသလိုအကြွေးဖြစ်နေပါတယ်"ဟု ကြို့ကုန်းရွာမှ လယ်သမားဦးသန်းလွင်က ပြောသည်။

သိန်းဇော်(ရွှေလီဦး)

မူဆယ်ဒေသ လယ်ယာမြေပိုင်ရှင်များနှင့် ထူးမောဝ်လုံကုမ္ပဏီတာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်း

မူဆယ် ဇန်ဝါရီ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် စွမ်စော်ရပ်ကွက်ရှိ သီရိမင်္ဂလာ ဘုန်းတော်ကြီးကျောင်းတွင် ထူးမောဝ်လုံကုမ္ပဏီနှင့် လယ်ယာမြေပိုင်ရှင်များ တွေ့ဆုံညှိနှိုင်းပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

ထူးမောဝ်လုံကုမ္ပဏီက ဆောက်လုပ်မည့် မြို့ပြစီမံကိန်းတွင် လျော်ကြေးမရရှိသေးသည့်မြေကွက်များကို လယ်ယာမြေပိုင်ရှင်များနှင့် တွေ့ဆုံကာ လျော်ကြေးအဖြစ် တစ်ဧကလျှင် ငွေကျပ် သိန်း ၅၀၀ နှင့် လျော်ကြေးမယူသူများ ပေ(၄၀×၆၀) ရရှိမည်ဖြစ်သည်။ ဤနှစ်ခုစလုံး မယူသူများကို တိုက်ခန်း ပေ(၄၀×၅၀) ပေးမည်ဟု ထူးမောဝ်လုံကုမ္ပဏီ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။ ထူးမောဝ်လုံကုမ္ပဏီက ဆောက်လုပ်မည့် စီမံကိန်းဧရိယာမှာ ၁၄၄ ဧကရှိကြောင်း သိရသည်။

ထိုစီမံကိန်း ဧရိယာအတွင်းတွင် ကုန်တင်ကား ဂိုဒေါင် လုံးချင်းအိမ်ရာ၊ အထပ်မြင့် တိုက်ခန်း၊ ဟိုတယ်တို့ကို မြစ်ကမ်းနံဘေးတွင် အပန်းဖြေပန်းခြံ ဆောက်လုပ်မည်ဖြစ်သည်။

လယ်ယာမြေ ပိုင်ရှင်များနှင့် တွေ့ဆုံညှိနှိုင်းပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ သက်ဆိုင်ရာဌာနများ၊ ထူးမောဝ်လုံကုမ္ပဏီ တာဝန်ရှိသူများ၊ လယ်ယာမြေပိုင်ရှင်များနှင့် ရပ်မိရပ်ဖများ ၆၀ ခန့် တက်ရောက်ပြီး ကျေလည်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အယ်လ်စိုး (pird)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၁၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၁၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၁၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၇၇၈
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၇၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၉၇၅
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၈၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၅၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၃၀၀၀-၂၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၉၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၅၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၈၀၀- ၉၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၃၂-၁၀၄၀
ဥရောပ	တစ်ယူရို	၁၂၇၀-၁၂၇၅
စင်ကာပူ	တစ်ဒေါ်လာ	၇၇၄-၇၈၅
ထိုင်း	တစ်ဘတ်	၃၁-၃၁.၁
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၈
တရုတ်	တစ်ယွမ်	၁၆၇-၁၆၉
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၂၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နွေဆန်	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၅၆၀၀-၁၆၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၀၀၀-၃၀၅၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၇၆
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၅၀-၄၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၂၀၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၅၀-၁၅၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၅၃၀-၇၃၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၂၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့စပ်တင်ပြသည်။



Air-Con အဟောင်းအပျက်များ ဝယ်ယူလိုပါသည်။
09 49 30 2004

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီတိုးချဲ့ကွက်သစ်၊ မြေကွက်အမှတ်(၁၈၆၄)၊ ပေ (၄၀×၆၀)အား အမည်ပေါက် ဗိုလ်မှူးစန်းလွင် ၆/ထဝန(နိုင်)၀၆၈၂၉၁မှ ငွေသွင်းချလန် (မူရင်း)ပျောက်ဆုံးသွားပြီး မြေကွက်စလစ်(မူရင်း)တင်ပြ၍ မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

အသက်သည်သွေး

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မော်လမြိုင်(ချောင်းဆုံ)တံတားတည်ဆောက်ရေးစီမံကိန်း
အထူးစီမံကိန်းကြီးအဖွဲ့(၅)
မွန်ပြည်နယ်၊ မော်လမြိုင်မြို့

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင်တည်ဆောက်မည့် မော်လမြိုင်(ချောင်းဆုံ) တံတားတည်ဆောက်ရေးစီမံကိန်းအတွက် ဆောက်လုပ်ရေးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

(က) Chipping (ဇင်းကျိုက်) - (၂၀၀၀)ကျင်း

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၂၆-၁-၂၀၁၅ ရက်၊ ၁၀း၀၀နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၂၆-၁-၂၀၁၅ ရက်၊ ၁၃း၀၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး မွန်ပြည်နယ်၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၁၄-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့နှင့် အထူးစီမံကိန်းကြီးအဖွဲ့(၅)ရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့တွင် ဝယ်ယူနိုင်ပါသည်။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ဇော်လင်းအောင်သည် မိဘများ၏ပြောဆိုဆုံးမမှုအား နားထောင်ခြင်းမရှိဘဲအကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။ **မေးမြန်းစုံစမ်းခြင်းသည်းခံပါ။**

ဦးစိုင်းတင်မောင်ဦး ၁၃/မကန(နိုင်)၀၀၄၀၇၄
ဒေါ်နန်းမြတန် ၁၃/မကန(နိုင်)၀၀၄၂၁၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ အေးသာယာ၊ နန်းစီးချောင်းအနောက်၊ ဦးပိုင်အမှတ် ၁၁၊ မြေကွက်အမှတ် ၁၃၇/၁၃၈၊ ဧရိယာ ၀.၁၁သမ၁၁၀ ဧကရှိ ဒေါ်မြင့်မြင့်အမည်ပေါက် မြေကွက်မူရင်းဂရန် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်မြင့်မြင့်
၂/၇၄၊ မြလေးလမ်း၊ နယ်မြေ(၂)၊ စက်မှုဇုန်

နိုင်ငံတကာအားကစားနှင့် ကျော်ကြား

မန်ယူတို့အကြိတ်အနယ်နွှဲရဦးမယ့် ပရီမီယာလိဂ်ပွဲစဉ် (၂၂)

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ်ပွဲစဉ် (၂၂)ကိုတော့ ဇန်နဝါရီ ၁၇ ရက်နဲ့ ၁၈ ရက်တွေမှာ ယှဉ်ပြိုင်ကစားဖို့ တာစူနေကြပြီဖြစ်ပါတယ်။ အသင်းကြီးတွေဖြစ်တဲ့ ချယ်လ်ဆီး၊ မန်ယူ၊ လီဗာပူးနဲ့ခြေစွမ်းပြနေတဲ့ ဆောက်သမ်တန်တို့ အဝေးကွင်းတွေမှာ ယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရလဒ်တွေဘယ်လို ထွက်ပေါ်လာမလဲဆိုတာ စိတ်ဝင်စားစရာ ဖြစ်နေပါတယ်။

ဆွမ်ဆီးနှင့် ချယ်လ်ဆီး

ဆွမ်ဆီးဟာအိမ်ကွင်းမှာ ကစားအားကောင်းပြီး အသင်းကြီးတွေကို အကျပ်အတည်းတွေ့အောင် စွမ်းဆောင်နိုင်တဲ့ အသင်းဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ချယ်လ်ဆီးတို့က နှစ်ပွဲနိုင်ထားပြီး ဆွမ်ဆီးက တစ်ပွဲနိုင်ခဲ့တာတွေ့ရပါတယ်။ လောလောဆယ်မှာ ဆွမ်ဆီးတို့ ကစားအားတက်နေပေမယ့် တန်းစီဇယားထိပ်ဆုံးက လွတ်လွတ်ကျွတ်ကျွတ်ရပ်တည်ဖို့ ကြိုးစားနေတဲ့ ချယ်လ်ဆီးရဲ့ အားထုတ်မှုဟာ အရာထင်မှာဖြစ်ပါတယ်။

ကျူပီအာနှင့် မန်ယူ

၂၀၁၅ နှစ်သစ်မှာ နိုင်ပွဲမရသေးတဲ့မန်ယူတို့အတွက် အခုပွဲကလည်း ခက်ခဲဦးမှာဖြစ်ပါတယ်။ ကျူပီအာတို့က အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တာမို့ မန်ယူတို့နိုင်ပွဲလိုအပ်ပေမယ့် လွယ်ကူမှာတော့မဟုတ်ပါဘူး။ မန်ယူဟာ ကစားသမားအစုံအလင်နဲ့ ချီတက်လာမှာဖြစ်ပြီး နည်းပြဗန်ဟားရဲ့ ဗျူဟာအခင်းအကျင်းက ပွဲရလဒ်ကို ဆုံးဖြတ်သွားပါလိမ့်မယ်။ ကျူပီအာနဲ့ဆုံတိုင်း အသာစီးရခဲ့တဲ့ မန်ယူဟာ အဲဒီမှတ်တမ်းပြောင်းလဲအောင် အများအယွင်းတော့ လုပ်မှာမဟုတ်ပါဘူး။

ဗီလာနှင့် လီဗာပူး

ဗီလာနဲ့ဆုံတိုင်းလီဗာပူးတို့ ခက်ခဲခဲ့တာချည်းဖြစ်ပါတယ်။ နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် တစ်ပွဲစီနိုင်ထားပြီး တစ်ပွဲသရေ ဖြစ်ထားပါတယ်။ တိုက်စစ်မှူး စတာရစ် ပြန်ကစားနိုင်ရင်တော့ လီဗာပူး တိုက်စစ်က ထိရောက်မှုရှိမှာဖြစ်ပြီး ဗီလာကိုလည်း ကျော်ဖြတ်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် နားလည်မှုလွဲမှားပြီး အဆုံးသတ်အားနည်းနေတဲ့ လီဗာပူးတို့ တစ်မှတ်ရရင်ပဲ ကျေနပ်စရာ ဖြစ်နေပါတယ်။

ဘန်လေနှင့် ပဲလေ့စ်

ခြေရည်တူနှစ်သင်းမို့ အပြန်အလှန် ထိုးဖောက်ကစားကြပါလိမ့်မယ်။ ဘန်လေတို့က အသင်းလိုက် ကစားပုံကောင်းမွန်ပြီး တွန်းတွန်းတိုက်တိုက်လည်း ကစားနိုင်တာမို့ ပဲလေ့စ်တို့ ကစားကွက်တည်မရဖြစ်သွားနိုင်ပါတယ်။ ဘန်လေရဲ့ ကစားသမားတွေက ပွဲချိန်ပြည့်ကစားအားမချတမ်း ကြိုးစားနိုင်တာမို့ အဲဒီအကျိုးကို ဒီပွဲမှာ ခံစားရမှာပါ။

စပါးနှင့် ဆန်းဒါးလန်း

ကြိုးစားအားထုတ်မှုကောင်းတဲ့ စပါးဟာ အမှတ်တွေရယူနိုင်နေတာမို့ ဆန်းဒါးလန်းတို့ ခက်ခဲနိုင်တဲ့ပွဲပါ။ ဆန်းဒါးလန်းနဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် စပါးတို့ တစ်ပွဲမှ မရှုံးခဲ့ပါဘူး။ သရေပွဲများနေတဲ့ ဆန်းဒါးလန်းတို့အတွက် ဒီပွဲမှာ အမှတ်ရဖို့ သိပ်မလွယ်ပါဘူး။

လက်စတာနှင့် စတုတ်

နှစ်သင်းစလုံး ခြေစွမ်းတူညီနေပြီး အပြန်အလှန် ဖိအားပေးကစားနိုင်တဲ့ အသင်းတွေဖြစ်လို့ ပွဲကောင်းတစ်ပွဲပါပဲ။ စတုတ်တို့က တုံ့ပြန်မှုကောင်းသလို လက်စတာတို့ကလည်း အသင်းလိုက် ဟန်ချက်ညီအောင် ကစားနိုင်ပါတယ်။ အစဉ်အလာအရ အိမ်ရှင်တို့က အသာစီးရတာများတာမို့ လက်စတာတို့ အနိမ့်ဆုံး တစ်မှတ်ရနိုင်တဲ့ ပွဲဖြစ်ပါတယ်။

ဘရက်ဖို့ဒ်နှင့် ချယ်လ်ဆီး အက်ဖ်အေတွင်တွေ့မည်

အက်ဖ်အေဖလား တတိယအဆင့် ပြန်ကန်ပွဲအဖြစ် ဘရက်ဖို့ဒ်နှင့် မီဝေါတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘရက်ဖို့ဒ်ကလေးဂိုးပြတ်ဖြင့်နိုင်ကာ စတုတ္ထအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဘရက်ဖို့ဒ်သည် ၂၀၁၃ ခုနှစ်က အက်ဖ်အေဖလား ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည့် အသင်းဖြစ်သည်။ မီဝေါလ်နောက်ခံလူ မက်ဆီဘာ အနီကတ်ဖြင့် ထွက်ခဲ့ရပြီးနောက် ပထမပိုင်းမှာပင် ဘရက်ဖို့ဒ်က သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းနိုင်ပွဲကြောင့် ဘရက်ဖို့ဒ်တို့စတုတ္ထအဆင့်တွင် ချယ်လ်ဆီးနှင့်ကစားရမည်ဖြစ်သည်။ ယမန်နေ့က ပြန်ကန်ပွဲတွင် ဝက်စ်ဟမ်းနှင့် ဖူလ်ဟမ်တို့ပြိုင်ဘက်အသင်း များကို ပယ်နယ်တီဂိုးများဖြင့်နိုင်ကာ စတုတ္ထအဆင့်တက်လှမ်းနိုင်ခဲ့သည်။ ဝက်စ်ဟမ်းနှင့်အဲဗာတန်တို့ ကစားစဉ် တစ်ဖက်နှစ်ဂိုးစီသရေကျ၍ ပယ်နယ်တီကန်သွင်းရာ ဝက်စ်ဟမ်းက ပယ်နယ်တီ ကိုးဂိုး-ရှစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ထို့အတူ ဝုဖ်နှင့်ဖူဟမ်တို့ပွဲတွင် တစ်ဖက်သုံးဂိုးစီသရေကျ၍ ပယ်နယ်တီကန်သွင်းရာ ဖူလ်ဟမ်က ငါးဂိုး-သုံးဂိုးဖြင့် နိုင်ခဲ့သည်။

■ကောင်းမြတ်သူ-စုစည်းသည်။

အာရှဖလားနှင့် လိဂ်ပွဲစဉ်များ

သီဟ

အာရှဖလား အုပ်စု(ဃ)			**ဇန်နဝါရီ ၁၆**
ပါလက်စတိုင်း	-	ဂျော်ဒန်	နေ့လည် ၁း၃၀
အီရတ်	-	ဂျပန်	ညနေ ၃း၃၀
ပြင်သစ်လီဂူး ပွဲစဉ်(၂၁)			**ဇန်နဝါရီ ၁၇**
ဘော်ဒိုး	-	နိုက်စ်	နံနက် ၂း၃၀
စပိန်လာလီဂါ ပွဲစဉ်(၁၉)			**ဇန်နဝါရီ ၁၇**
ကော်ဒိုဘာ	-	အီဘာ	နံနက် ၂း၁၅
နိုင်ငံခြေစမ်းပွဲစဉ်			**ဇန်နဝါရီ ၁၇**
ကနေဒါ	-	အိုက်စလန်	နံနက် ၃း၃၀

ဇန်နဝါရီ ၁၄/၁၅ ဂိုးရလဒ်များ

ဘာရိန်း	၁-၂	ယူအေအီး
ကာတာ	၀-၁	အီရန်
အစ်ဆွစ်	၀-၁	ဆောက်သမ်တန်
စပါး	၄-၂	ဘန်လေ
မိုနာကို	၂-၀	ဂူအင်ဂမ့်
လိုင်လီ	၂-၀	နန့်တက်စ်
ပါးမား	၂-၁	ကက်ဂလီယာရီ
တိုရီနို	၁-၃	လာဇီယို
ဘီလ်ဘာအို	၀-၂	ဆယ်လ်တာဗီဂို
ဆိုစီဒက်	၂-၂	ဗီလာရီးရဲလ်
ဂီတာဖေး	၁-၀	အယ်လ်မာရီးယား
ဆီဗီလာ	၄-၀	ဂရန်နာဒါ
ဖရိုင်းဘတ်	၁-၀	မိန့်ဇ်
အေဂျက်ကိပ်	၁-၄	ဝုဖ်ဘတ်

ဖလက်ချာ မန်ယူမှထွက်ခွာနိုင်

လက်ရှိကစားသမား အပြောင်းအရွှေ့တံခါးပိတ်ချိန် ဖလက်ချာ မန်ယူမှ ထွက်ခွာနိုင်ကြောင်း ၎င်းကလပ်က ပြောသည်။ ဖလက်ချာသည် ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ကလပ်အများစုက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ အသက် ၃၀ အရွယ်ရှိ ကွင်းလယ်ကစားသမား ဖလက်ချာအား နည်းပြဗန်ဟားလ်က ဒုတိယအသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ထားသည်။ သို့သော်လည်း ၎င်း၏စာချုပ်မှာ ယခုနှစ်ရာသီကုန်လျှင် ပြီးဆုံးသွားပြီဖြစ်သည်။ စကော့တလန်ကစားသမား ဖလက်ချာသည် ယခုနှစ်ရာသီတွင် ငါးပွဲသာ ကစားရသေးသည်။ ဝက်စ်ဘရွန်းနည်းပြ တိုနီပူးလစ်က ဖလက်ချာအား ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု ဆိုသည်။ ဖလက်ချာသည် ယခုနှစ်ရာသီတွင် ပထမဆုံးပွဲထွက်ကစားသမားအဖြစ် သုံးကြိမ်သာ ကစားခဲ့ရသည်။

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးသိန်းထွန်း (Chairman & CEO)Tun Thwin Mining Co., Ltd.&TWP Co.,Ltd.အား ၂၀၁၅ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သည့် **ဇေယျာလူမှုထူးချွန်ဆု (ပထမဆင့်)**အား အပ်နှင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆက်လက်ပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးတို့အား စွမ်းစွမ်းတမံ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

ဦးထွန်းထွန်း-ဒေါ်နီနီ

Fully- ရတနာဆိုင်နှင့် TST စက်ပန်းထိမ်

မြန်မာ့သစ်လုပ်ငန်း

web-site www.myanmatimber.com.mm

Ph;01 528771,E-mail;marketing 1 ppy@gmail.com

မီးသတိပြု

ပျောက်ဆုံးခြင်း

ကျွန်တော်စိုင်းဇေယျာမြင့်လွင် ၁၃/ဆဆန(နိုင်)၀၃၀၀၁၁ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၃၀၇၄၄၁

ကြော်ငြာ

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

၁၉၉၀ ခုနှစ်၊ ဇန်နဝါရီလ(၇)ရက်နေ့မှသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၇)ရက်နေ့ထိ
(၂၅)နှစ်ပြည့် ငွေရတုကာလတိုင်
ကုမ္ပဏီလုပ်ငန်းများတွင်သာမက **Htoo Foundation** ထူထောင်၍
ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်ခံရသူများကို ကယ်ဆယ်ရေးစသည့်
လူမှုအကျိုးပြုလုပ်ငန်းများကို အားတက်သရော ဆောင်ရွက်ကာ
အောင်မြင်မှုမှတ်တိုင်များစိုက်ထူနိုင်ခဲ့သော **HTOO GROUP OF COMPANIES** အတွက်
အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

First National Insurance
FNI မိသားစု ဝန်ထမ်းများ

UAB
UNITED AMARA BANK

ဒုရိုက်တာအဖွဲ့ မှ

လူကြီးမင်းတို့၏ ဘဏ်လုပ်ငန်းဆိုင်ရာ ငွေကြေးဝန်ဆောင်မှုများ ပိုမိုအဆင်ပြေချောမွေ့စေရန်
ဘဏ်အတိုးနှုန်းအသစ်များနှင့်အတူ
(၃၆)ခုမြောက်ဖြစ်သော ပုဇွန်တောင် (**ရေကျော်ဘဏ်ခွဲ**) ကို
အမှတ်(၅၄)၊ ရေကျော်လမ်းနှင့် ဦးရွှေဂွန်းလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌
(**၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၅ရက်**)နေ့တွင် ထပ်မံဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်းနှင့်
နေ့စဉ်အတိုးနှုန်း တွက်ချက်ပေးသော Call Deposit Account အား **၈.၃၅ ရာခိုင်နှုန်း**(p.a) ထိ
ဝန်ဆောင်မှုပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

" ယုံကြည်စိတ်ချ၊ အားအားယားယားကြည့် UAB "

Email - prd@unitedamarabank.com
www.unitedamarabank.com
www.facebook.com/UnitedAmaraBank
www.linkedin.com/company/united-amara-bank-limited

ပုဇွန်တောင် (ရေကျော်ဘဏ်ခွဲ) တည်နေရာ -
အမှတ်(၅၄)၊ ရေကျော်လမ်းနှင့် ဦးရွှေဂွန်းလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်။ ၀၁-၂၉၇၃၇၀၊ ၀၁-၂၀၃၄၂၅၊ ၀၁-၂၉၃၂၇၆
UAB Call Center - 01 8603305

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရွှေလင်ပန်းအိမ်ရာကျန်ရှိအပိုင်းနှစ်ပိုင်း ယခုနှစ်အပြီးတည်ဆောက်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ရန်ကုန်၊ မန္တလေးနှင့်မြို့ကြီးများ၌ တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာများ တည်ဆောက်ပေးလျက်ရှိရာ လှိုင်သာယာမြို့နယ်၌ တည်ဆောက်လျက်ရှိသော ရွှေလင်ပန်းအိမ်ရာ အပိုင်းနှစ်ပိုင်းကို ယခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ရွှေလင်ပန်းအိမ်ရာစီမံကိန်းကို အပိုင်းသုံးပိုင်းနဲ့ တည်ဆောက်လျက်ရှိပါတယ်။ အပိုင်း(၁)ကိုတော့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ အပိုင်း(၂)နဲ့ အပိုင်း(၃)ကိုတော့ ဒီနှစ်ထဲမှာပဲ အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

တည်ဆောက် ပြီးစီးသွားသည့် အပိုင်း(၁) စီမံကိန်းတွင် နှစ်ခန်းတွဲလေးထပ်အဆောက်အအုံ ၂၃ လုံးပါဝင်ပြီး အိမ်ခန်းအရေအတွက်အားဖြင့် ၁၈ ခန်းရှိသည်။ ယင်းတိုက်ခန်းများကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက ဝယ်ယူရန်လျှောက်လွှာများခေါ်ယူခဲ့ရာ လျှောက်လွှာတစ်သိန်းနီးပါးရှိကြောင်း သိရသည်။ ယခုအခါ အဆိုပါ တိုက်ခန်းဝယ်ယူခွင့်ရရှိသူများစာရင်းကို ဌာနတွင် ကြေညာထားပြီးဖြစ်သည်။

ကျန်ရှိနေသည့် အပိုင်း(၂)နှင့် အပိုင်း(၃)ကို ယခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ရာ အပိုင်း(၂)တွင် ရှစ်ခန်းတွဲလေးထပ် ၁၄ လုံးနှင့် လေးခန်းတွဲ လေးထပ် သုံးလုံးဖြစ်ပြီး အခန်းအားဖြင့် ၄၉၆ ခန်းပါဝင် မည်ဖြစ်ကြောင်း သိရသည်။

အပိုင်း(၃)တွင် ခြောက်ခန်းတွဲလေးထပ် ၂၁ လုံးဖြစ်ပြီးအခန်းပေါင်း ၅၀၄ ခန်းပါဝင်မည်ဖြစ်သည်။ ယင်းအပိုင်း (၂)နှင့် အပိုင်း(၃) တည်ဆောက်ပြီးပါက လှိုင်သာယာ ရွှေလင်ပန်းစက်မှုဇုန်အတွင်း အိမ်ခန်းပေါင်း ၁၁၈၄ ခန်း ရှိလာမည်ဖြစ်သည်။ ပြီးခဲ့သည့် အပိုင်း(၁)ပြီးစီးစဉ်က လျှောက်လွှာခေါ်ယူခဲ့ရာတွင် တိုက်ခန်းများကို ဘဏ်ချေးငွေစနစ်ဖြင့်လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်လည်းကောင်း၊ လက်ငင်းစနစ်ဖြင့်လည်းကောင်း ဝယ်ယူနိုင်ခဲ့ပြီး တိုက်ခန်းဈေးမှာ ငွေကျပ်သိန်း ၁၀၀ မှ ၁၂၅ သိန်းအထိရှိကြောင်း သိရသည်။

ကြံတိုင်းအောင်

သတင်းတိုများ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် သန့်ရှင်းရေးဌာန၊ ကျန်းမာရေးဌာနခွဲမှသန့်ရှင်းရေးဝန်ထမ်းများအားကျန်းမာရေးဌာနခွဲမှူး ဒေါက်တာခင်မောင်ဦး ဦးဆောင်သော လ/ထဆရာဝန်များအဖွဲ့က မေးခိုင်ကာကွယ်ဆေးထိုးပေးခြင်းကို ဇန်နဝါရီ ၁၃ ရက်က ဆောင်ရွက်ပေးစဉ်။ တင်မောင်(မန္တလေး)

လူကုန်ကူးမှုတိုက်ဖျက်ရေး ဟောပြော

သထုံမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် အသိပညာများရရှိပြီး ရဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် ဒုစရိုက်မှုများ လျော့နည်းကျဆင်းလာစေရန်အတွက် သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းနှင့် တာဝန်ရှိသူများပူးပေါင်းကာ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီခွဲက ဒေးဗရိန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ဒုစရိုက်မှုများလျော့နည်းရေးတို့အတွက် မှုခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြသည်။ အဆိုပါ ဟောပြောပွဲသို့ ဒေးဗရိန်းကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ရှိ ကျေးရွာအုပ်စု ကိုးအုပ်စုမှ ဒေသခံပြည်သူ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

ကျေးလက်ရေပေးရေး ကွင်းဆင်းကြည့်ရှု

သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော မိုင်းယန်းကျေးရွာ စက်ရေတွင်းတူးဖော်နေမှုကို ဇန်နဝါရီ ၁၂ ရက်က မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွဏ်းက စက်ရေတွင်းတူးဖော်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့သည်။ စက်ရေတွင်းမှာ ရေထွက်နှုန်း တစ်နာရီလျှင် ဂါလန် ၂၀၀၀ ခန့်ထွက်ရှိပြီး ကျေးရွာနေပြည်သူများသောက်သုံးရေရရှိရေးအတွက် ရေဂါလန် ၅၀၀၀ ဆံ့ ရေကန်ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဘဦး(သိန်းနီ)**

မာန်အောင်မြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီ၏ ပထမအကြိမ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက် ညက မာန်အောင်မြို့ အထက အောင်ဇေယျာခန်းမ၌ ကျင်းပသည်။ အခမ်း အနားတွင် ကိုလင်း(မာန်အောင်)က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အနာဂတ်မာန်အောင်ကျွန်း၏ စီးပွားရေးကို အကဲခတ်ခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကျွန်းစဉ်မြေ စောခတ်က ဘဝနှင့်စာပေ၊ ထွဋ်ခေါင်က အိပ်မက်လှလှမက်ကြရအောင်၊ မျော်ဝန်းကြည်မြတ်က မာန်အောင်ဒေသခံများအတွက် စကားလက်ဆောင် စာလက်ဆောင် ခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောခဲ့သည်။ **သိန်းဖေ (iprd)**

တရားမဝင် တင်သွင်းလာသော လိုင်စင်မဲ့ယာဉ်များ Mobile Team မှ ဖော်ထုတ်ဖမ်းဆီး

ဘားအံ ဇန်နဝါရီ ၁၅

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ၏ကြီးကြပ်မှုဖြင့် လှုပ်ရှား Mobile Team အဖွဲ့များ ဖွဲ့စည်းပြီး တရားမဝင်ကုန်သွယ်မှု တားဆီးရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးအတွက် စီမံချက်များ ချမှတ်ပြီး ထိရောက်စွာ ဟန့်တား အရေးယူဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက ညွှန်ကြားရေးမှူး ဦးမြင့်သူရဦးစီး အဖွဲ့သည် မြဝတီ-ရန်ကုန်လမ်းကြောင်းပေါ်ရှိ လှုပ်ရှားအဖွဲ့(၂) Mobile Team (ညောင်ခါးရှည်)တွင် အခြေပြု၍ ယာဉ်များကို စစ်ဆေးရာ ဘားအံမှ ရန်ကုန်လမ်းကြောင်းအတိုင်း မောင်းနှင်လာသော ယာဉ်အမှတ် 4C- ....(Mit- subishi Canter Pickup)Without Body ဖြင့် ယာဉ်အမှတ် 5C-...(KIA-Canter)ကို ယာဉ်အို၊ ယာဉ်ဟောင်းပြန်လည်အပ်နှံသည့် စီမံချက်အရ ယာဉ်ဟောင်းပြန်လည် အပ်နှံမည်ဟု ဖော်ပြ၍ မောင်းနှင်သယ်ဆောင်လာသည်ကို တွေ့ခဲ့ရသည်။

၎င်းယာဉ်နှစ်စီးအား မြဝတီ-ရန်ကုန်လမ်းကြောင်းပေါ်ရှိ လှုပ်ရှားအဖွဲ့(၂) (ညောင်ခါးရှည်)က မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်မှတ်ပုံတင် လိုင်စင်နှင့် ဗီးတက်၊ ယာဉ်နှင့် သက်ဆိုင်သည့် အထောက်အထား တစ်စုံတစ်ရာမျှ တင်ပြနိုင်ခြင်းမရှိဘဲတရားမဝင် တင်သွင်းလာသည့် လိုင်စင်မဲ့ယာဉ် များဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။ ယာဉ်အား စစ်ဆေးစဉ် ယာဉ်မောင်းနှစ်ဦးမှာ တိမ်းရှောင်သွားပြီး အဆိုပါ တရားမဝင်ယာဉ်များအား လှုပ်ရှားအဖွဲ့က တားဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါယာဉ်အို ယာဉ်ဟောင်းအပ်နှံရန် အသွင်ယူ၍ မောင်းနှင်ဆွဲယူလာသည့် လိုင်စင်မဲ့ယာဉ်နှစ်စီးကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲများဖွင့်လှစ်၍ သက်ဆိုင်ရာ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

ကျော်မြင့်အေး(ပြန်/ဆက်)

ဗောဓိပင်ပတ်လည် ဂြိုဟ်ပြေနံ့ပြေဘုရားများ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ

နေပြည်တော် ဇန်နဝါရီ ၁၅

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဗောဓိပင်ပတ်လည် ဂြိုဟ်ပြေ နံ့ပြေဘုရားများအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ၊ သံဃာတော်များ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက အဆိုပါ ဓမ္မာရုံ၌ကျင်းပရာ ပင့်သံဃာအပါး ၅၀ တို့ကို ဆွမ်းကပ်ခြင်း၊ လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချ အမျှပေးဝေခြင်း၊ ပရိတ်တရားတော်များနာယူခြင်းနှင့် အလှူရှင်များအားဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းတို့ကို ပြုလုပ်ကြကြောင်း သိရ သည်။

မီမီလွင်(သတင်းစဉ်)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၄-၁-၂၀၁၅ရက် (၆၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှချီးမြှင့်သော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ကို ချီးမြှင့်ခြင်းခံရသော ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက် အုပ်ချုပ်ရေးမှူး ဒါရိုက်တာ ဦးကိုကိုအေးအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဖြိုးစည်သူဝန်ထမ်းမိသားစု (ကြံခင်း)

အထက(၆) အလုံ၊ မြတ်ဆရာပူဇော်ပွဲ

၁၉၆၆ မှ ၁၉၉၆ ပညာသင်နှစ်အထိ သင်ယူခဲ့ကြသော ကျောင်းသား/ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် အလှူငွေများ ထည့်ဝင်နိုင်ပါသည်။ ကျောင်းအုပ်ဆရာမကြီး ဖုန်း-၂၂၀၇၉၀၊ ဒေါ်စောလု ဖုန်း-၀၉-၅၁၆၈၄၉၈၊ ဗိုလ်ကြီးတင်ဝင်း(၇၄) ဖုန်း-၀၉-၅၁၈၄၁၁၃၊ ဦးကျော်စွာသိန်း(၇၅) ဖုန်း-၀၉-၅၄၁၇၂၉၄၊ ဒေါ်နှင်းနှင်းယု(၈၁) ဖုန်း-၅၀၄၀၂၂၊ ဦးရဲမင်းစိုး(၈၃) ဖုန်း-၀၉-၇၃၁၇၃၂၀၇၊ ဦးမိုးကျော်အေး(၈၃) ဖုန်း-၀၉-၇၃၂၀၃၃၆၊ ဦးမြင့်ခိုင်(၈၄) ဖုန်း-၀၉-၅၁၉၇၄၁၄၊ ဦးမင်းထွန်း(၈၅) ဖုန်း-၀၉-၅၀၁၂၁၅၄၊ ဒေါက်တာ သီဟညွန့်(၈၆) ဖုန်း-၀၉-၅၁၀၇၃၀၃၊ ဦးကိုကိုကျော်ညွန့်(၈၇) ဖုန်း-၀၉-၅၀၀၆၄၃၆၊ ဦးဆန်းသွင်(၉၁) ဖုန်း-၀၉-၅၁၄၈၇၅၀၊ ဒေါ်ယဉ်မင်းချော(၉၂) ဖုန်း-၀၉-၇၃၃၂၃၇၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ချား(စ်)ဘိုအား ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကျေးဇူးတော်ချီးမွမ်းခြင်း

ရန်ကုန်ဂိုဏ်းချုပ်ဆရာတော် ချား(စ်)ဘိုအား ဗာတိကန်နိုင်ငံမှ ပုပ်ရဟန်းမင်းကြီးဖရန်စစ် ကိုယ်တိုင်ရွေးချယ်သော ရဟန်းအမတ်(Cardinal)အဖြစ် တင်မြှောက်ခြင်းသတင်းကောင်းကိုကြားသိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူခြင်းနှင့်အတူ ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းမိပါကြောင်း၊ သာသနာ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်မော်နီကာ မိသားစု
သုဝဏ္ဏ

အမည်မှန်

နေပြည်တော်၊ဥတ္တရသီရိမြို့နယ်၊ ဇလောင်းအုပ်စု၊ ငန်းစပ်ကျေးရွာနေ မဇော်မာမြင့်၏ အမည်မှန်မှာ မခင်ဖြိုးဇော် ဖြစ်ပါသည်။ ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၃-၈-၁၉၉၇ ဖြစ်ပါသည်။ **မခင်ဖြိုးဇော်**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀ရပ်ကွက်နေ ဒေါ်ခင်ညိုထွန်း ၁၂/ဥကတ (နိုင်) ၀၈၇၂၀၇ ၏သား မောင်အောင်မျိုးထွန်း ၁၂/ဥကတ(နိုင်) ၀၀၁၄၂၈ သည် မိခင်၏ဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်ခင်ညိုထွန်း

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၅၀၁ နေ ဦးလှထွန်း-ဒေါ်မြင့်မြင့်စန်းတို့၏သား မောင်ပြေစိုးပိုင်၁၂/မရက(နိုင်)၁၅၀၉၆၅ အား အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ယနေ့မှစ၍ (လုံးဝ)လုံးဝတာဝန်မယူပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဦးလှထွန်း ၁၄/နေဖ(နိုင်)၁၀၁၂၆၃

ကွာရှင်းပြတ်စဲကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်(၃၄/၄)လွှာ ခြေရင်းခန်းနေ ကိုမင်းသိန်း ၁၂/သဃက(နိုင်)၀၀၇၃၂၀နှင့် မလှလှဝင်း(ခ)မအေးမြကြည် ၁၁/မပန(နိုင်)၀၀၃၅၂၀တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိတော့ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားရုံးတွင် ၁၂-၁-၂၀၁၅ရက်စွဲပါ မှတ်ပုံတင်အမှတ်(၆၇/၂၀၁၅)ဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကိုမင်းသိန်း**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပြည်တော်ပြန် သဗ္ဗဝိဇယထူပံ ရှေးဟောင်းဘုရား

စဉ့်ကိုင် ဇန်နဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာနှင့်တောမကျေးရွာအကြားရှိ ဉယျာဉ်ခြံမြေများကြားတွင် ရှေးဟောင်းဘုရားတစ်ဆူရှိကြောင်း ကြားသိရသဖြင့် သွားရောက်လေ့လာခဲ့သည်။ အဆိုပါ ရှေးဟောင်း ဘုရားဆင်းတုတော်မှာ ကွင်းအမှတ် ၁၁၂/ခ တောင်သူကြီး ဦးတင်ရှိန်၊ ဒေါ်နှင်းတို့၏ လမင်းအောင် ဆီးသီးခြံအနီးတွင်တည်ရှိပြီး မည်သူမဆို လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

"ဒီဘုရားနေရာမှာ ဟိုးအရင်တုန်းက ချုံတောကြီးဖြစ်နေတာ။ အထဲမှာဘုရား ရှိမှန်းလည်း ဘယ်သူမှမသိကြပါဘူး။ ဥစ္စာစောင့်ရှိသလိုလိုဘာလိုလိုနဲ့အခြောက်အလှန့်များလို့ နေဝင်မိုးချုပ်ဆိုရင် ဘယ်သူမှ အဲဒီနားမသွားရဲကြဘူး။ တစ်နေ့တော့ ဘုန်းကြီးတစ်ပါး ခရီးသွားရင်းခြံထဲမှာရေဝင်တောင်းသောက်ပြီး အဲဒီချုံတောကြီးထဲ ဝင်သွားပါတယ်။ အတော်လေးကြာမှ ပြန်ထွက်လာပြီး ဒကာမကြီး ဒီချုံတောထဲမှာ ရှေးဟောင်းဘုရား စေတီပျက်နဲ့ ရှေးဟောင်း ဆင်းတုတော်တစ်ဆူတွေ့တယ်။ ဒီအတိုင်းပစ်မထားနဲ့ တတ်နိုင်သမျှ ရှင်းလင်းပြုပြင်ကြ" လို့ မိန့်ပြီး ပြန်ကြွသွားတယ်။

ကျွန်မလည်း ဘုန်းကြီးဝင်သွားတဲ့အတိုင်း လိုက်ကြည့်တော့ အထဲမှာ ရှေးဟောင်း ဆင်းတုတော်လေးတွေ့တာနဲ့ စေတီလေးကို ပြန်လည်ပြုပြင်တည်ထားပြီး ကိုးကွယ်ခွင့်ပြုပါလို့ ဆုတောင်းတယ်။ နောက်ရက်တွေမှာ ခြံကအလုပ်သမားတွေနဲ့ တစ်နေ့နည်းနည်းရှင်းကာ တစ်လကျော်လောက်ရှင်းယူရတယ်။ ဘုရားရဲ့အရှေ့ဘက်ကွင်းကို ဆက်ရှင်းပြီးတော့ ဘုရားပြုပြင်ဖို့အဓိဋ္ဌာန်ပြီး ငှက်ပျောစိုက်တာ တစ်နှစ်တည်း ငွေကျပ် ၃၇ သိန်းရတယ်။ အဲ့ဒီငွေကိုမတည်ပြီး မူလဘုရားငုတ်တိုကိုငုံပြီး ပြန်လည်ပြုပြင်ခဲ့တာအောင်မြင်သွားတယ်။ နောက်မကြာခင်မှာ မသမာသူတွေက ဘုရားကိုခိုးယူသွားပြီး ခေါင်းဖြတ်ယူသွားကြတယ်၊ ကိုယ်လုံးတော်ကြီးကို တောမနဲ့ ဆယ်လမ်းရွာကြားက ချုံတောထဲမှာ ပစ်ထားခဲ့ကြတယ်။ သတင်းကြားလို့ ကိုယ်လုံးတော်ကြီးကိုသွားပင့်ပြီး မူလအတိုင်းထားပြီး ကိုးကွယ်ခဲ့ပေမယ့် ဘုရားဆင်းတုတော်ကိုဖူးတိုင်း ကျွန်မမျက်ရည်ကျရတယ်။ ကံကောင်းချင်တော့ ဘုရားဦးခေါင်းကို ထိုင်းနိုင်ငံဘက်အပို့ အဲ့ဒီစက်လှေကို ပင်လယ်ထဲမှာ အာဏာပိုင်တွေက ပြန်ဖမ်းမိခဲ့တယ်။ သက်ဆိုင်ရာကအကြောင်းကြားမှ ကျွန်မလည်း ဝမ်းသာအားရနဲ့ ဘုရားဦးခေါင်းကို ပင့်လာခဲ့ပြီး ပန်းရန်ဆရာကောင်းကောင်းနဲ့ မူလအနေအထားမပျက် ပြန်ဆက်ပြီး ပူဇော်ထားပါတယ်" ဟု ဘုရားဒါယိကာမကြီး ဒေါ်နှင်းကပြောပြ၍ သိရသည်။

"ဒီလှည်းလမ်းကလည်း ဟိုးအရင် ပုဂံခေတ်ကတည်းက တည်ရှိခဲ့တဲ့ ဆက်သွယ်ရေးလမ်းမကြီးပါ။ အင်္ဂလိပ်ခေတ်ရောက်တော့ လယ်ကွက်တွေ အင်းကြီးတွေထဲကဖြတ်ပြီး ကတ္တရာလမ်းတွေ ဖောက်တော့မှ တဖြည်းဖြည်း တိမ်မြုပ်လာတာပါ။ ပုဂံခေတ်က စောမွန်လှ ရှမ်းပြည်ပြန်တဲ့လမ်းဖြစ်ပါတယ်" ဟု တောမရွာက သက်ကြီးတစ်ဦးက ရှင်းလင်းပြောပြသည်။ **(၁၀၂)**

သီပေါ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေး

သီပေါ ဇန်နဝါရီ ၁၅

သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်းတို့သည် ဇန်နဝါရီ ၁၂ ရက်က ဆောင်ကြဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်းဖြင့် ပြည်သူတို့၏ဒီမိုကရေစီရပိုင်ခွင့်များ မဆုံးရှုံးစေရအောင်၊ အုပ်ချုပ်ရေးစနစ်ပိုမိုတိုးတက်ကောင်းမွန်အောင် မေးမြန်းဆောင်ရွက်ပုံနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုမြန်ဆန်စွာ လုပ်ဆောင်နိုင်ရန်အတွက် အုပ်ချုပ်ရေးပိုင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တို့၏အပိုင်းမှ ပူးပေါင်းဆောင်ရွက်ပုံတို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျောင်းများတွင် ရှမ်းစာပေသင်ကြားရေးအတွက် ဒေသဆိုင်ရာ ရှမ်းစာပေယဉ်ကျေးမှု အသင်းက ကူညီပံ့ပိုးပေးနိုင်မှုနှင့် ပြည်နယ်လွှတ်တော်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ခွင့်ပြုချက်ရရှိစေရန် ဆောင်ရွက်ပုံတို့ကို ရှင်းလင်းပြောကြားကြသည်။ **စိုင်း(သီပေါ)**

ကျောက်ချောလမ်းကြောင့် ပြည်သူများသွားလာမှု အဆင်ပြေလာ

နောင်ချို ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ် စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးဌာနမှ ဇီဝကလမ်း ယခင်က ကျောက်ကြမ်းလမ်းမကို ကတ္တရာခင်းကျောက်ချောလမ်းအဖြစ် အရှည်ပေ ၁၃၇၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ၄၁/၂ ထုကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက အဆင့်မြှင့်တင်ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးလှမြင့်၊ အမှုဆောင်အရာရှိ တာဝန်ခံအင်ဂျင်နီယာဦးတင်မောင်စိုးတို့က ကွင်းဆင်းကြီးကြပ်သည်။

အဆိုပါ လမ်းခင်းမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ယခင်ကထက် လွယ်ကူမြန်ဆန်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **စိုးဝင်း(ဝဖ၁)**

မိတ္ထီလာခရိုင်တွင် အမြင့်ဆုံးရုပ်တော်မူဗုဒ္ဓရုပ်ပွားတော် တည်ထားမည်

မိတ္ထီလာ ဇန်နဝါရီ ၁၅

မိတ္ထီလာခရိုင်အတွင်း ဉာဏ်တော်အမြင့်ဆုံး ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်ဖြစ်လာမည့် သစ္စာမှန်အောင် ဆုတောင်းပြည့် ဗျာဒိတ်ပေး ရုပ်တော်မူဘုရားကို မိတ္ထီလာမြို့ ညောင်ဇောက်ကျေးရွာအုပ်စု ကံဦးစံပြကျေးရွာအနီးရှိ သစ္စာပြုတောင်တွင် တည်ထားကိုးကွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ခုနစ်ရက်သားသမီးတွေရဲ့ အကျိုးစီးပွားအတွက် ရည်မှန်းပြီးတော့ ဉာဏ်တော် ၄၁ ပေခန့် ၂၇ တောင်အမြင့်ရှိတဲ့ သစ္စာမှန်အောင်ဆုတောင်းပြည့် ဗျာဒိတ်ပေးရုပ်တော်မူဘုရားကို သစ္စာပြုတောင်ပေါ်မှာ တည်ထားကိုးကွယ်မှာ ဖြစ်ပါတယ်။ တည်ထားကိုးကွယ်မယ့်မြေနေရာကို သတ်မှတ်ပြီးပါပြီ။ လာမယ့် ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်တည်ထားမှာပါ။ မလှိုင်မြို့နယ် ခေါင်းဆေးကန်ကျေးရွာက မြန်မာမှုပညာရှင် ကိုဗိုလ်ဝင်းတို့အဖွဲ့က တာဝန်ယူဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဘုရားကြီးတည်ဆောက်မှုအတွက် ကျပ် သိန်း ၁၅၀ ခန့် ကုန်ကျမှာဖြစ်ပြီး ရုပ်ဝေးရုပ်နီးအလှူရှင် စေတနာရှင်များရဲ့ စုပေါင်းကောင်းမှုနဲ့ တည်ထားကိုးကွယ်မှာပါ။ အခုလောလောဆယ် လှူဒါန်းငွေကျပ် သိန်း၂၀ ခန့် ရရှိပြီးဖြစ်ပါတယ်"ဟု ခရိုင်အတွင်း ဉာဏ်တော်အမြင့်ဆုံး ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်အား ဦးဆောင်တည်ထားကိုးကွယ်မည့် သစ္စာပြုတောင်ဆရာတော် ဘဒ္ဒန္တအာသဘ (ဓမ္မာစရိယဝိနယဝိဒူ)က ပြောကြားသည်။

သစ္စာပြုတောင်တွင် တည်ထားကိုးကွယ်မည့် ခရိုင်အတွင်း ဉာဏ်တော်အမြင့်ဆုံးရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ် (သစ္စာမှန်အောင်ဆုတောင်းပြည့် ဗျာဒိတ်ပေးရုပ်တော်မူဘုရား)တည်ထားနိုင်ရေးအတွက် ရုပ်ဝေးရုပ်နီးမှ စေတနာရှင်များအနေဖြင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ဘဒ္ဒန္တအာသဘ (သစ္စာပြုတောင်ဆရာတော်)ဖုန်း-၀၉-၂၂၀၁၉၁၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ကရင်ပြည်နယ်၌ သစ်စေ့ပျိုးပွဲတော်ကျင်းပ

တောင်ငူ ဇန်နဝါရီ ၁၅

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနက ဇန်နဝါရီ ၁၂ ရက် နံနက် ၉နာရီက သံတောင်ကြီးပျိုးဥယျာဉ်၌ သစ်စေ့ပျိုးပွဲတော်ကျင်းပရာ သံတောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ သံတောင်ကြီးမြို့ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးခမောင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ အထက သံတောင်ကြီးမှ ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ တက်ရောက်ကြပြီး သစ်စေ့မျိုးစုံနှစ်ပြည်နှင့် လေးဘူးကို မျိုးစေ့ချပျိုးထောင်ခဲ့ကြကြောင်း သိရသည်။ **ကျော်လှ(တောင်ငူ)**

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ချား(စ်)ဘိုအား ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကျေးဇူးတော်ချီးမွမ်းခြင်း

သဃ်န်းကျွန်းမြို့နယ်၊ စိန်ဂျိုးဇက်သာသနာကျောင်းထိုင်ဘုန်းတော်ကြီး စိုင်းမွန်တင်မောင်နှင့် တကွ သာသနာအတွင်းရှိ ဘာသာတူ ညီအစ်ကိုမောင်နှမအားလုံးမှ ရန်ကုန်ဂိုဏ်းချုပ်ဆရာတော် ချား(စ်)ဘိုအား ဗာတီကန်နိုင်ငံမှ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကိုယ်တိုင် ရွေးချယ်သော ရဟန်းအမတ် (Cardinal)အဖြစ် တင်မြှောက်ခြင်းသတင်းကောင်းကို ကြားသိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူခြင်းနှင့်အတူ ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းမိပါကြောင်း သာသနာ့အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျောင်းထိုင်ဘုန်းတော်ကြီး စိုင်းမွန်တင်မောင်
ကျောင်းအကျိုးတော်ဆောင်လူကြီးများ
သာသနာ့ဘာသာတူများ
စိန်ဂျိုးဇက်သာသနာသဃ်န်းကျွန်း

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊
ဘုရားကုန်းကျေးရွာ ကျိုက်ခေါက်ဘုရားအနီး သီလဝါလမ်းခွဲလမ်းမပေါ်ရှိ
ကျိုက်ဒေးဝစေတီ၊ကျိုက်ဒေးဝတပ်ဦးကျောင်း၊ကျိုက်ဒေးဝကျောင်းမြေနှင့်ပတ်သက်၍

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့ ဗုဒ္ဓသာသနရက္ခိတ စုပေါင်းအလှူရှင်များအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ကျိုက်ဒေးဝတပ်ဦးကျောင်းမြေ၏ သာသနာ့ဂရန်မူရင်း ကိုင်ဆောင်သူ ဆရာတော်ဦးဣန္ဒက(ခ)ဦးဣန္ဒာစာရသည် မင်းကွန်းတိပိဋကနိကာယ သာသနာဝင် တိပိဋကရေ ဆရာတော်ကြီးများ လေးပါးတို့အား ၈-၈-၂၀၁၄ရက်တွင် ဂရန်နှင့်တကွ လွှဲပြောင်းလှူဒါန်းပြီးနောက် မင်းကွန်းတိပိဋကနိကာယ စာသင်တိုက်ခွဲ၊ တိပိဋက ဓမ္မဗိမာန်တော်ကြီးနှင့်တကွ သာသနိကအဆောက်အအုံများကို ကျိုက်ဒေးဝကျောင်းမြေပေါ်တွင် ဆောက်လုပ်နိုင်ရေးအတွက် ဗုဒ္ဓသာသနရက္ခိတ စုပေါင်းအလှူရှင်များအဖွဲ့အား ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း ရဟန်းရှင်လူအများ ဝမ်းမြောက်ဝမ်းသာ ကြည်နူးသဒ္ဓါဖြစ်ပေါ်စေရန် ကြေညာအပ်ပါသည်။

ဗုဒ္ဓသာသနရက္ခိတ စုပေါင်းအလှူရှင်များအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ငြိမ်းငွေ B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၁)
အမှတ် ၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၂၃၉၄

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့၊ အမှတ်(၃၆၅) ခြေမြန်တပ်ရင်းမှ ဦးကိုကြီး၏သား ဦးခိုင်ဇာမင်း ၉/လဝန(နိုင်)၁၈၅၁၇၇ အား ယနေ့မှစ၍ ဦးကျော်ညီမင်းဟု ပြောင်းလဲခေါ်ပါရန်။

ဦးကျော်ညီမင်း ၉/လဝန(နိုင်)၁၈၅၁၇၇

အမည်ပြောင်း

ဦးခင်မောင်သိန်း-ဒေါ်နုနုငယ်တို့၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးမြို့ အထက (ခွဲ) အလက(၂) သတ္တမတန်းမှ မောင်ဇေယျထင်ကျော်အား ယနေ့မှစ၍ မောင်နိုင်အောင်လင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်နိုင်အောင်လင်း

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၇၊ မြေကွက်အမှတ် (၅၉၀/ခ)၊ မြေအမည်ပေါက် ဦးထွန်းကြည် ၁၂/သကတ(နိုင်)၀၇၀၀၆၀က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၇)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးရဲနိုင်ဝင်း ၈/မကန(နိုင်)၁၅၁၅၁၄၏ တတိယတန်း ရေယာဉ်အုပ်လက်မှတ်-ဆတ/၂၁၅၀၇မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၉-၂၅၉၂၅၀၈၆၀ သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဦးရဲနိုင်ဝင်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/1024 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၉၉၉၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီး မအိဖြိုးဝေ ၁၂/ဒလန(နိုင်)၀၆၈၈၆၀သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် အပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိဘ-ဦးစန်းမြင့်-ဒေါ်ချိုချိုဦး

တပ်ကုန်းမြို့နယ်၌ ကျောင်းဆောင်သစ် ခုနစ်ဆောင်ဆောက်လုပ်လျက်ရှိ

တပ်ကုန်း ဇန်နဝါရီ ၁၅

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိအခြေခံပညာကျောင်းများတွင် ပညာရေးဝန်ကြီးဌာန အမှတ် (၂) အခြေခံပညာ ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ်ခေါင်းစဉ်အောက်မှ ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ် တစ်ဆောင်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ကျောင်းဆောင်သစ် ခြောက်ဆောင် စုစုပေါင်း ကျောင်းသစ်ခုနစ်ဆောင် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ကျောင်းဆောင်များ ဆောက်လုပ်လျက်ရှိသော ကျောင်းများမှာ မကြီးပင်ကျေးရွာ အထက(ခွဲ)တွင် အုပ်ညှပ် တစ်ထပ်တစ်ဆောင်၊ ဒဟတ်ကုန်းကျေးရွာ အထက(ခွဲ)တွင် ကွန်ကရစ်တစ်ထပ်တစ်ဆောင်၊ ဘုရင့်နောင်ရပ်ကွက် မူလတန်းလွန်ကျောင်းတွင်ကွန်ကရစ် တစ်ထပ်ဆောင်၊ ဖက်သန်းတောင်ကျေးရွာ မူလတန်းလွန်ကျောင်းတွင် ကွန်ကရစ်တစ်ထပ်ဆောင်၊ ဆရာစံရပ်ကွက် အမက(၁)မူလွန်ကျောင်းတွင် ကွန်ကရစ်တစ်ထပ်တစ်ဆောင်၊ ဆရာစံရပ်ကွက် အမက (၂)မူလွန်ကျောင်းတွင် ကွန်ကရစ်တစ်ထပ်ဆောင်၊ ညောင်ကိုင်းကျေးရွာ မူလတန်းလွန်ကျောင်းတွင် ကွန်ကရစ်တစ်ထပ်တစ်ဆောင်များ ဖြစ်ကြသည်။

ကျောင်းဆောင်သစ်များကို ၉/၂၀၁၄ ခုနှစ်မှ စတင်ဆောက် လုပ်လျက်ရှိပြီး တည်ဆောက်မှုများပြီးစီးခါနီးပြီဖြစ်ကြောင်းနှင့် တည်ဆောက်မှု လုပ်ငန်းအားလုံး ပြီးစီးပါက ကျောင်းသား ကျောင်းသူများပညာသင်ယူမှုအတွက် ပိုမိုအဆင်ပြေလာမည် ဖြစ်သည်။ **(၄၁၇)**

စစ်တွေမြို့တွင် အင်တာနက်လိုင်းများနှင့် တယ်လီဖုန်းလိုင်း မကြာခဏပြတ်တောက်နေ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

စစ်တွေ ဇန်နဝါရီ ၁၅

ရခိုင်ပြည်နယ်၏မြို့တော်စစ်တွေတွင် အင်တာနက်လိုင်းများပြတ်တောက်နေပြီး တယ်လီဖုန်းလိုင်းများသည်လည်း ရတစ်ခါ၊ မရတစ်ခါဖြစ်နေသဖြင့် အင်တာနက်အသုံးပြုသူများနှင့် ဖုန်းအသုံးပြုသူ ပြည်သူများ အခက်အခဲတွေ့နေရကြောင်း သိရသည်။

စစ်တွေမြို့ ADSL အင်တာနက်လိုင်းများ မကြာခဏဆိုသလိုပြတ်တောက်နေကြောင်း တရားဝင်လိုင်စင်ဖြင့် အင်တာနက်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ "ကျွန်တော်တို့ လိုင်းပြတ်တောက်နေတာ ဒီဇင်ဘာတတိယပတ်ကတည်းကပါ။ ဒီနေ့ထိ လုံးဝမရဘူး။ အရင်ကတော့ ကျွန်တော်တို့လုပ်ငန်းတွေက ကောင်းပါတယ်။ ခုနောက်ပိုင်း Mobile ဖုန်းတွေက အီးမေးလ်ပို့လို့ရတာကြောင့် ဆိုင်ကိုလာပြီး ပို့သူနည်းလာပါတယ်။ အီးမေးလ်မသုံးတတ်တဲ့သူတွေ၊ တချို့ အရေးတကြီး အစီရင်ခံစာပို့ရတဲ့ ဌာနဆိုင်ရာတွေနဲ့ INGO အဖွဲ့အစည်းတွေလောက်သာ ဆိုင်ကိုလာကြတာပါ။ ဒီကြားထဲ လိုင်းကျကျနေတော့ တစ်ခုမှ လုပ်လို့မရတော့ဘူး။ ဒါပေမယ့် လိုင်းသုံးစွဲခ အခွန်တော့ဆောင်နေရတာပါပဲ။ လိုင်းမကောင်းလို့ တချို့ဆိုင်တွေဆို ပိတ်ထားရတာရှိပါတယ်" ဟု တရားဝင် အင်တာနက်ဆိုင်ရှင်တစ်ဦးက ဇန်နဝါရီ ၁၅ ရက်က ပြောပြသည်။

အင်တာနက်လိုင်းများပြတ်တောက်နေသကဲ့သို့ ဖုန်းသုံးစွဲသူများလည်း အဆင်မပြေဖြစ်နေကြကြောင်း သိရသည်။ ဖုန်းလိုင်းများသည် နံနက်ပိုင်းကောင်းလျှင် ညနေပိုင်းမကောင်းဖြစ်တတ်ပြီး ညနေပိုင်းကောင်းလျှင် နံနက်ပိုင်းမကောင်းဖြစ်နေကြောင်း၊ GSM ဖုန်းများသည် မြို့ပေါ်တွင် အဆက်အသွယ်ကောင်းပြီး နယ်ဘက်ရောက်သွားလျှင် သုံးမရကြောင်း၊ CDMA ဖုန်းများသည် နယ်ဘက်တွင် အဆက်အသွယ်ကောင်းပြီး မြို့ပေါ်တွင် သုံးမရကြောင်း၊ လိုင်းမကောင်း၍ ဖုန်းဝင်လာသော်လည်း စကားပြောမရ ဖြစ်တတ်ကြောင်း၊ စကားပြောပြီးလျှင်လည်း ဖုန်းကိုချမရဖြစ်တတ်ကြောင်း၊ စစ်တွေမြို့ပေါ်တွင် ဤကဲ့သို့ ဖြစ်တတ်ပြီး နယ်မြို့များတွင်ပို၍ဆိုးကြောင်း စစ်တွေမြို့မှ Mobile ဖုန်းသုံးစွဲသူတစ်ဦးက ပြောသည်။

သို့ဖြစ်၍ အင်တာနက်အသုံးပြုသူများနှင့် ဖုန်းသုံးစွဲသူပြည်သူများအနေဖြင့် အင်တာနက်လိုင်းအမြန်ဆုံးကောင်းလာပြီး ဖုန်းလိုင်းများလည်း ပုံမှန်လိုင်းအားကောင်းနေရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

လေးဝတီထွန်းစောခိုင်

ဓာတ်အားဖြန့်ဖြူးမှု ကွင်းဆင်းစစ်ဆေး

ရမ်းဗြဲ ဇန်နဝါရီ ၁၅

ရခိုင်ပြည်နယ်သို့ မဟာဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ မြို့တွင်းဓာတ်အားဖြန့်ဖြူးမှုစနစ်ကောင်းမွန်စေရေး၊ ဗို့အားပြည့်ဝစွာရရှိစေရေး၊ ဓာတ်အားသုံးစွဲသူများပိုမိုတိုးတက်စေရေးနှင့် ဓာတ်အားသုံးစွဲခများ အပြည့်အဝကောက်ခံရရှိစေရေးအတွက် ဓာတ်အားစနစ်မြှင့်တင်ပေးလျက်ရှိသော မြို့များဖြစ်သည့် ကျောက်တော်၊ မြောက်ဦး၊ အမ်း၊ ကျောက်ဖြူမြို့များသို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသူရအောင်ဘို ဦးစီးအဖွဲ့ ဇန်နဝါရီ ၈ ရက်က ရမ်းဗြဲမြို့သို့သွားရောက်၍ ၆၆ ကေဗွီ ဓာတ်အားခွဲ စက်ရုံသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သိရသည်။ **(၁၅၇)**

လဲချားမြို့နယ်တွင် ဆိုလာပြားပေးအပ်ပွဲကျင်းပ

လဲချား ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် ရရှိသော ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဇန်နဝါရီ ၁၃ ရက်က ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြက အမှာစကားပြောကြားပြီး ဆိုလာမီး တပ်ဆင်ခြင်းလုပ်ငန်းတင်ဒါအောင်မြင်သော Oriental Orichid ကုမ္ပဏီမှ တာဝန်ခံ ဦးလှမိုးကျော်က ဆိုလာမီးတပ်ဆင်အသုံးပြုပုံနှင့် ကျေးရွာများအရောက် ဆိုလာမီးများတပ်ဆင်ပေးမည့်အကြောင်း ရှင်းလင်းခဲ့သည်။

ယင်းဆိုလာမီးတပ်ဆင်ခြင်းသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပြည်ထောင်စုဘတ်ဂျက်မှ ခွင့်ပြုချမှတ်ပေးခဲ့ပြီး လဲချားမြို့နယ် ဝမ်ယိမ်းကျေးရွာအုပ်စု ဘုရားလင်ဆီကျေးရွာအတွက် ၁၈ လုံး၊ ကပုံးကျေးရွာအတွက် ၃၅ လုံးနှင့် ဖာလံကျေးရွာအုပ်စု နားယန်းကျေးရွာအတွက် ၃၅ လုံးရရှိကာ ဆိုလာမီးရရှိခြင်းကြောင့် ၄င်းကျေးရွာများ၏ လူနေမှုဘဝများ ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

မေ (iprd)

နတ်မောက်မြို့ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်တော် ဘက်စုံပြုပြင်မွမ်းမံ

နတ်မောက် ဇန်နဝါရီ ၁၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့က ဖွင့်လှစ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ရင်ပြင်တော်ကို နှစ်ပေါင်း ၄၅ နှစ်ကြာပြီးမှ ယခုအခါ အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ဇန်နဝါရီ ၁ ရက်မှစတင်၍ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်သည် နှစ်ကာလကြာမြင့်လာသဖြင့် ရင်ပြင်တွင် ခင်းထားသော ကျောက်ပြားများကွဲကျနေခြင်း၊ လျှပ်စစ်မီးဆိုင်းများ ပြုပြင်တည်ဆောက်ရန်လိုအပ်ခြင်း၊ လှေကားအုတ်ခုံနှင့် လှေကားများ ပြုပြင်ရန်လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်တော် ဘက်စုံပြုပြင်ရန်အတွက် Naing Group နှင့် Max Power ကုမ္ပဏီတို့က ငွေကျပ်သိန်း ၁၁၀ ခန့် လှူဒါန်းငွေဖြင့် ကော်မတီဖွဲ့ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၅ ရက်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥမ္မာခင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၁၁၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ်(၅၆၈/က)၊ အကျယ်အဝန်း(အလျားပေ၂၀× အနံပေ၆၀)၊ စတုရန်းပေ(၁၂၀၀)မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်ကြည်ထံမှ ဒေါ်စန်းစန်းဝင်း ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပြတ်ဝယ်ယူရန် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်၍ ပိုင်ဆိုင်ခွင့်ရှိသည့်မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခြောက်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံး၍ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ် ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးဇော်ဝင်း LL.B၊ တရားလွှတ်တော်ရှေ့နေ
အမှတ်(၆/ခ)၊ သစ္စာလမ်း၊ ၈ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၀၅၇၀၉၂

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၅၀၃၊ မြေကွက်တည်နေရာအမှတ် ၅၀၃၊ (ဗိုလ်ပိုက်ထွေး) အမည်ပေါက် ပါမစ်မြေအား ဗိုလ်ပိုက်ထွေး ၁၄/ပသန(နိုင်)၁၄၇၇၁၄ ထံမှ GP No. ၃၃၄/၂၀၁၂ ရရှိထားသူ ဒေါ်အေးအေးဝင်း ၁၂/လမန(နိုင်)၀၈၉၀၃၆ မှ မြေချပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ (ဆ/ခ) ရပ်ကွက်၊ ရွှေကိန္နရီအိမ်ရာ၊ တိုက်အမှတ် ၆၊ အခန်း(၀၀၄)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးတင်ဟန် (ISN-၁၄၃၂၀၉)ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့်ဝယ်ယူထားသူ ရာမညရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်အမည်ဖြင့် ဥက္ကဋ္ဌ ဦးကျော်သောင်းမှ ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသော တိုက်ခန်းကို ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဦးတင်မောင်ဝင်း(LC-၀၀၃) ၁၂/လမတ(နိုင်)၀၁၅၉၅၄(မှ) ဒေါ်ခင်မျိုးနွယ် ၈/ရနခ(နိုင်)၀၁၇၅၁၇(မှ) ဒေါ်သန်းသန်းထွေး ၁၂/ကတတ(နိုင်)၀၃၁၃၀၄(မှ)	ဦးအောင်ကိုဝေါင်း ၁၂/ပဇတ(ပြု)၀၀၀၂၁၃	တိုက်အမှတ်(၁၀၈/၁၁၀)၊ အခန်းအမှတ် ၁၇ (၅လွှာ)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၈)ရပ်ကွက်၊ နယ်မြေ(၁၃)၊ အကွက်အမှတ်(၃၂/လုံလော့ရပ်)၊ ဦးပိုင်အမှတ်(၁၃/က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိ မြေဂရန်အမှတ်၄၃-၅/၁၉၉၅-၉၆(အေ) ဒေါ်သူဇာမွေး၊ ဦးမောင်မြင့်၊ ဒေါ်ဆိုင်ဟိန်း (၃)ဦး အမည်ပေါက်ပိုင်ဆိုင်ထားပြီး မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားအပြည့်အစုံဖြင့် ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

(၁) ဒေါ်သူဇာမွေး၊ (၂) ဦးမောင်မြင့်၊ (၃) ဒေါ်ဆိုင်ဟိန်း

မြေငှားစာချုပ်(ဂရန်)လျှောက်ထားခြင်းအတွက် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	မြို့နယ်	မြေတိုင်းရပ်ကွက်အမှတ်	မြေကွက်အမှတ်	ပါမစ်/လိုင်စင်မူလအမည်ပေါက်	မြေငှားစာချုပ်လျှောက်ထားသူအမည်	မှတ်ပုံတင်အမှတ်
၁။	လှိုင်သာယာ	၄ အေ	၁၀၈	ဒေါ်ညွှန့်ယဉ်ဝင်း	ဒေါ်စန္ဒာမိုး	၁၂/ဥကတ(နိုင်)၁၄၇၈၆၄
၂။	သန်လျင်	အောင်ချမ်းသာမြို့ကွက်သစ်	၂၉၇	ဦးသန့်ဇင်(ခ)ကျန်ငူ	ဦးကျော်စိုး	၇/ပခန(နိုင်)၀၁၀၃၈၇
၃။	။	။	၂၉၈	။	။	။
၄။	။	။	၂၉၉	။	။	။
၅။	။	။	၃၀၀	။	။	။
၆။	သန်လျင်/ကျောက်တန်း	သီလဝါပြည်တွင်းစက်မှုဇုန်	၁၀၅	ဒု-ဗိုလ်ချုပ်ကြီးရာပြည့်	ဦးသိန်းဇော်ဦး	၁၂/သလန(နိုင်)၀၆၉၁၈၀
၇။	တာမွေ	၃၄ FGI	၁၂၅၀	ဒေါ်ခင်အေးစိန်	ဒေါ်ခင်လင်းသူ	၁၂/ရကန(နိုင်)၀၀၅၂၆

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အခွန်ဌာနခွဲ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

သတင်းတိုများ

မြစိမ်းရောင်စီမံကိန်းကျေးရွာများ ကွင်းဆင်းစစ်ဆေး

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးရွာ ၂၀ အား မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ရွာများအဖြစ် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းခင်နှင့် အဖွဲ့သည် ဇန်နဝါရီ ၁၀ ရက်က ဘာညိုအုပ်စု မညှင်းချောင်းကျေးရွာများသို့ သွားရောက်ပြီး မွေးမြူရေး၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်းများအား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြစိမ်းရောင်ကော်မတီဝင်များအား ရှင်းလင်းပြသပြီး မြစိမ်းရောင်စီမံကိန်းစာရင်းဇယားများအားပူးတွဲစစ်ဆေး၍ အားနည်းချက်၊ အားသာချက်များကို မြို့နယ်ဦးစီးမှူး ဦးထွန်းခင်က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **အောင်လှဖြူ**

တောင်ငူပြဟ္မစိုရ်လူမှုကူညီရေးအသင်း လုပ်ငန်းညှိနှိုင်းဆွေးနွေး

ပဲခူးတိုင်းဒေသကြီးတောင်ငူမြို့ မေတ္တာနှင့်စေတနာ လူမှုကူညီရေးအသင်း လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၂ရက် ညနေ ၄ နာရီ က တောင်ငူမြို့ သွေးလှူရှင်အသင်းရုံးခန်းမ၌ ကျင်းပရာ သဘာပတိ အသင်းနာယက ဦးကျော်လှ(သမာဓိ)က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးမြင့်ညို(အမေ့အိမ်)က အသင်း၏ လုပ်ငန်းလည်ပတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အခမ်းအနားတွင် ယခင်အပတ်အစည်းအဝေးမှတ်တမ်းနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြရာ အစည်းအဝေးတက်ရောက်ကြသည့် အလုပ်အမှုဆောင်များက ရှေ့လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးကြကြောင်း သိရသည်။ **ကျော်လှ(တောင်ငူ)**

တန့်ယန်းမြို့နယ် ဆိုလာစနစ်ဖြင့် မီးလင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ်အတွင်းရှိ ကျေးရွာတချို့တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် မီးလင်းနေပြီဖြစ်ကြောင်း သိရသည်။

တပ်ဆင်ပေးမှုမှာ တန့်ယန်းမြို့နယ်တွင် နောင်ခမ်းကျေးရွာ၌ ၄၆ စုံ၊ ပန်နဲ့ကျေးရွာ၌ ၄၈ စုံ၊ နားဟုတ်ကျေးရွာ၌ ၃၉ စုံ၊ လွယ်စေးကျေးရွာ၌ အစုံ ၅၀၊ နမ့်ဟူးလွယ်ကာ ကျေးရွာ၌ ၃၁ စုံ၊ ဟွေလွတ်ကျေးရွာ၌ ၄၄ စုံ၊ နမ့်လင်းကျေးရွာ၌ ၅၈ စုံ၊ နောင်ဖာကျေးရွာ၌ ၁၃၁ စုံ၊ မိုယောင်းကျေးရွာ၌ ၁၀၄ စုံ၊ မိုင်းကျိုင်ကျေးရွာ ၌ ၇၆ စုံ ဖြစ်သည်။ အဆိုပါ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၁၁ ရွာကို ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်း အစုံပေါင်း ၆၈၀ ငွေကျပ်သန်း ၁၃၄ ဒသမ ၇၃၄ အကုန်အကျခံ ဆောင်ရွက်တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးပွင့်(အထူး)စီမံချက် ခြောက်လအတွင်း ဆောင်ရွက်မည်

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးအောင်နိုင်ဦးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၄ ရက်က ကင်ပွန်းတန်းကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးရုံး၌ မိုးပွင့်(အထူး)စီမံချက်အရ အိမ်ထောင်စုလူဦးရေစာရင်းဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို One Stop Service ဖြင့် နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးမည့်လုပ်ငန်း အသေးစိတ်အကြောင်းကို ကင်ပွန်းတန်းကျေးရွာနေ ပြည်သူများထံ အသိပေးတင်ပြရှင်းလင်းခဲ့ကြောင်း သိရသည်။ **ကိုကြီးကျော်(ပျဉ်းမနား)**

ရာသီဥတုဒဏ်မှကာကွယ်နိုင်ရန် ပုံစံသစ်ဖြင့် စပျစ်စိုက်ပျိုးလာ

ရမည်းသင်း ဇန်နဝါရီ ၁၅

ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာအပါအဝင် ကျေးရွာ ၂၄ ရွာက စပျစ်သီးများ မြန်မာနိုင်ငံ အနှံ့အပြားသို့ တင်ပို့ရောင်းချလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။ စပျစ်မျိုးများကို မိရိုးဖလာမျိုးများ၊ စိုက်နည်းစနစ်များဖြင့် အချိန်ကာလကြာမြင့်စွာ စိုက်ပျိုးလာခဲ့ရာမှ ရာသီဥတုဒဏ်အကြမ်းမခံနိုင်မှုများ၊ ပျက်စီးဆုံးရှုံးမှုစရိတ်များကြောင့် စိုက်နည်းစနစ်သစ်များဖြင့် ယခုအခါ စတင်စိုက်ပျိုးလာခဲ့ကြသည်။

ထိုအချိန်မှစတင်၍ စပျစ်စိုက်တောင်သူများသည် လာမည့်နှစ်စိုက်ပျိုးမှုတွင် နည်းစနစ်သစ်များဖြင့် ရာသီဥတုဒဏ်ခံနိုင်အောင် ကြိုးပမ်းစိုက်ပျိုးရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ယခုနှစ် စပျစ်စိုက်ရာသီတွင် စပျစ်စိုက်ခင်းကြီးများပေါ်တွင် ပလတ်စတစ်များ ဖုံးအုပ်ကာရံပြီး စိုက်ပျိုးလာကြသည်ကို တွေ့မြင်နေရသည်။

"ကျွန်တော်တို့ စပျစ်စိုက်တောင်သူတွေဟာ ရှေးနှစ်ပေါင်းများစွာကတည်းက စပျစ်စိုက်ပျိုးမှုနဲ့ အသက်မွေးဝမ်းကျောင်း ပြုလာကြတာပါ။ ခေတ်ပြောင်းလာတာနဲ့ အမျှ နည်းစနစ်တွေလည်း ပြောင်းလာပါတယ်။ နည်းစနစ်လို့ဆိုရာမှာ အတွေ့အကြုံရှိသူများရဲ့ လုပ်နည်းအတိုင်း လိုက်လုပ်ကြတာပါ။ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့တောင်သူတွေ မကြုံစဖူး အရွယ်အစားကြီးမားတဲ့ မိုးသီးကြီးတွေ ကျလာတာကြောင့် ကျေးရွာ ၂၄ ရွာမှာရှိတဲ့ စပျစ်စိုက်ခင်း တစ်ပြင်လုံး ရစရာမရှိအောင် ပျက်စီးခဲ့ပါတယ်။ ဒီလိုရာသီဥတုဘေးက ကင်းဝေးဖို့နဲ့ လေဒဏ်၊ မိုးဒဏ်၊ ပိုးမွှားအန္တရာယ် ကာကွယ်ဖို့အတွက် ဒီပလတ်စတစ်အသုံးပြုပြီး စမ်းသပ်စိုက်ပျိုးတာပါ။ အခုစိုက်ပျိုးနည်းက အောင်မြင်ပါတယ်။

ကျွန်တော်စိုက်ထားတဲ့ မျိုးက ပန်းရောင်မျိုးပါ၊ အပင် ၁၂၀ ကျော်ရှိပါတယ်။ ဒီပန်းရောင်မျိုးက ရောင်းပန်းလှပြီး စားသုံးသူအကြိုက်တွေ့တာကြောင့် ပြည်ပပို့ကုန်အထိပါ တင်ပို့ရောင်းချနိုင်လို့ ဈေးကောင်းရပါတယ်။ ဒီလို အမိုးအကာတွေနဲ့ စိုက်ထားတော့ အရောင်အသွေးရော၊ အသီးပုံစံပါလှတဲ့အပြင် ပိုးမွှားကင်းစင်တဲ့အတွက် အထွက်နှုန်းလည်း သိသိသာသာ တိုးတက်လာပါတယ်။ မိုးကာပလတ်စတစ်အတွက် စရိတ်ကုန်ကျပေမယ့် ပိုးသတ်ဆေးဖျန်းမှုနဲ့ ရေသွင်းရတာတော့ တစ်ဝက်လောက် သက်သာပါတယ်။ ဒီစိုက်နည်းက ကျွန်တော် အင်တာနက် အသုံးပြုပြီး ရှာဖွေကြည့်ရာက တွေ့ရှိခဲ့တာပါ၊ တကယ်လက်တွေ့ စိုက်ကြည့်တော့လည်း အဆင်ပြေပါတယ်" ဟု ရွာတန်းကျေးရွာမှ စပျစ်စိုက်တောင်သူ ကိုကျော်သူထွန်းက မြန်မာ့အလင်း သတင်းအဖွဲ့ကို ရှင်းပြသည်။

ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာ ၂၄ ရွာတွင် ကျေးရွာအုပ်စု လေးစုရှိပြီး စပျစ်စိုက်ဧက ပေါင်းနှစ်ထောင်ကျော်ရှိကာ မြန်မာနိုင်ငံ၏ စပျစ်ဧကအများဆုံး စိုက်ပျိုးရာဒေသ တစ်ခုဖြစ်သည်။ စပျစ်သီးနှံသည် တစ်နှစ်လျှင် နှစ်သီးသီးပြီး စပျစ်တစ်ပင်၏သက်တမ်းမှာ ၁၅ နှစ်မှ ၂၅ နှစ်အထိရှိကြောင်း သိရသည်။ ထို့ကြောင့် စပျစ်စိုက်တောင်သူများမှာ အခြားသီးနှံစိုက်ပျိုးရန် စိတ်မကူးဘဲ စပျစ်သာလျှင် သူတို့၏ဘဝအဖြစ် ရှင်သန်နေထိုင် စိုက်ပျိုးလျက်ရှိကြောင်း ရွာတန်းကျေးရွာမှ သက်သေပြနေပါကြောင်း။ ။

သတင်းဆောင်းပါး- ကျော်သူဝင်း(မြန်မာ့အလင်း)
ဓာတ်ပုံ-သက်ထက်

မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးကျင်းပ

ပေါက် ဇန်နဝါရီ ၁၅

ကျေးလက်နေ ပြည်သူများ၏ မိသားစုဝင်ငွေ တိုးပွားစေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ပခုက္ကူခရိုင် ပေါက်မြို့နယ် တင်ငုတ်ပြင်ကျေးရွာအုပ်စု ရှားစေးချက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရေးအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးကိုကို၊ ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများတက်ရောက်ကြ၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး ခရိုင်နှင့်မြို့နယ် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီများမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ဖိုးသားလေး(ယောမြေ)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများမှ အသုံးပြုပြီး ပစ္စည်းအဟောင်းများဖြစ်သော (က) တာယာ ၁၈၈၃ လုံး၊ (ခ) ဘက်ထရီ ၄၇၁ လုံး၊ (ဂ) ဘိလပ်မြေအိတ်ခွံ ၁၂၀၀၀၀ လုံး၊ (ဃ) ပိုဇိုလန်အိတ်ခွံ ၁၇၉၇ လုံး၊ (င) Filter Bag (ဖုန်စုပ်အိတ်) ၉၃၅ လုံး၊ (စ) စက်အရန်ပစ္စည်း (ရောရာ) ၉ အုပ်စုနှင့် (ဆ) ရုံးသုံးပစ္စည်း (ရောရာ) ၁အုပ်စု တို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ ဈေးနှုန်းအဆိုပြုပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ **အိတ်ဖွင့်လေလံပိတ်ရက်** - ၃-၂-၂၀၁၅ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီ

၃။ အသေးစိတ်အချက်အလက်များနှင့် ဈေးနှုန်းအဆိုပြုပုံစံအား ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ [အမှတ်(၁) နေပြည်တော်ပင်မဓာတ်အားခွဲရုံ]၊ ဖုန်း-၀၆၇-၄၀၃၈၇၅ သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးနှင့်စိစစ်တန်ဖိုးဖြတ်ရေးအဖွဲ့
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ်4G/2628 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၈ဃ/၆၆၈၉ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်း ၉/သစန(နိုင်)၀၉၈၅၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

မွေးနေ့ဆုတောင်း

ချစ်ခင်ပွန်း၊ ချစ်ဖေဖေ ဗိုလ်မှူးအောင်နိုင်ဦး၏ ၁၆-၁-၂၀၁၅ ရက် မွေးနေ့ရက်မြတ်မှသည် ကျန်းမာပျော်ရွှင်စွာဖြင့် အောင်မြင်သောဘဝကို မိသားစုနှင့်အတူ ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး - ဗိုလ်ကြီးမြင့်မြင့်သန်း
ချစ်သား - မောင်ထက်ရဲရင့် (Grade IX, CAE နေပြည်တော်)
ချစ်သမီး - မကုဋ္ဌေထက်ခိုင် (အထက-၂ နေပြည်တော်)

Grate Father Land ဆောက်လုပ်ရေး အလှဆင်လုပ်ငန်းနှင့် ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၄၉၂၄၂ နှင့် အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးနိုင် ၁၂/ပဘတ(နိုင်)၀၀၆၁၀၈ အမှတ်(၁၄၃)၊ ၂၇လမ်း (အလယ်)၊ ပန်းဘဲတန်းမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်သည်။

ကျွန်ုပ်တို့၏ မိတ်ဆွေသည် အမှတ်(၂၊ ၄၊ ၆) (၁၁၊ ၁၃) ဗညားဒလလမ်းနှင့် မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ခြောက်ခန်းတွဲ ၁၂ ထပ်တိုက်မှ သုံးထပ်(A)ဘက်ခြမ်း တစ်ခန်းကို ၂၂-၁၀-၁၃ ရက်စွဲပါ စာချုပ်ဖြင့် ကာလပေါက်ဈေး ကျပ်သိန်း ၇၅၀ အပြီးအကျေပေးချေ၍ Grate Father Land ဦးကျော်မြင့်ထံမှ ဝယ်ယူခဲ့ပါသည်။

ရောင်းချသူ ဦးကျော်မြင့်သည် ထိုအခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေအား ယနေ့တိုင် ပေးအပ်ခြင်းမရှိသေးပါ။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဝယ်ယူထားသော အဆိုပါအခန်းကို ထပ်မံရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရွှေလှိုင်တင်	**ဒေါ်ခင်အေးလှိုင်**
B.A, HGP, D.L,D.B.L	**LL.B, LL.M**
စဉ်-၅၉၇၈	**စဉ်-၃၅၂၇**

ရှေ့နေနှင့်စီးပွားရေးလုပ်ငန်းများဥပဒေအကြံပေး
အမှတ်(၃၁)၊ ဘိုကလေးဈေးလမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၂၅၄၁၃၄၄၃၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက်အောက်ပါ Computer Plotter သုံး Cartridge နှင့်ဆက်စပ်ပစ္စည်းများအား ဌာန(နေပြည်တော်)အရောက်ပို့စနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(a)	Hp Design Jet Z 3100/3200lnk Cartridge	9 Sets
(b)	Hp Design Jet Z 3100/3200Print Head	4 Sets
(c)	Hp 1055 Plotter Cartridge	1 Set
(d)	Paper Roll (C 6020 B)(36"×150')	3 Rolls
(e)	Hp Design Jet Z 3200 Carriage Belt 44"	2 Nos

၂။ အိတ်ဖွင့်တင်ဒါများကို ၂၆-၁-၂၀၁၅ ရက်၊ တနင်္လာနေ့ ညနေ ၁၅:၀၀နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့
မြေတိုင်းဦးစီးဌာန၊
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၃၄၃၃

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/ နွယ်အေး)၊ မြေကွက်အမှတ် ၄၅၊ မြေကွက်တည်နေရာအမှတ် ၄၅/ခ၊ နဂါးနီ ၂ လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးဖိုးဆူး AZDR-၀၀၂၂၈၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးဖိုးဆူး(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်စန်းတီးမ (ခ)မလှလှဝင်း ၁၂/ဒပန(ပြု)၀၀၁၀၀၆ ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာ ၂၉၂၅၄/၁၄ / ၃၀-၁၀-၁၄ ဖြင့် ရရှိသော ဦးကျော်တင့် ၁၂/တမန(နိုင်)၀၄၂၃၂၁က ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အိမ်ထောင်စုပေါင်း ၅၀ ရာခိုင်နှုန်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်နေ

သတင်း-တင်မောင်လွင် (မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွေး

နေပြည်တော် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ၏ နှစ်စဉ်တိုးတက်သုံးစွဲနေသည့် လျှပ်စစ်ဓာတ်အားကို ပြန်လည်ဖြည့်ဆည်းရန်နှင့် ယခု ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၅၀ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် ၁၁၄ ရှိ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ဇန်နဝါရီ ၈ ရက် နံနက်က ကျင်းပခဲ့သည့် ဖြူးချောင်းရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံဖွင့်ပွဲ အခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ နှစ်စဉ်ထုတ်လုပ်သုံးစွဲနေတဲ့ လျှပ်စစ်ဓာတ်အားကို ပြန်ဖြည့်နိုင်ဖို့နဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ အိမ်ထောင်စုပေါင်း ၅၀ ရာခိုင်နှုန်းကို ဖြန့်ဖြူးပေးနိုင်ဖို့ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့ဆိုရင် အိမ်ထောင်စုပေါင်း ၃ ဒသမ ၁ သန်း လျှပ်စစ်ဓာတ်အားရရှိနေပြီဖြစ်တဲ့အတွက် ဒီသုံးလေးနှစ်သက်တမ်းကာလအတွင်း အိမ်ထောင်စုပေါင်း ၂၅ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားရရှိကာ ပိုမိုသုံးစွဲနိုင်ခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ထပ်မံပြောကြားသည်။

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန် လျှပ်စစ်ဓာတ်အား ရရှိရေးသည် အဓိကအရေးကြီးသည့် အချက်တစ်ခုဖြစ်သည်။ လျှပ်စစ်ဓာတ်အားရရှိမှုအပေါ် မူတည်ပြီး နိုင်ငံတော်တွင် အခြေခံကျသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့သည်လည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ယခင်က တပ်ဆင်စက်အင်အား စုစုပေါင်း ၃၁၀၀ မဂ္ဂါဝပ် တပ်ဆင်သုံးစွဲခဲ့ရာမှ ယခု ၂၀၁၅ ခုနှစ်ဆိုလျှင် စုစုပေါင်းတပ်ဆင်စက်အင်အား ၄၉၈၇ မဂ္ဂါဝပ်အထိ တပ်ဆင်ထားပြီးဖြစ်သည့်အတွက် အစိုးရသစ်သက်တမ်းကာလတွင် ၁၅၇၀ မဂ္ဂါဝပ်ကျော် တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၌ ဓာတ်အားရရှိရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ရေအား၊ သဘာဝဓာတ်ငွေ့၊ လေစွမ်းအင်၊ နေစွမ်းအင်၊ ကျောက်မီးသွေး စသည့်အမျိုးအစားများဖြင့် ထုတ်လုပ်ပေးလျက်ရှိသည်။ ၎င်းတို့အနက် ရေအားဖြင့်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် အချိန်ကြာမြင့်သော်လည်း ကုန်ကျစရိတ်သက်သာခြင်းနှင့် ရေရှည်အကျိုးရှိခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရသည်။

လျှပ်စစ်ဓာတ်အားကို မိုင်ဝေးသည့်နေရာများအထိ ပို့လွှတ်ပေးနိုင်ရန် မြန်မာနိုင်ငံတွင် မရှိသေးသည့် ဓာတ်အားလိုင်းဖြန့် ၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်းစနစ်ကိုလည်း ယခုအခါ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ဓာတ်အား ဖြန့်ဖြူးပေးတဲ့အခါမှာ အရင်က ဗို့အား ၁၁ ကေဗွီ၊ ၃၃ ကေဗွီ၊ ၆၆ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၂၃၀ ကေဗွီ အစရှိတဲ့ဓာတ်အားလိုင်းတွေနဲ့ပို့လွှတ်ပေးနေတာပါ၊ အခုတော့ အဝေးဆုံးနေရာတွေအထိရောက်အောင် ဓာတ်အားပို့လွှတ်နိုင်ဖို့အတွက် အကြီးဆုံး ၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်းစနစ်ကို စတင်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သွယ်တန်းမှုတွေကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်"ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းဝေက မြန်မာ့အလင်းသို့ ပြောသည်။

ရွှေလီမြို့သို့သွားရောက်လည်ပတ်သူ တစ်နေ့တခြားများပြားလာ

ရွှေလီ ဇန်နဝါရီ ၁၅

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှုအရ ထိပ်တန်းနိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံအတွင်း ကြည့်ရှုလေ့လာလည်ပတ်ရန် နေရာဒေသများစွာရှိနေခြင်း၊ ကုန်ပစ္စည်းဝယ်ယူရန် ဈေးများစွာရှိနေခြင်း၊ သေသပ်လှပသည့် မြို့ပြအင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံနေခြင်းတို့ကြောင့် မြန်မာလူမျိုးတို့အနေဖြင့် သွားလာလည်ပတ်ရန် လွယ်ကူသည့် တရုတ်ပြည်သို့ အများအပြား သွားလာရောက်လည်ပတ်ကြကြောင်း သိရသည်။

တရုတ်နိုင်ငံရွှေလီမြို့သို့ သွားရောက်ရန် နှစ်နိုင်ငံနယ်စပ်ဖြစ်သည့် ကျယ်ဂေါင်မှ ဆင်ဖြူဂိတ်နှင့် နန်းတော်ဂိတ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက စိစစ်ခွင့်ပြုထုတ်ပေးသည့် နိုင်ငံကူးလက်မှတ်ဖြင့် သွားရောက်ကြရကြောင်း သိရသည်။ ဆင်ဖြူဂိတ်နှင့်နန်းတော်ဂိတ်တို့တွင် နိုင်ငံကူးလက်မှတ်ပြုလုပ်ရန် မြန်မာငွေကျပ် ၁၀၀၀သာ ပေးသွင်းရပြီး တရုတ်နိုင်ငံရှိ သတ်မှတ်မြို့များတွင် ခုနစ်ရက် နေထိုင်လည်ပတ်ခွင့်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်မည်ဆိုပါက တရုတ်နိုင်ငံသုံးယွမ်ငွေကို မြန်မာကျပ်ငွေနှင့် လဲလှယ်ရမည်ဖြစ်ပြီး ကျယ်ဂေါင်မှရွှေလီမြို့အထိ ၁၅ မိနစ်ခရီးကို လူတစ်ဦးလျှင် ငါးယွမ်နှုန်းဖြင့် ဆလွန်းကားငယ်လေးများစီး၍ သွားရောက်ရမည်ဖြစ်သည်။ ရွှေလီမြို့သို့ရောက်လျှင် မိမိကြိုက်နှစ်သက်ရာ နေရာများသို့ သွားရောက်လည်ပတ် ဈေးဝယ်နိုင်သည်။ ထမင်းစားလိုလျှင် ဆိုင်များစွာရှိပြီး မိမိကိုယ်တိုင်ဘူဖေးစနစ်ဖြင့် ဟင်းများကို ထည့်ယူစားသုံးနိုင်သော်လည်း ဟင်းအမျိုးအစားကိုလိုက်၍ ဈေးနှုန်းသတ်မှတ်ထားရှိကာ လူတစ်ဦးလျှင်အနည်းဆုံး ရှစ်ယွမ်မှတစ်ဆယ့်ငါးယွမ်အထိကုန်ကျကြောင်း သိရသည်။

ပစ္စည်း ဝယ်ယူလိုလျှင်လည်း ပစ္စည်းများတွင် ၁၀ ကျပ်၊ ကျပ် ၂၀၊ ကျပ် ၃၀ ဟူ၍ ဈေးနှုန်းများရေးသားဖော်ပြပေးထားပြီး ငွေရှင်းရာတွင် တရုတ်ယွမ်ဖြင့်သာ ပေးချေကြရသည်။ တချို့ဈေးနှုန်းကပ်ထားခြင်းမရှိသည့် ကုန်ပစ္စည်းများကို ဝယ်ယူလိုပါကလည်း လက်ညှိုးထိုးပြလိုက်လျှင် ဆိုင်ရှင်က ဂဏန်းပေါင်းစက်နှိပ်၍ ဈေးနှုန်းကိုပြသပြီး ရောင်းချဝယ်ယူနိုင်ကြသည်။ ရွှေလီမြို့တွင် မြန်မာလူမျိုးများစွာလည်း ရှိနေပြီး အခက်အခဲဖြစ်ပေါ်ပါက အကူအညီတောင်းခံလျှင် အလွယ်တကူပင် လိုက်လံကူညီပေးကြသည်ဟု သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ ဇန်နဝါရီ ၁၃ ရက်က အမက(၂၆) တွင် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို နယ်မြေကွင်းဆင်း၍ ဆောင်ရွက်ခဲ့ရာ မြို့နယ်ဦးစီးမှူး ဒေါ်လှလှမြင့်ဟောပြောစဉ်။ လှလှ

စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်လှစ်ပို့ချ

အမ်း ဇန်နဝါရီ ၁၅

ရခိုင်ပြည်နယ် အမ်းမြို့နယ် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတောင်ခန်းမ၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေးဦးစီးဌာန၏ ကူညီပူးပေါင်းဆောင်ရွက်မှုဖြင့် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းပညာသင်တန်း ဖွင့်လှစ်ခဲ့သည်။ ယင်းသင်တန်း၌ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ သင်တန်းနည်းပြ ဆရာတစ်ဦးက သင်တန်းတွင်ပို့ချရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး သင်တန်းသား ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းမောင်(အမ်း)**

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

အမှတ် ၃၃၊ အင်ကြင်းမြိုင်လမ်းသွယ် ၅၊ သုဝဏ္ဏ၊ ရန်ကုန်မြို့နေ **ဆရာကြီးဦးစိုးအောင်ထွန်း(ကျောင်းအုပ်ကြီး-ငြိမ်း၊ မြစ်ကြီးနားကောလိပ်)**အား ရန်ကုန်တက္ကသိုလ်၏ ၂၀၁၅ ခုနှစ် **ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ Doctor of Letters (Honoris Causa) နိုင်ငံ့ဂုဏ်ဆောင်စာပေပညာရှင်** ချီးမြှင့်ခြင်းခံရပါသဖြင့် အထူးပင်လှိုက်လှဲဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ အမျိုးဘာသာ၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂုဏ်ယူအပ်ပါသည်။

မြစ်ကြီးနားကောလိပ်
ဒုတိယအကြိမ်မြောက်အာစရိယပူဇော်ပွဲ
ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် ကျောင်းသား ကျောင်းသူဟောင်းများ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈(သမိုင်း)၊ မြေပိုင်မြေ၊ မြေကွက်အမှတ် ၄/ခ၊ ဧရိယာ ၁ ဒသမ ၃၄၃ဧကရှိ

မြေကွက်ကိစ္စအသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးခင်အောင်သိန်း ၁၂/မရက(နိုင်)၁၂၇၀၂၇၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါမြေနှင့်အကျိုးခံစားခွင့်များကို မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် ၁၀ နေ ဦးခင်အောင်သိန်း၏ ဖခင် ဦးတန်အိန်တိန်း(ကွယ်လွန်) ၁၂/မရက(နိုင်)၁၂၇၀၀၇ အမည်ပေါက် ပိုင်ဆိုင်သည့် ဘိုးဘွားပိုင်မြေကွက်ဖြစ်ပါသည်။

အထက်ပါမြေနှင့် အကျိုးခံစားခွင့်များကို ဥပဒေမဲ့ ကျူးကျော်ဝင်ရောက်နေသူများကိုဖယ်ရှားရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြဆောင်ရွက်နေရာ ယခုအခါ ကျူးကျော်ဝင်ရောက်နေသူများက ယခင်အဆောက်အအုံများအပြင် ထပ်မံ၍ ခွင့်ပြုချက်မဲ့အဆောက်အအုံများ ဆောက်လုပ်ရန် ပြင်ဆင်လာသည်ကို တွေ့မြင်နေရပါသည်။

ထိုသို့ ဥပဒေမဲ့ ခွင့်ပြုချက်မဲ့ မတရားကျူးကျော်ထပ်မံတည်ဆောက်လာသည်ကို ရပ်တန့်ရန်တားမြစ်လိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဦး B.A, R.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၂၉)
အမှတ် ၄၅၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၈၄၀၁

ကန့်ကွက်နိုင်ပါကြောင်း

အသက်(၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊လှော်ကားဈေးပိုင်း၊ လှော်ကားကျေးရွာ၊ အမှတ် ၅၁၃နေ (ဦးကြာဝါး-ဒေါ်ပွင့်)တို့၏သား၊ (ဦးတင်ကြည်-ဒေါ်ရင်)တို့၏ညီ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်နေ ဦးပြုံးစီ-ဒေါ်တင်ရွှေ၊ လှော်ကားဈေးပိုင်းနေ (ဒေါ်ကျင်မြ)တို့၏အစ်ကို၊ ဦးမြင့်သိန်း-ဒေါ်ခင်ခင်ထွေး၊ ဦးမြင့်အောင်-ဒေါ်သီသီဝင်း၊ ဦးအောင်သိန်း-ဒေါ်ထားထားစိုး၊ ဒေါ်မိုးမိုးစိုး၊ ဦးကျော်ကျော်သက်-ဒေါ်သင်းသင်းထိုက်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုး၊ (ဒေါ်ရှုဝမ်)၏ခင်ပွန်းသည် ၁၄-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ပိဋကတ်သုံးပုံ၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ငြိမ်း (ကမ္ဘာ့အေး)

အသက်(၉၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၃၀၄နေ (ဦးဘိုးနွယ်-ဒေါ်အုန်းခင်)တို့၏သမီး၊ (ဦးဖောင်-ဒေါ်ဝိုင်း)တို့၏ချွေးမ၊ (ဦးယု)၏ဇနီး၊ (ဦးလှမောင်-ဒေါ်စောရွှေ)၊ (ဦးမြ)၊ (ဦးအုန်းဖြူ-ဒေါ်သိန်း)တို့၏ညီမ၊(ဦးပေါ်တာ-ဒေါ်ချင်းမ)တို့၏အစ်မ၊ ဒေါ်ဝမ်ကြည်၊ (ဦးမောင်မောင်ထွန်း)၊ ဒေါ်စန်းစန်းအေး၊ ဦးစိန်အောင် - ဒေါ်မာမာလွင်၊ ဦးထွန်းမြင့် - (ဒေါ်မြင့်မြင့်စန်း)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ရဲဝင့်အောင်-မယဉ်ယဉ်မြင့်၊ (မောင်ဖြိုးသူအောင်)၊ မောင်အောင်နိုင်ထွန်း၊ မောင်အောင်ခိုင်ထွန်း၊ မောင်လင်းထွဋ်ကျော်၊ မခိုင်ခင်လွင်၊မခိုင်ဆုလွင်တို့၏အဘွား၊ မထွဋ်မြတ်သီဂီ၏ ဘွားဘွားကြီးသည် ၁၅-၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၅ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်ရီ(ခ)ဒေါ်တရုတ်မ

အသက်(၇၈)နှစ်

စစ်ကွင်းမြို့၊ တောင်ပိုင်းရပ်ကွက်နေ [ဦးလှမောင်(မီးသတ်ဗိုလ်) - ဒေါ်ချေးမလေး]တို့၏သမီးကြီး၊ (ဂျော်ကီအောင်တိုး)၏ဇနီး၊ ဦးဆန်ဦး၊ ဦးမြင့်ဇော်-ဒေါ်နှင်းယုနွယ်တို့၏မိခင်၊ မောင်ရဲမာန်တိုး (အထက-၂၊ ရန်ကင်း)၊ မမှူးအံ့ချိုချို (ရန်ကင်း- TTC)တို့၏ အဘွားသည် ၁၄-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၂၀နာရီတွင် အမှတ် ၁၃ (ခ)၊ အဝေရာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသက်နိုင်

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊၂၃လမ်း၊အမှတ်၈၃၂နေ တိုင်းရင်းဆေးဆရာကြီး ဦးခင်မြင့်-(ဒေါ်တင်လှ)တို့၏သားလတ်၊ ဆရာဦးကျော်သူ၏ညီ၊ ဦးစိုးအောင်-ဒေါ်ဝေဝေသင်းတို့၏အစ်ကို၊ မအင်ကြင်းခိုင် (Golden Myanmar Airline)၊ မောင်ဟန်စိုးပိုင်၏ဦးလေးသည် ၁၄-၁-၂၀၁၅ရက် မွန်းလွဲ ၂း၄၀နာရီတွင် (ခုတင်-၅၀၀) အဆုတ်နှင့်ရင်ခေါင်းဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၆-၁-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစောမောင်ဝင်း

နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်

ဥက္ကဋ္ဌ၊ သထုံမြို့နယ်ပါတီယူနစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သထုံမြို့နယ် ဦးဆောင်နာယက

ကရင်စာပေနှင့်ယဉ်ကျေးမှု သထုံမြို့နယ်

အသက်(၉၁)နှစ်

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ ရွှေချောင်းလမ်း၊ အမှတ် ၆၁၄နေ ဦးမြတ်ထော်-ဒေါ်စောမြိုင်တို့၏သား၊ ဦးပန်းကြာ-ဒေါ်မြစိန်တို့၏သားသမက်၊ ဒေါ်ဘီ၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ဦးအောင်စိုးမိုး(ငြိမ်း)-နော်မူမူဝင်း၊ ဦးစောဒိုစိုး-ဒေါ်နီလာစော၊ ဦးစောကြည်အောင်-နော်ဒေဗီဝင်း၊ အက်စ်မိုးမြင့်အောင်(E/O-Chell Shit)-နော်ကြူကြူဝင်း၊ စောမောင်မောင်ဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၅-၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ဂေါ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၁၅ရက် နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြင့်သိန်း

ကြည်း-၇၅၀၈၊ မော်ကွန်းဝင်(ဒုတိယဆင့်)

ရဲမှူးကြီး(ငြိမ်း)

အသက်(၈၈)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကော့ကရင်ကျေးရွာနေ(ဦးရွှေရင်-ဒေါ်အမာကြီး)တို့၏သား၊ (ဦးဖိုးမှုစ်-ဒေါ်သူတော်)တို့၏သားသမက်၊ (ဦးရွှေခင်-ဒေါ်အေးတင့်)တို့၏မောင်၊ (ဦးစိန်လွင်-ဒေါ်တင်တင်လှိုင်)တို့၏ညီ၊ (ဦးဝင်းဖေ)-ဒေါ်နုနုရီတို့၏အစ်ကို၊ ဦးတင်ဦး-ဒေါ်မိုမိုအောင်၊ (ဦးအေးဆွေထွန်း-ဒေါ်မြင့်မြင့်ဦး)၊ ဦးသိန်းလွင်-ဒေါ်စန်းစန်းချိုတို့၏ဖခင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရွှေမြယာကျေးရွာ၊ အေးသုခရပ်ကွက်၊ အမှတ် ၅/၉၇နေ (ဒေါ်တင်ညွန့်)၏ခင်ပွန်း၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၂-၁-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၈း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရွှေမြယာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးသံချောင်း

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားလမ်း(ဘုရားလမ်း)၊ အမှတ် (B-၈၂/၃)၊ နဝဒေးအိမ်ရာနေ (ဦးတင်-ဒေါ်သင်းကြိုင်)တို့၏သား၊ ဒေါ်ဖြူ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်မောင်း-ဒေါ်ခင်တင့်)၊ (ဦးလေးတင်-ဒေါ်ကျင်သန်း)တို့၏ညီ/မောင်၊ ဦးစု(ကျူရှင်)-ဒေါ်ညွှန့်ညွှန့်ဝေတို့၏ အစ်ကို၊ (ဦးငြိမ်းဦ)-ဒေါ်ဝင်းမေ၊ ဗိုလ်ကြီးမျိုးမြင့်(ငြိမ်း) (ဒုညွှန်မှူး၊ ငြိမ်း၊ မန်နေဂျာ ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း)-ဒေါ်အေးမြင့်၊ (ဦးကျော်လင်း)-ဒေါ်ခင်ဝေ၊ ဦးစိုးဝင်း၊ ဒေါ်သီတာထွေး(လူမှုဝန်ထမ်း)တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၄-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀နာရီတွင် သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၅ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြတ်မင်း

မင်းမင်း(ခ)သရုပ်ဆောင်ပြည်စိုး

ဖလင်အယ်ဒီတာ

အသက်(၄၉)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၂၄၉နေ (ဗိုလ်ကြီးအုံးရွှေ၊ ငြိမ်း)-ဆရာမဒေါ်အုံးမြင့်(အထက-၃၊တောင်ဥက္ကလာပ၊ ငြိမ်း)တို့၏သား၊ [ဆရာမဒေါ်ခင်ဦးမေ(အထက-၁၊ ရန်ကင်း)]၊ ဦးထိန်လင်း-ဒေါ်ခင်မေရီ(စမ်းချောင်း)တို့၏ညီ/မောင်၊ တကကက/စရ မိုးမြင့်ဇော်(အားကစားသိပ္ပံကျောင်း၊ရဲမွန်တပ်မြို့)၊ ဒေါ်ဝင်းဝင်းဆွေတို့၏အစ်ကို၊ တူ၊တူမ ငါးယောက်တို့၏ဦးလေးသည် ၁၄-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၂နာရီတွင် စံပြပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကြည်ဝင်း (ထားဝယ်)

အလပြ(ငြိမ်း)၊ အေးရိပ်ငြိမ်

အထက၊ ကော့သောင်း

အသက်(၇၀)

ထားဝယ်မြို့၊ ဇေယျဝတီကျောင်းတိုက် ပဌမဆရာတော်ဘဒ္ဒန္တအရိန္ဒမ(အဘိဓဇအဂ္ဂမဟာဇောတိက)နှင့် ဇေယျဝတီတိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)တို့၏ တူ၊ လောင်းလုံမြို့၊ညင်းမော်ရွာနေ ဦးမောင်အင်-ဒေါ်အေးလှတို့၏သား၊ ထားဝယ်မြို့၊ ကရင်ပြင်မြောက်ရပ်ကွက်၊ဆေးရုံလမ်းနေ (ဦးအုန်းသင်-ဒေါ်ကျင်ငွေ)တို့၏သားသမက်၊ ထားဝယ်မြို့၊ကရင်ပြင်(မြောက်)ဆေးရုံလမ်းနေ ဦးတင်ထွန်း၊ ဒေါ်ထွန်းလွင်တို့၏အစ်ကို၊(ဒေါ်လှကြည်)၏ခင်ပွန်း၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ် အထကမှ မူလတန်းပြဆရာမ ဒေါ်ကြည်ကြည်သက်၏ချစ်လှစွာသောဖခင်၊ ဦးကြည်ဝင်း (အလပြ၊ ကျောင်းဆရာ၊ ငြိမ်း)သည် ၁၄-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဆင့်

အသက်(၈၂)နှစ်

မုံရွာမြို့၊ ရှမ်းတောရပ်နေ (ဦးထွန်းရှိန်-ဒေါ်စိန်ပွင့်)တို့၏သမီး၊ ရန်ကုန်မြို့၊သင်္ဃန်းကျွန်းမြို့နယ်၊ဇဝနရပ်ကွက်၊ မင်္ဂလာရိပ်သာ၊ အမှတ် ၈/၂နေ ဦးငွေးမောင် (ဌာနမှူး၊ ငြိမ်း၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်)၏ ချစ်လှစွာသောဇနီး၊ ဦးသန်းစိုးထွန်း - ဒေါ်လှလှငွေး၊ ဦးအောင်မင်း-ဒေါက်တာစန်းစန်းငွေး၊ ဒေါ်ခင်ခင်ငွေး (အမက-၈၊ သင်္ဃန်းကျွန်း)၊ ဦးစိုးဝင်း (Total E & P Myanmar)-ဒေါ်ခင်သန့်ဇင်၊ဦးအောင်မင်းငွေး(မြို့ပြအင်/ယာ) - ဒေါ်အေးအေးပိုင်(လက်ထောက် အင်ဂျင်နီယာ၊ မြို့တော်စည်ပင်)၊ ဒေါက်တာမြင့်မြင့်ငွေး၊ ဦးအောင်ဝင်းငွေး-ဒေါ်ခင်မာလွင်တို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၄-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀း၃၇နာရီတွင် အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

လွတ်လပ်မျှတမှုရှိသော ရွေးကောက်ပွဲအဖြစ်အောင်မြင်စွာကျင်းပနိုင်ရေး အပြုသဘောဆောင် ရေးသားသတင်းဖြန့်ဝေပေးခြင်းဖြင့် ပူးပေါင်းရန်လို

သတင်း၊ စာမျက်နှာ-၃

အီးဗီဇာဖြင့် နိုင်ငံပေါင်း ၁၀၀မှ ခရီးသွားများ လာရောက်နိုင်

သတင်း-မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်　ဇန်နဝါရီ　၁၅

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များလာရောက်မှု တိုးတက်မြင့်မားလာစေရန် e-Visa စနစ်ဖြင့် လွယ်ကူစွာဝင်ရောက်နိုင်မည့် ကမ္ဘာ့နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ခရီးသွားများအား ထပ်မံခွင့်ပြုလိုက်ပြီဖြစ်သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ပထမသီတင်းပတ်မှ စတင်ကာ e-Visa ဖြင့် ဝင်ရောက်နိုင်သည့် နိုင်ငံပေါင်း ၃၂ နိုင်ငံမှာ အယ်လ်ဘေးနီးယား၊ အယ်လ်ဂျီးရီးယား၊ ဘီလာရုစ်၊ ဘူတန်၊ ဘိုလီဗီးယား၊ ဘော့စနီးယား၊ ကင်မရွန်း၊ ကော်စတာရီကာ၊ အိုင်ဗရီကို့စ်၊ အီကွေဒေါ၊ ဖီဂျီ၊ ဂျော်ဂျီယာ၊ ဂါနာ၊ ဂွါတီမာလာ၊ ဂျော်ဒန်၊ ကာဇက်စတန်၊ ကာတာ၊ တောင်အာဖရိက၊ ယူကရိန်း၊ ဥရုဂွေး၊ ဥဇဘက်ကစ္စတန် စသည့်နိုင်ငံများပါဝင်သည်။

စာမျက်နှာ ၈ ကော်လံ ၅ ◆

ဥပဒေအရကာကွယ်ထားသည့် တိရစ္ဆာန်များနှင့်အပင်များကို ထိခိုက်မှုတစ်စုံတစ်ရာ ပြုလုပ်ပါက ထိရောက်စွာအရေးယူမည်

နေပြည်တော်　ဇန်နဝါရီ　၁၅　　သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)

ဥပဒေအရကာကွယ်ထားသည့် မျိုးသုဉ်းလုနီးပါးဇီဝမျိုးစိတ်များဖြစ်သည့် သဘာဝအပင်များနှင့် တောရိုင်းတိရစ္ဆာန်များကို ပစ်ခတ်ခြင်း၊ ဖမ်းယူခြင်း၊ သယ်ဆောင်ခြင်း၊ ထုတ်ယူသုံးစွဲခြင်းများပြုလုပ်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မျိုးသုဉ်းလုနီးပါးဇီဝမျိုးစိတ်ဆိုတာကတော့ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်တွေဖြစ်တယ်။ တိရစ္ဆာန်ထဲမှာဆို မြန်မာ့မျိုးရင်းသတ္တဝါတောရိုင်းတိရစ္ဆာန်ရှိတယ်။ နောက် မြန်မာပြည်တွင် ကမ္ဘာပေါ်မှာရှိတဲ့ မြန်မာ့မျိုးရင်းမျိုးစိတ်ထဲကမှ ထိန်းသိမ်းထားတဲ့ မြန်မာ့ရွှေသမင်၊ ကြယ်လိပ်၊ တိုက်လိပ်စတဲ့လိပ်မျိုးစိတ်၊ ငှက်မျိုးစိတ်၊ တွားသွားသတ္တဝါမျိုးစိတ်တွေပါဝင်ပါတယ်။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေဆိုတာရှိတယ်။အဲဒီဥပဒေနဲ့ တိရစ္ဆာန်တွေကို ကာကွယ်တဲ့အခါမှာ ကာကွယ်မှုအဆင့်သုံးဆင့်နဲ့ ကာကွယ်ထားပါတယ်"ဟု သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်ကပြောကြားသည်။

ကာကွယ်မှုအဆင့်သုံးဆင့်မှာ လုံးဝကာကွယ်ထားသည့်တိရစ္ဆာန်များ၊ သာမန်ကာကွယ်ထားသည့် တိရစ္ဆာန်များနှင့်

စာမျက်နှာ ၈ ကော်လံ ၁ ■

ယနေ့ မာတိကာ

အမေရိကန်လွှတ်တော် အဆောက်အအုံ တိုက်ခိုက်ရန် စီစဉ်သူ အက်ဖ်ဘီအိုင်က အိုဟိုင်းယိုး၌ ဖမ်းဆီး　စာ » ၄

တမူးမြို့တွင် ဆူဒိုအက်ဖီဒရင်း အာနိုသင်ပါဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိ　စာ » ၅

ဖလက်ချာ မန်ယူမှထွက်ခွာနိုင်　စာ » ၁၃

ရွှေလင်ပန်းအိမ်ရာ ကျန်ရှိအပိုင်းနှစ်ပိုင်း ယခုနှစ်အပြီးတည်ဆောက်မည်　စာ » ၁၅

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂)ကို လေ့လာခြင်း

ရန်ကုန်　ဇန်နဝါရီ　၁၅

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂)ကို ယခုတစ်ပတ် စနေ၊ တနင်္ဂနွေနေ့များတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ ပွဲစဉ်(၁) တွင် သရေရလဒ်များခဲ့သော MNL ပြိုင်ပွဲများ ယခုတစ်ပတ်တွင်လည်း မည်ကဲ့သို့အဖြေများ ထွက်ပေါ်မလဲဆိုတာ ဆက်လက်ရှုစားရမည်ဖြစ်သည်။

ပွဲစဉ်(၂) အဖြစ် ဇန်နဝါရီ ၁၇ ရက်တွင် မုံရွာကွင်း၌ ဇေယျာရွှေမြေနှင့် ကမ္ဘောဇ၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်နှင့်ဧရာဝတီ၊ YUSC ကွင်း၌ ရန်ကုန်နှင့် ဟံသာဝတီ ဇန်နဝါရီ ၁၈ ရက်တွင် ပေါင်းလောင်းကွင်း၌ နေပြည်တော်နှင့် လက်ရှိချန်ပီယံ ရတနာပုံ၊ သုဝဏ္ဏကွင်း၌ ရခိုင်နှင့်မကွေး၊ အောင်ဆန်းကွင်း၌ ချင်းနှင့် မနောမြေတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၁)တွင် ရန်ကုန်နှင့် ဧရာဝတီအသင်းတို့သာ နိုင်ပွဲရခဲ့ပြီး နေပြည်တော်နှင့် ရခိုင်တို့ ရှုံးပွဲကြုံတွေ့ခဲ့ကာ ကျန်အသင်းများ သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

ဇေယျာရွှေမြေ - ကမ္ဘောဇ

ပြင်ဆင်မှုများစွာ ပြုလုပ်ထားသော်လည်း စာမျက်နှာ ၉ ကော်လံ ၄ ✻

အင်ဖာမြို့နှင့် မန္တလေးမြို့ ဘတ်စ်ကားလိုင်းပြေးဆွဲနိုင်ရေး နှစ်နိုင်ငံ တာဝန်ရှိသူများဆွေးနွေး

ကလေး　ဇန်နဝါရီ　၁၅

အိန္ဒိယနိုင်ငံ အင်ဖာမြို့နှင့် မြန်မာနိုင်ငံမန္တလေးမြို့သို့ ဘတ်စ်ကားလိုင်းပြေးဆွဲနိုင်ရေးအတွက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့်အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိသူငါးဦးတို့သည် ဇန်နဝါရီ ၁၅ ရက်က ကလေးခရိုင်ဆောက်လုပ်ရေးရုံးအစည်းအဝေးခန်းမ၌ ဘတ်စ်ကားလိုင်း အမြန်ပြေးဆွဲနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"ပြေးဆွဲမည့် လမ်းကြောင်းနှင့်ရက်ကို အတိအကျမသိရသေးပါဘူး။ အိန္ဒိယနိုင်ငံ အင်ဖာ၊ မိုရေးမြို့မှ မြန်မာနိုင်ငံ တမူး၊ ကလေးလမ်းကို လာမှာပါ။ ကလေးကနေပြီးမန္တလေးကို ကလေးဝ-ယာကြီးလမ်းက ပြေးဆွဲမလား၊ ဒါမှမဟုတ် ကလေး-ဂန့်ဂေါလမ်းက ပြေးဆွဲမလားဆိုတာမသိရသေးပါဘူး။ လမ်းအခြေအနေကို လာကြည့်တာပါ" ဟု ခရိုင်ဆောက်လုပ်ရေးအင်ဂျင်နီယာမှူး ဦးမြင့်ဝင်းက ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၅ ✻

ထူးခြားသည့် ညအပူချိန်များ

၁၅-၁-၂၀၁၅

ဟားခါးမြို့
၄ ဒီဂရီစင်တီဂရိတ်

မချမ်းဘောမြို့
၇ ဒီဂရီစင်တီဂရိတ်

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

မြန်မာ့အလင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ သောကြာနေ့။

ပြည်တွင်းရေးရာ

သစ်အလုံးလိုက်တင်ပို့ခွင့်ရပ်ပြီး ပုဂ္ဂလိကစိုက်ခင်းများတည်ထောင်ခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိမည်

စာ - ၄

လူမှုစီးပွား

မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာ လျှောက်လွှာများရောင်း

စာ - ၅

ကိုယ့်အနာဂတ်ကို ထမ်းထားတဲ့မက်ဆီ

စာ - ၂

ဇန်နဝါရီရဲ့ နှစ်ပတ်လျှ အပြောင်းအရွှေ့

စာ - ၇

ဝုဖ်ဘတ်လူငယ်ကစားသမား မာလန်ဒါ သေဆုံးခဲ့ရသည့် ယာဉ်မတော်တဆမှုတွင် မောင်းနှင်သူသည် လိုင်စင်မရှိသူဖြစ်နေ

စာ - ၇

PREMIER LEAGUE

ပရီမီယာလိဂ်ပွဲစဉ် (၂၂)

စနေနေ့ (၁၇-၁-၁၅)			
ည ၉း၃၀	ဗီလာ	vs	လီဗာပူး
ည ၉း၃၀	ဘန်လေ	vs	ပဲလေ့စ်
ည ၉း၃၀	လက်စတာ	vs	စတုတ်
ည ၉း၃၀	ကျူပီအာ	vs	မန်ယူ
ည ၉း၃၀	ဆွမ်ဆီး	vs	ချဲလ်ဆီး
ည ၉း၃၀	စပါး	vs	ဆန်းဒါးလန်း
နံနက် ၀၀း၀၀	ကာဆယ်	vs	ဆောက်သမ်တန်
တနင်္ဂနွေနေ့ (၁၈-၁-၁၅)			
ည ၈း၀၀	ဝက်စ်ဟမ်း	vs	ဟားလ်
ည ၁၀း၃၀	မန်စီးတီး	vs	အာဆင်နယ်
တနင်္လာနေ့ (၁၉-၁-၁၅)			
နံနက် ၂း၃၀	အဲဗာတန်	vs	ဝက်စ်ဘရွန်း

LIGA BBVA

စပိန်လီဂါပွဲစဉ်(၁၉)

သောကြာနေ့ (၁၆-၁-၁၅)			
နံနက် ၂း၁၅	ကော်ဒိုဘာ	vs	အီဘာ
စနေနေ့ (၁၇-၁-၁၅)			
ည ၉း၃၀	ဆိုစီဒက်	vs	ဗယ်လီကာနို
ည ၁၁း၃၀	ဗလင်စီယာ	vs	အယ်မာရီယာ
နံနက် ၁း၃၀	ဗီလာရီးရဲ	vs	ဘီဘာအို
နံနက် ၃း၃၀	အက်စ်ပန်ညို	vs	ဆယ်တာဗီဂို
စနေနေ့ (၁၇-၁-၁၅)			
ညနေ ၅း၃၀	ဂီတာဖေး	vs	ရီးရဲ
ည ၁၀း၃၀	အက်သလက်	vs	ဂရန်နာဒါ
နံနက် ၀၀း၃၀	ဒီပို့တီဗို	vs	ဘာစီလိုနာ
နံနက် ၂း၃၀	အဲလ်ချီ	vs	လီဗန်တေး
နံနက် ၂း၃၀	ဆီဗီလာ	vs	မာလာဂါ

PUN HLAING HOSPITAL

အလှအပနှင့်အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ် (ထိုင်း)

ဇန်နဝါရီလ ၂၁ ရက်မှ ၂၄ ရက်နေ့အထိ

မျက်ခွံခွဲခြင်း
နှာတံပြုပြင်ခြင်း
အဆီပိုများကိုအဆီစုပ်စက်ဖြင့်ဖယ်ရှားပေးခြင်း
ရင်သားအလှပြုပြင်ခြင်း
မေးရိုးပါးနှုတ်ခမ်းကွဲပြုပြင်ခြင်း
လည်ပင်းအရေပြားတင်းအောင်ပြုပြင်ခြင်း
မျက်နှာအရေပြားတင်းအောင်ပြုပြင်ခြင်း
အဆီပိုများကိုခွဲစိတ်ပြုပြင်ခြင်း
ဗိုက်ရေပြုပြင်ခြင်း

LIKE US ON facebook Pun Hlaing Hospital

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ ၆၈၄ ၃၂၅၊ ၆၈၄ ၃၃၆၊ (၀၉) ၄၂၀၀ ၄၂၆၇၉၊ (၀၉) ၂၆၄ ၉၅၀ ၁၁၇ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၁ Email : marketing-phh@spa-mm.com

အခုစကတော့ သူ့လိုဘောလုံးသမားတစ်ယောက်ရဲ့အပြောင်းအရွှေ့ဟာ လှုပ်ခတ်ဖို့ ခက်ခဲလွန်းပါတယ်လို့ထင်ခဲ့ကြတာ။ သူကလည်း ထိပ်တန်းကစားသမားဖြစ်သလို သူ့ရဲ့ကလပ်အသင်းကလည်း ထိပ်တန်းအသင်းဖြစ်နေတာဆိုတော့ အပြန်အလှန်စွန့်လွှတ်ဖို့ခဲယဉ်းမှုနဲ့အတူ သူနဲ့ သူ့အသင်းရဲ့ပေါင်းထုပ်မှုဟာသူ့ရဲ့ဘောလုံးသမားဘဝနောက်ဆုံးနေ့အထိ အမြစ်တွယ်သွားနိုင်မယ်လို့ယူဆခဲ့ကြပေမယ့် အခုတော့ သူ့ရဲ့မတည်ငြိမ်မှုတွေ စာမျက်နှာပေါ်ရောက်လာတဲ့အခါ သူ့ရဲ့အနာဂတ်ကပါ လှုပ်လှုပ်ခတ်ခတ်ဖြစ်လာတယ်။

ကိုယ့်အနာဂတ်ကိုထမ်းထားတဲ့ မက်ဆီ

ဝေမိုးဆက်

သူ့ရဲ့လက်ရှိအနေအထား။ အဲဒါဟာ အတော်ကလေး လှုပ်လှုပ်ခတ်ခတ်နိုင်တယ်။ အထူးသဖြင့် လာလီဂါပွဲစဉ် (၁၇) မှာ သူ့အသင်းက ဆိုစီဒက်စ်ကို ရှုံးတယ်။ အဲဒီပွဲမှာ သူက ပွဲထွက်ခွင့်မရဘူး။ ဒုတိယပိုင်းရောက်မှ လူငယ်လေး မူနီယာရဲ့နေရာမှာ အစားဝင်ကစားရတယ်။ ဒါဟာ ဘာကြောင့်လဲ။ အမျိုးမျိုးတွေးကြတယ်။ သူတို့အသင်းပွဲမထွက်ခင်မှာ အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ ရီးရဲကရှုံးပွဲကြုံတယ်။ အဲဒီလို အခြေအနေမှာ တကယ်လို့သူတို့သာနိုင်ခဲ့ရင် အဲဒီပွဲအပြီး အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရမှာက သူတို့ဖြစ်မယ့်အခြေအနေမှာ သူ့ကိုပွဲထွက်မသုံးဘူး။ သူကပွဲထွက်ကစားခွင့်မရဘူးဆိုတော့။ အားလုံးရဲ့ကောက်ချက်မှာသူနဲ့အသင်း နည်းပြကြား ပြဿနာတစ်စုံတစ်ရာရှိနေပြီလားဆိုတဲ့ အတွေးမျိုးတွေဝင်ကုန်ကြတယ်။ ယူဆလက်သင့်ခံကုန်ကြတယ်။

ဒါပေမယ့်။ သူ့ရဲ့အဲဒီဖြစ်စဉ်ရဲ့ နောက်ကွယ်မှာ အဆိုပါအကြောင်းခြင်းရာ တစ်ခုတည်းအပေါ်မှာ အခြေခံတွက်ချက်လို့တော့ မရနိုင်ဘူး။ အမှန်တကယ် သူနဲ့ နည်းပြကြား မပြေလည်မှုတွေရှိခဲ့တယ်ဆိုတာ မှန်ပါတယ်ဆိုရင်တောင် အသင်းအပေါ် အကျိုးပြုနိုင်မှုနဲ့ အသင်းအသိုင်းအဝိုင်းတစ်ခုလုံးရဲ့ အလေးထားမှု အတိုင်းအဆပမာဏအရ သူက အသင်းကို စွန့်ခွာပြေးရမယ့် အခြေအနေရှိနိုင်ပါ့မလားဆိုတာ စဉ်းစားစရာသိပ်ကောင်းတယ်။ လက်ရှိသူတို့အသင်းရဲ့ နည်းပြ လူးဝစ်အင်းနရစ်ဆိုတာ သမိုင်းကြောင်းခိုင်မာတဲ့နည်းပြတစ်ဦးမဟုတ်ဘူး။ ဘာစီလိုနာ (B)အသင်းကို ကိုင်တွယ်ဖူးတယ်။ ရိုးမားကိုဦးဆောင်ဖူးတယ်။ ဆဲလ်တာဗီဂိုကို လမ်းညွှန်ဖူးတယ်။ ဒီလောက်ပဲ သူ့ရဲ့နည်းပြသက်တမ်းမှာ အဲဒီထက်ပိုပြီး မှတ်ကျောက်တင်စရာဘာမှမည်မည်ရရမရှိဘူး။ အောင်မြင်မှုကအစ။ အသင်းကို ဦးဆောင်နိုင်မှုအရည်အသွေးအဆုံး ထင်ရှားထူးချွန်တဲ့လုပ်ဆောင်ပြနိုင်မှု ဘာမှသိပ်မရှိတဲ့အခါ တကယ်သာ သူ့အနေနဲ့နည်းပြနဲ့ အဆင်မပြေတာမှန်ရင် သူက ထွက်ပြေးဖို့လိုမယ်တဲ့လား။

အခုတောင်အသင်းဥက္ကဋ္ဌ ဘာတိုမြူက နည်းပြရဲ့အနေအထားကို စောင့်ကြည့်နေတယ်လို့ သတင်းတွေထွက်တယ်။ ပြီးတော့ သူနဲ့ထိပ်တိုက်တွေ့ဆုံကာ နည်းပြနဲ့ သူ့ကြားက ဆက်ဆံရေးကို ရှင်းရှင်းလင်းလင်းသိရဖို့ မေးမြန်းသွားမယ်လို့

> မက်ဆီကိုယ်တိုင်က အသင်းကို စိတ်ကုန်ပြီဆိုရင်တော့။ ပြောခဲ့ပြီးသလို သူ့အတွက် သတ်မှတ်ထားတဲ့ ပြောင်းရွှေ့ကြေးပမာဏဟာ ပေးနိုင်တဲ့အသင်း နည်းပေမယ့် မရှိတာမဟုတ်တော့။ တကယ်လို့ သူ့ရဲ့ လက်ရှိမတည်ငြိမ်မှုဟာ နည်းပြနဲ့ အဆင်မပြေမှုဆိုတဲ့ ဘောင်ကိုကျော်ခဲ့ရင်တော့ သူ့ကိုထိန်းဖို့ ခက်လိမ့်မယ်။

လည်း အဲဒီသတင်းတွေမှာပါတယ်။ ဒီတော့ အဲဒါကို သူ့ရဲ့အဆင့်အတန်းနဲ့ချိန်ထိုးကြည့်။ သူဟာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား။ သူ့ကို ပခုံးချင်းယှဉ်စိန်ခေါ်နိုင်သူ ရော်နယ်ဒိုဆိုတဲ့ ပြိုင်ဘက်တစ်ဦးရှိပေမယ့် သူ့မှာ ရော်နယ်ဒိုထက်သာတဲ့စွမ်းဆောင်နိုင်မှုမရှိရင်တောင် သူ့မှာရှိတဲ့ အရည်အသွေးကအစ ရော်နယ်ဒိုထက်မနိမ့်ဘူးဆိုတော့။ အရှင်းဆုံးပြောမယ်။ တစ်ခေတ်မှာတစ်ဦး၊ နှစ်ဦးစသာပေါ်ထွက်လေ့ရှိတဲ့ သူ့လို ပါရမီရှင်ကစားသမားတစ်ဦးကို လွယ်လွယ်အစားထိုးမရခြင်းနဲ့အတူ ခပ်လွယ်လွယ်လက်လွှတ်ဖို့ ဘယ်လိုအသင်းမျိုးကဆုံးဖြတ်ပါ့မလဲ။ သူနဲ့အသင်းချုပ်ဆိုထားတဲ့ စာချုပ်မှာကိုက သူ့ရဲ့အပြောင်းအရွှေ့အတွက် သတ်မှတ်ကြေးကပေါင် ၉၆ သန်းဆိုတော့။ အဲဒါဟာ အသင်းအနေနဲ့သူ့ကို လက်မလွှတ်ချင်တဲ့သဘောဆိုတာ ရှင်းတယ်။

ဘောလုံးလောကမှာ ဥရောပဘောလုံးအဖွဲ့ချုပ်ရဲ့ အခုချမှတ်ထားတဲ့ ဘဏ္ဍာရေးထိန်းညှိမှုဥပဒေအရ ငွေရှိပေမယ့် အဲဒီပမာဏအတိုင်းပေးချေကာသူ့ကို ခေါ်ဖို့ဆိုတာ အသင်းအများစုအတွက် လွယ်ကိုမလွယ်ဘူး။ လက်ရှိအခြေအနေမှာ သူပြောင်းရွှေ့ဖြစ်မယ်လို့ သတင်းတွေထွက်နေတဲ့ ချယ်လ်ဆီး။ သူ့ကိုခေါ်ယူချင်ပါတယ်ဆိုတဲ့ မန်စီးတီးတို့ကအစ ငွေရှိပြီးခေါ်နိုင်သော်ငြား အဲဒီစည်းမျဉ်းကြောင့်ခေါ်ဖို့ဆိုတာ သိပ်ပြီးခက်တယ်။ ဗြိတိန်အခြေစိုက်သတင်းစာတစ်စောင်ရဲ့ ဖော်ပြမှုအရ သူ့ကိုခေါ်နိုင်တာက ဥရောပမှာ နှစ်သင်းထက်မပိုဘူး။ အဲဒီနှစ်သင်းက မန်ယူနဲ့ ရီးရဲဖြစ်ပြီး ရှက်ဖီးလ်ဟယ်လစ်တက္ကသိုလ်က ဘောလုံးရေးရာ ကျွမ်းကျင်သူ ရော့ဘ်ဝီလ်ဆင်က "ဘဏ္ဍာရေးထိန်းညှိနိုင်းစည်းမျဉ်းအရ မက်ဆီကိုခေါ်နိုင်တဲ့အသင်းဟာ ဥရောပါမှာ မန်ယူနဲ့ရီးရဲသာရှိတယ်"လို့ အတိအလင်းထုတ်ပြောခဲ့သလို ချယ်လ်ဆီးမန်နေဂျာမော်ရင်ဟိုကလည်း အဲဒီဘဏ္ဍာရေးထိန်းညှိမှုစည်းမျဉ်းအရ မက်ဆီကို ခေါ်ယူရေးဟာ မဖြစ်နိုင်ပါဘူးလို့ အတိအလင်းပြောထားတဲ့အခါ သူနဲ့ချုပ်ဆိုထားတဲ့ စာချုပ်ပါအချက်အရ သူ့ကို အသင်းက လွယ်လွယ်နဲ့ လက်မလွှတ်ချင်တာ ထင်ရှားလွန်းတယ်။

မက်ဆီကိုယ်တိုင်ကအသင်းကို စိတ်ကုန်ပြီဆိုရင်တော့။ ပြောခဲ့ပြီးသလို သူ့အတွက် သတ်မှတ်ထားတဲ့ ပြောင်းရွှေ့ကြေးပမာဏဟာ ပေးနိုင်တဲ့အသင်းနည်းပေမယ့် မရှိတာမဟုတ်တော့။ တကယ်လို့ သူ့ရဲ့လက်ရှိမတည်ငြိမ်မှုဟာ နည်းပြနဲ့ အဆင်မပြေမှုဆိုတဲ့ဘောင်ကို ကျော်ခဲ့ရင်တော့ သူ့ကိုထိန်းဖို့ ခက်လိမ့်မယ်။ ဥက္ကဋ္ဌဟောင်း လာပေါ်တာကိုထောက်ခံတဲ့ ဂျိုဟန်ခရိုက်ခ်ကို အသင်းမှာ နေရာမပေးမှု၊ နေမာကို ခေါ်ယူခဲ့ရာမှာ အရှုပ်အထွေးဖြစ်ပေါ်ခဲ့မှု၊ အဘီဒဲလ်ရဲ့ စာချုပ်ကို သိက္ခာမရှိဖျက်သိမ်းခဲ့မှု၊ အသင်းရဲ့ အထွေထွေဒါရိုက်တာ ရော့ဆစ်ချ်ကို ထုတ်ပယ်ခဲ့မှု၊ လူငယ်ဘောလုံးသမားတွေကို ခေါ်ယူရာမှာ မရိုးမသားပြုလုပ်ခဲ့တဲ့အတွက် ကစားသမားခေါ်ယူခွင့် အပြောင်းအရွှေ့နှစ်ခုပိတ်ပင်ခံရမှု၊ မာတီနိုနဲ့ အန်းနရစ် တို့ကို နည်းပြနေရာ လွယ်လွယ်ပေးခဲ့မှုနဲ့ နောက်ဆုံးအရည်အသွေးရှိတဲ့ အားကစားဒါရိုက်တာ ဇူဘီဇာရက်တာ ထုတ်ပယ်ခံရမှုဆိုတဲ့ အသင်းအတွင်းမတည်ငြိမ်မှုတွေနဲ့ လက်ရှိရီးရဲနဲ့ အက်သလက်တီကိုတို့ရဲ့ စိန်ခေါ်မှုတွေကို ထိထိမိမိမဟန့်တားနိုင်တော့ခြင်းတွေအရ။ သူ့အနေနဲ့ အသင်းရဲ့ အရှုပ်အထွေး၊ အသင်းရဲ့ရလဒ်ပိုင်းကို စိတ်ကုန်လာပြီဆိုရင်တော့ တားဖို့ခက်မယ်လို့မြင်ကြသလို သူ့အနာဂတ်ဟာ သူ့အတွေးနဲ့ သူ့ဆုံးဖြတ်ချက် အပေါ်မှာသာ မူတည်မယ်လို့ဆိုရင်. . . . . ။

အာရှဖလား

သောကြာနေ့ (၁၆-၁-၁၅)			
နေ့လည် ၁း၃၀	ပါလက်စတိုင်း	-	ဂျော်ဒန်
ညနေ ၃း၃၀	အီရတ်	-	ဂျပန်
စနေနေ့ (၁၇-၁-၁၅)			
ညနေ ၃း၃၀	ဩစတြေးလျ	-	တ/ကိုရီးယား
ညနေ ၃း၃၀	အိုမန်	-	ကူဝိတ်
တနင်္ဂနွေနေ့ (၁၈-၁-၁၅)			
ညနေ ၃း၃၀	ဥဇဘက်ကစ္စတန်	-	ဆော်ဒီ
ညနေ ၃း၃၀	တရုတ်	-	မ/ကိုရီးယား
တနင်္လာနေ့ (၁၉-၁-၁၅)			
ညနေ ၃း၃၀	အီရန်	-	ယူအေအီး
ညနေ ၃း၃၀	ကာတာ	-	ဘာရိန်း
အင်္ဂါနေ့ (၂၀-၁-၁၅)			
ညနေ ၃း၃၀	ဂျပန်	-	ဂျော်ဒန်
ညနေ ၃း၃၀	အီရတ်	-	ပါလက်စတိုင်း

ဇနန်နဝါရီရဲ့ နှစ်ဖက်လှအပြောင်းအရွှေ့

ဒီဇန်နဝါရီမှာ အီတလီကလပ်အင်တာမီလန်သို့ ဘိုင်ယန်ကစားသမား ဆာကွီရီရောက်တယ်။ ဒါဟာ နှစ်ဦးနှစ်ဖက်အတွက် ကောင်းမွန်ပြည့်စုံတဲ့ အပြောင်းအရွှေ့တစ်ခုလို့ ပြောရင်ရမလား။ အထူးသဖြင့် အင်တာမီလန်ရဲ့ လက်ရှိရည်မှန်းချက်။ အဲဒီအပေါ်အခြေခံကာ နည်းနည်းနဲ့ကျဲကျဲဝိုင်းနေရချိန်မှာ ဆာကွီရီလို အရည်အချင်းရှိသူကိုရရှိမှု။ ပြီးတော့ အဲဒါကို ဆာကွီရီရဲ့ဘိုင်ယန်မှာ တိုးမရတဲ့အခြေအနေ။ အဲဒီနှစ်ခုကို ချင့်ချိန်ပေါင်းစပ်ရုံ၊ မြင်ရုံနဲ့တင် ဒီအပြောင်းအရွှေ့ဟာ နှစ်ဖက်လှပေါင်းထုပ်မှုဆိုတာ မြင်သာတယ်။

ဆာကွီရီရဲ့အသက်အရွယ်ဟာ ၂၃ နှစ်ဝန်းကျင်ရှိတယ်။ ဘောလုံးသမားတစ်ယောက်အတွက် အကောင်းဆုံးအချိန်မဟုတ်သေးသလို ငယ်ရွယ်သူတစ်ဦးသာဖြစ်တယ်ဆိုပေမယ့် သူ့မှာ အနာဂတ်တစ်ခုရှိတယ်။ အရှင်းဆုံးပြောရရင် သူဟာ ဆွစ်ဇာလန်ရဲ့ အမာခံကစားသမား။ နိုင်ငံတကာပွဲ ၄၂ ပွဲ ကိုယ်စားပြုပြီးပြီ။ ၂၀၁၀ ကမ္ဘာ့ဖလားနဲ့၂၀၁၄ ကမ္ဘာ့ဖလားကိုလည်း ဝင်နွှဲပြီးကာ စုစုပေါင်း ၁၅ ဂိုး သွင်းထားတယ်။ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ဟွန်ဒူးရပ်စ်ကို သုံးဂိုးနဲ့နိုင်တော့ သူတစ်ဦးတည်း အဲဒီဂိုးတွေကိုသွင်းခဲ့တာ။ အဲဒါအပြင် သူဂိုးသွင်းခဲ့တဲ့အထဲမှာ လစ်သူယေးနီးယား၊ ဆမ်မာရီနိုတို့လို အသင်းငယ်လေးတွေပါသလို ဘူဂေးရီးယားလို အလယ်အလတ်အသင်းနဲ့ အင်္ဂလန်၊ အာဂျင်တီးနားတို့လို ထိပ်တန်းအဆင့်အသင်းကြီးတွေ ပါဝင်နေတာကိုကြည့်ရင် သူဟာ ပြိုင်ဘက်မရွေး အကောင်းဆုံးရင်ဆိုင်နိုင်စွမ်းရှိသူဆိုတာ မြင်သာသလို အနာဂတ်တစ်ခု ခိုင်ခိုင်မာမာရှိတဲ့သူတစ်ယောက်ဆိုတာကလည်း သေချာတယ်။

ဒါပေမယ့် အဲဒီလိုအရည်အသွေးတွေက ဘိုင်ယန်မှာမပေါ်လွင်ဘူး။ ထုတ်ဖော်ပြသခွင့်မရဘူး။ ဘေဆယ်မှာ ခြေစမ်းပြနေခဲ့တဲ့သူ့ကို ၂၀၁၂-၂၀၁၃မှာ ဘိုင်ယန်ကခေါ်တယ်။ အဲဒီနှစ်မှာ ဘိုင်ယန်နဲ့အတူ ဘွန်ဒက်စ်လီဂါမှာ ၂၆ ပွဲ ပွဲထွက်ခွင့်ရခဲ့တာမှန်သော်ငြား ဘိုင်ယန်ကစားသမားဘဝမှာ ဘွန်ဒက်စ်လီဂါပြိုင်ပွဲအတွင်း အဲဒါဟာ ပွဲအများဆုံးကစားခွင့်ရခဲ့တဲ့ ရာသီပဲ။ အဲဒီနောက်ပိုင်းမှာ ဘွန်ဒက်စ်လီဂါပြိုင်ပွဲအတွင်း အဲဒီလောက်အထိပွဲထွက်ခွင့်မရခဲ့ဘူး။ ၂၀၁၃-၂၀၁၄မှာ ဘွန်ဒက်စ်လီဂါပွဲ ၁၇ ပွဲသာ ပွဲထွက်ခွင့်ရခဲ့သလို ဒီနှစ်ရာသီမှာလည်း ပထမနှစ်ဝက်အတွင်း ဘွန်ဒက်စ်လီဂါပွဲ ကိုးပွဲသာ ပွဲထွက်ခွင့်ရခဲ့တယ်။ ပြီးတော့ အဲဒီကိုးပွဲထဲမှာ ပထမ ၁၁ဦးအဖြစ် ပွဲထွက်ခွင့်ရတာက သုံးပွဲသာရှိကာ လူစားဝင်ကစားခဲ့ရတာက ခြောက်ပွဲအထိရှိတယ်ဆိုတော့ ဘိုင်ယန်မှာ သူ့အတွက်နေရာမရှိဘူးဆိုတာ သေချာတယ်။ ထင်သာမြင်သာ ရှိတယ်။

တကယ်တော့ ဘောလုံးသမားတစ်ဦးတစ်ယောက်အတွက် အရေးပါအရာရောက်ခြင်းဟာ ထိပ်တန်းအသင်းတစ်သင်းမှာ အသင်းသားတစ်ဦးဖြစ်ရတာထက် ပွဲကစားခွင့်များများရရှိခြင်းက ပိုလိုအပ်တယ်။ အသင်းကြီးတစ်သင်းရဲ့ အသင်းသားဖြစ်လို့ အောင်မြင်မှုတွေရယူနိုင်ပြီး ငွေကြေးခိုင်မာမှုရှိပေမယ့် ပွဲကစားခွင့်နည်းပါးနေရင် အဲဒါဟာ အဲဒီဘောလုံးသမားရဲ့ အနာဂတ်ကို သေဆုံးစေခြင်းနဲ့ မခြားသလို ပွဲကစားခွင့်များမှ ကိုယ့်အရည်အသွေးကို ပိုပြီးထက်အောင်သွေးယူနိုင်မှာဆိုတော့။ ဆာကွီရီဘက်က ကြည့်ရင် ဘိုင်ယန်ဟာ ထိပ်တန်းအသင်းကြီးဆိုပေမယ့် အင်တာဆီပြောင်းခဲ့တဲ့ စိတ်ပိုင်းဖြတ်မှုကို မှားတယ်လို့ဆိုနိုင်ပါ့မလား။

ပြောရရင် အင်တာမီလန်က လတ်တလောမှာ ပျက်ယွင်းမှုနဲ့ကြုံနေရတာမှန်တယ်။ ဒါပေမယ့် အင်တာမီလန်ဆိုတာကလည်း အစဉ်အလာရှိတဲ့ ထိပ်တန်းအသင်းကြီးတစ်သင်းဖြစ်တယ်။ လက်ရှိအချိန်မှာလည်း အင်တာဟာ ရလဒ်တွေဆိုးနေ အမှတ်ကွာဟမှုအခြေအနေနဲ့ လက်ရှိပွဲစဉ်တစ်ဝက်တောင်မကျိုးသေးတဲ့ အခြေအနေတွေအရ ချန်ပီယံလိဂ်ဝင်ခွင့် မရနိုင်ပါဘူးလို့ ဘယ်လိုမှပြောလို့ရတဲ့ အခြေအနေမျိုးမဟုတ်ဘူး။ အထူးသဖြင့်။ အသင်းဥက္ကဋ္ဌ သိုဟီရာမှာ ရည်မှန်းချက်ရှိတယ်။ ခနအင်အားပိုင်းအရ ဈေးကွက်ထဲမှာ တိုးဝင်ဖောက်ထွက်နိုင်ခြင်းမရှိပေမယ့် လုပ်နိုင်တဲ့ အတိုင်းအတာအတွင်းက အကောင်းဆုံးထောက်ပံ့ပေးနေတယ်ဆိုတာ မန်စီနီလိုနည်းပြမျိုးကို ခေါ်ယူခဲ့တာကသက်သေပဲ။ ပြီးတော့ ပိုဒေါစကီးလို အရည်အသွေးရှိသူကို မန်စီနီအတွက် ဖြည့်ပေးခဲ့ရတာကလည်း သိုဟီရာရဲ့ အသင်းအပေါ် အထောက်အပံ့ပေးနိုင်အားကို မြင်သာစေတယ်။

လတ်တလောမှာ မတည်ငြိမ်ပေမယ့် အစဉ်အလာရှိပြီး ဦးတည်ချက်တစ်ခုဆီ မရောက်ရောက်အောင်သွားနေတဲ့အသင်းမှာ ကစားရခြင်းဟာ အသင်းကြီးဖြစ်တဲ့ ဘိုင်ယန်ရဲ့ အရန်ခုံတန်းပေါ်မှာထိုင်နေရခြင်းထက် ဆာကွီရီအတွက် ပိုကောင်းတယ်လို့ ယူဆကြတယ်။ ဒါကြောင့်လည်း ဆာကွီရီကိုယ်တိုင်က အင်တာကိုရောက်ပြီးတဲ့နောက် "အင်တာမီလန်ကိုပြောင်းခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်က ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ပါ။ ဒီအချိန်မှာ ဘိုင်ယန်နဲ့ပတ်သက်ပြီး ဘာမှမပြောလိုပါဘူး။ အင်တာမီလန်နဲ့အတူ ကျွန်တော်ရဲ့ ရည်မှန်းချက်ကို ရောက်အောင်လုပ်ဆောင်သွားမှာပါ" လို့ကို အတိအလင်းထုတ်ပြောခဲ့တာ။

ဘိုင်ယန်မှာ သူတိုးမရခဲ့တာက ဂွာဒီယိုလာကြောင့်လို့တော့ ပြောလို့မရဘူး။ ပြောရရင် သူ့မှာအရည်အသွေးရှိတယ်ဆိုပေမယ့် ဘိုင်ယန်မှာက ကွင်းလယ်ကစားသမားတွေ အတော်များတယ်။ ရစ်ဘာရီ၊ ရော်ဘင်၊ စတိုင်ဂါ၊ ဂေါ့ဇီ၊ အလွန်ဆိုတို့ကို သူမကျော်ဖြတ်နိုင်ဘူး။ ဒီတော့ ဘွန်ဒက်စ်လီဂါပြိုင်ပွဲအတွင်း ပွဲထွက်ခွင့်နည်းပါးခဲ့ခြင်းအပေါ် သူ့အနေနဲ့ ဘယ်သူ့ကိုမှ စောဒကမတက်နိုင်သလို တကယ်လို့ အဲဒီမှာ ဆက်တင်းခံနေရင် သူ့ရဲ့အရည်အသွေးဟာ မသွေးတာကြာတဲ့ ဓားလို တဖြည်းဖြည်း အသွားတုံးသွားတဲ့အဖြစ်မျိုးနဲ့ ရင်ဆိုင်ရနိုင်ကာ သူ့ရဲ့လက်ရွေးစင်ဘဝကိုပါ ထိခိုက်နိုင်တာဆိုတော့။ သေချာတယ်။ သူ့ရဲ့ ရွေးချယ်မှုဟာ သူ့အတွက် သိပ်မှန်တယ်လို့မြင်ကြသလို သူလို ငယ်ရွယ်ပြီး အရည်အချင်းရှိသူမျိုးကို ရလိုက်ခြင်းဟာလည်း အင်တာမီလန်နဲ့ မန်စီနီအတွက် အထောက်အပံ့ကောင်းဖြစ်တယ်ဆိုတော့။

ဒီဇန်နဝါရီမှာ အီတလီကလပ် အင်တာမီလန်ဆီ ဘိုင်ယန်ကစားသမား ဆာကွီရီရောက်တယ်။ ဒါဟာ နှစ်ဦးနှစ်ဖက်အတွက် ကောင်းမွန်ပြည့်စုံတဲ့နှစ်ဖက်လှ အပြောင်းအရွှေ့တစ်ခုလို့ ပြောရင် လွန်မလား။

လင်းဆက်

မိခင်ကလပ်အသင်းအတွက် အရေးပါဆုံးကစားသမားများအနက် ဆန်းချက်ဇ်ထိပ်ဆုံးမှရပ်တည်

အာဆင်နယ်အသင်း တိုက်စစ်ကစားသမား အလက်ဆစ်ဆန်းချက်ဇ်သည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ အခြားကစားသမားများထက် မိခင်ကလပ်အသင်းအတွက် ပိုမိုအရေးပါသည့် ကစားသမားအဖြစ်ရပ်တည်နေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

လေ့လာဆန်းစစ်မှုတစ်ခုအရ ချီလီကစားသမား ဆန်းချက်ဇ်သည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် အာဆင်နယ်အသင်း ရရှိခဲ့သည့် ဂိုးများအနက်မှ ၁၉ ဂိုးနှင့် ပတ်သက်နေသူဖြစ်ပြီး အဆိုပါစွမ်းဆောင်နိုင်မှုသည် အခြားကစားသမားများထက် သာလွန်ကောင်းမွန်မှုရှိသည်ဟု ဆိုသည်။

အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်ကစားသမား ဆန်းချက်ဇ်သည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် အာဆင်နယ်အသင်းအတွက် ပွဲ ၂၀ ပါဝင်ကစားထားပြီး ၁၂ ဂိုးသွင်းယူပေးနိုင်ခဲ့ကာ အသင်းဖော်များ ဂိုးသွင်းယူနိုင်ရန် ခုနစ်ကြိမ် ဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ ၂၀ ပွဲ ကစားပြီးချိန်တွင် သွင်းဂိုး ၃၇ ဂိုးရရှိထားပြီး ရမှတ် ၃၆ မှတ်ဖြင့် အဆင့် ၅ နေရာတွင် ရပ်တည်နေသည်။

လေ့လာဆန်းစစ်မှုအရ ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် မန်စီးတီးတိုက်စစ်မှူး အဂူရိုသည် အသင်းရရှိခဲ့သည့် ဂိုးများအနက်မှ ၁၇ ဂိုးနှင့် ပတ်သက်မှုရှိခဲ့ပြီး ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာနှင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖာဘရီဂက်စ်တို့က ၁၆ ကြိမ်စီ၊ ကျူပီအာအသင်းတိုက်စစ်မှူး ချာလီအော်စတင်က ၁၅ ကြိမ် ပတ်သက်မှုရှိခဲ့ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ချီလီကစားသမား ဆန်းချက်ဇ်သည် ၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ဘာစီလိုနာမှ အာဆင်နယ်သို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဝန်းကျင်ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

ထက်အောင်

ယခုနှစ်ပရီမီယာလိဂ်၌ မိခင်ကလပ် အသင်းရရှိသည့်ဂိုးနှင့် အများဆုံး ပတ်သက်ခဲ့သည့် ကစားသမား ငါးဦး

အမည်	ကလပ်	သွင်းဂိုး	ဖန်တီးပေးမှု
ဆန်းချက်ဇ်	အာဆင်နယ်	၁၂	၇
အဂူရို	မန်စီးတီး	၁၄	၃
ကော်စတာ	ချယ်လ်ဆီး	၁၅	၁
ဖာဘရီဂက်စ်	ချယ်လ်ဆီး	၂	၁၄
အော်စတင်	ကျူပီအာ	၁၃	၂

အာဆင်နယ်ခံစစ်မှူး ဒီဘူချီ ပခုံးအဆစ်လွဲသည့် ဒဏ်ရာရရှိ

အာဆင်နယ်အသင်းက အိမ်ကွင်း၌ စတုတ်စီးတီးအသင်းကို ၃-၀ ဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်၌ အာဆင်နယ်အသင်း ညာတောင်ပံခံစစ်မှူး ဒီဘူချီသည် ပခုံးအဆစ်လွဲသည့် ဒဏ်ရာရရှိခဲ့ကြောင်း အာဆင်နယ်အသင်းမှ သတင်းထုတ်ပြန်လိုက်သည်။ ခံစစ်မှူး ဒီဘူချီသည် ပွဲချိန် ၁၀ မိနစ်ကျော်တွင် စတုတ်ကွင်းလယ်ကစားသမား အန်နာယူတိုဗစ်နှင့် ဘောလုံးယှဉ်လုစဉ် ပြိုင်ဘက်ကစားသမား၏ တွန်းထိုးမှုကြောင့် ကွင်းဘေးရှိ ကြော်ငြာဆိုင်းဘုတ်နှင့်တိုက်မိပြီး ဒဏ်ရာရရှိသွားခြင်းဖြစ်သည်။

အာဆင်နယ်အသင်း ဆေးအဖွဲ့တာဝန်ရှိသူများက ပြင်သစ်ကစားသမား ဒီဘူချီအား ကွင်းအတွင်း ၆ မိနစ်ခန့် ကုသမှုပေးခဲ့ရပြီးနောက် ထမ်းစင်ဖြင့် သယ်ထုတ်သွားခဲ့ရသည်။

ကွင်းလယ် ကစားသမား အန်နာယူတိုဗစ်သည် ဒီဘူချီအား ကြမ်းတမ်းစွာရင်ဆိုင်ကစားခဲ့သော်လည်း ကွင်းလယ်ဒိုင်၏ အရေးယူမှုမခံခဲ့ရပေ။

အာဆင်နယ် အသင်း မန်နေဂျာ အာဆင်ဝင်းဂါးက "ခံစစ်မှူး ဒီဘူချီဟာ ပခုံးအဆစ်လွဲတဲ့ ဒဏ်ရာရရှိခဲ့ပါတယ်။ ဒီဒဏ်ရာကြောင့် သူဘယ်လောက်ကြာကြာ နားရမယ်ဆိုတာကို ပြောဖို့တော့ ခက်ပါသေးတယ်။ ဒီဒဏ်ရာအတွက် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူတွေဆီက ဆေးစစ်ချက်ရဖို့ လိုအပ်နေပါတယ်။ ဒီဘူချီ ဘယ်လောက်နားရမယ်ဆိုတာ မသေချာပေမယ့် လာမယ့်သီတင်းပတ်အတွင်းမှာ ကစားနိုင်မှာကတော့ သေချာတယ်"ဟု ပြောသွားသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းတွင် နယူးကာဆယ်မှ အာဆင်နယ်သို့ ပြောင်းရွှေ့လာသူ ခံစစ်မှူး ဒီဘူချီသည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ် အသင်းအတွက် စုစုပေါင်း ၁၃ ပွဲ ပါဝင်ကစားထားကာ တစ်ဂိုးသွင်းယူထားသူ ဖြစ်သည်။

ထက်အောင်

ဝုဖ်ဘတ်လူငယ်ကစားသမား မာလန်ဒါသေဆုံးခဲ့ရသည့် ယာဉ်မတော်တဆမှုတွင်မောင်းနှင်သူသည် လိုင်စင်မရှိသူဖြစ်နေ

ဂျာမနီကလပ် ဝုဖ်ဘတ်အသင်းတွင် ပါဝင်ကစားနေသည့် ဘယ်လ်ဂျီယံ လူငယ်ကွင်းလယ်ကစားသမား ဂျူနီယာမာလန်ဒါသေဆုံးခဲ့ရသည့် ဂျာမနီနိုင်ငံ၌ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုတွင် အဆိုပါမော်တော်ကားကို မောင်းနှင်ခဲ့သူသည် ယာဉ်မောင်းလိုင်စင်မရှိသူဖြစ်ကြောင်း ဘယ်လ်ဂျီယံသတင်းစာ DH တွင် ရေးသားဖော်ပြထားသည်။ အသက် ၂၀ နှစ်အရွယ်ရှိ ကွင်းလယ်အဖျက်ကစားသမား မာလန်ဒါသည် ပြီးခဲ့သည့် ဇန်နဝါရီ ၁၀ ရက် ဒေသစံတော်ချိန် ၃ နာရီ ၃၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှု၌ အသက်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ မာလန်ဒါ လိုက်ပါစီးနင်းလာသည့်ကားသည် လမ်းဘေးသို့ထိုးကျကာ သစ်ပင်တစ်ပင်နှင့် ဝင်တိုက်မိခဲ့ခြင်းဖြစ်ပြီး မတော်တဆမှုဖြစ်ပွားချိန်တွင် ရာသီဥတုဆိုးရွားနေသည်ဟု ဆိုသည်။ အဆိုပါယာဉ်ပေါ်တွင် လိုက်ပါလာသည့် အခြားနှစ်ဦးမှာလည်း ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့ခြင်းကြောင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

မတော်တဆမှုဖြစ်ပွားခဲ့သည့်ကားကို မောင်းနှင်ခဲ့သူမှာ လက်ရှိအချိန်တွင် ကလပ်လက်မဲ့ဖြစ်နေသူ အန်ဒါလက်ချ်အသင်းခံစစ်မှူးဟောင်း အန်ထော်နီဒီအယ်ဘာတိုဖြစ်ကြောင်း၊ ယာဉ်မောင်းလိုင်စင်မရှိသည့် အယ်ဘာတိုသည် ကားကို တစ်နာရီ ကီလိုမီတာ ၁၅၀ နှုန်းဖြင့် မောင်းနှင်ခဲ့ကြောင်း DH သတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။ ကားကို အရှိန်ပြင်းစွာမောင်းနှင်ခဲ့ခြင်းကြောင့် မတော်တဆမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဂျာမနီရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောဆိုခဲ့သည်။

ဘယ်လ်ဂျီယံ ယူ-၂၁ ကစားသမားဟောင်း မာလန်ဒါသည် ၂၀၁၃ ခုနှစ် ဇူလိုင်လကုန်တွင် ဘယ်လ်ဂျီယံကလပ် ဇူလ်တီဝါရီဂမ်အသင်းမှ ဝုဖ်ဘတ်သို့ ပြောင်းရွှေ့လာသူဖြစ်ပြီး ဝုဖ်ဘတ်အသင်းနှင့်အတူ ပွဲပေါင်း ၁၇ ပွဲ ပါဝင်ကစားခဲ့ကာ နှစ်ဂိုးသွင်း ယူပေးနိုင်ခဲ့သူဖြစ်သည်။

ထက်အောင်

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
68 RESIDENCE
WE DEFINE LIFESTYLE
DEVELOPED BY: UNITED
GP
Development by GOLDEN PALACE
ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးအွားပိုင်မြေ တစ်ကောပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
More than
84%
Sold Out
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့
၂၀၁၅ ခုနှစ်
ဖေဖော်ဝါရီလ (၁၃) ရက်နေ့
• မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
• မြန်မာနိုင်ငံ၏ပထမဦးဆုံးသော DUAL KEY SYSTEM UNIT များ
• LOW E-GLASS SYSTEM
• DUPLEX SYSTEM
• အဆင့်မြင့် SMART HOME SYSTEM နှင့် FINGER PRINT ACCESS SYSTEM
PARTNERS
KBZ BANK
ZONE
SOMERSET SERVICED RESIDENCE
SOILBUILD
OrangeTee
777
1st Prize
2nd Prize
3rd Prize
CONDOMINIUM တစ်ခန်း
BMW 528 BRAND NEW
GIA(3) ကာရက်ဗိုင်စိန်လက်စွပ်တစ်ကွင်း
CONDOMINIUM LAW
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY
ROOM TYPES SQFT
1 BEDROOM 750 Sqft
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1200 - 1300 Sqft
3 BEDROOMS + STUDY 1300 - 1500 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft

နေပြည်တော်

သစ်အလုံးလိုက်တင်ပို့ခွင့်ရပ်ပြီး ပုဂ္ဂလိကစိုက်ခင်းတွေ တည်ထောင်ခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိ

ပြည်ပသို့သစ်အလုံးလိုက်တင်ပို့ခွင့်ရပ်ဆိုင်းလိုက်ခြင်းနှင့် ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိလာပြီး အလုပ်အကိုင်အခွင့်အလမ်းများပါ ရရှိလာမည်ဖြစ်ကြောင်း သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်ကျော်လွင်ထံမှ သိရသည်။

"သစ်အလုံးလိုက် ပြည်ပသို့တင်ပို့မှုရပ်ဆိုင်းလိုက်တဲ့အတွက် သစ်ကိုအလုံးလိုက်တင်ပို့မယ့်အစား သစ်ကိုခွဲခြမ်းပြီးအချောထည်ပြုလုပ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုသစ်စက်တွေဝင်လာမယ်၊ ပြည်ပသို့တင်ပို့တဲ့အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေရလာမယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေလည်းရလာမယ်။ ဒီ့အပြင် ရေရှည်ထုတ်မယ့်ကုန်ကြမ်းအတွက်က စိုက်ခင်းထောင်မှ မိမိပိုင်စိုက်ခင်းကနေ ထုတ်ယူသုံးစွဲရမှာဖြစ်တယ်။ အဲဒါကြောင့် စိုက်ခင်းတွေတည်ထောင်ရန် တင်ဒါခေါ်ယူတဲ့အခါမှာ ပါဝင်ပြီးတော့ အခု ၂၀၁၅ မှာ ပြည်ပရင်းနှီးမြှုပ်နှံမှုများက စိုက်ခင်းတွေ တည်ထောင်ပြီး သစ်စက်တွေပါတည်ထောင်လာကြမယ်။ ဒါကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေပါတိုးတက်လာမှာဖြစ်ပါတယ် " ဟု ဦးကျော်ကျော်လွင်က ဆက်လက်ပြောသည်။

သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ၂၀၁၅ မိုးရာသီတွင်ဧကတစ်ထောင်အထက်အကြီးစား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ခြင်းကို သတင်းစာမှတစ်ဆင့် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သည်။ တင်ဒါခေါ်ယူရာ လုပ်ကွက် ၉၇ကွက် (ဧကနှစ်သိန်းငါးသောင်းကျော်)တွင် တင်ဒါအောင်မြင်ခဲ့သည့် လုပ်ကွက် ၃၇ ကွက်(ဧကရှစ်သောင်းကျော်) ကို ဝန်ကြီးရုံးမှ ပြန်လည်စိစစ်ရွေးချယ်လျက်ရှိကြောင်း သိရသည်။

"လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်ကဆို သစ်တောဌာနအနေနဲ့သစ်တောစိုက်ခင်း ဧကရှစ်သောင်းကျော် အထိတည်ထောင်ခဲ့တယ်။ အဲဒီနောက်လည်း ကျွန်းနဲ့သစ်မာပင်တွေကို သောင်းနဲ့ချီပြီးတည်ထောင်ခဲ့ပါတယ်၊ အဲဒီကမှ တဖြည်းဖြည်းပြန်လည်သုံးသပ်လိုက်တဲ့အခါ ဈေးကွက်စီးပွားရေးခေတ်ကာလမှာ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးနဲ့ တည်ထောင်မယ့်အစား ပြည်တွင်းပြည်ပလုပ်ငန်းရှင်တွေကို တည်ထောင်ခွင့်ပေးလိုက်ခြင်းဖြင့် နိုင်ငံတော်အနေနဲ့ တခြားကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံနိုင်အောင်လို့ စိုက်ခင်းတွေအများကြီးတည်ခြင်းကို လျှော့လိုက်ပါတယ်။ အဓိကကတော့ မြန်မာနိုင်ငံပေါ်မှာရှိတဲ့မြေတွေပေါ်မှာ တောတွေ၊ အပင်တွေရှိနေဖို့ပါပဲ။ ပုဂ္ဂလိကကပဲစိုက်စိုက်၊ ပြည်သူတွေကပဲစိုက်စိုက် စိုက်ခင်းတွေရှိနေဖို့ပါပဲ။ အခုပြန်လည်စိုက်ပျိုးတဲ့အထဲမှာ ကျွန်းနဲ့ သစ်မာပင်တွေကိုပဲပြန်လည်စိုက်ပျိုးပါတယ်၊ တန်ဖိုးရှိသစ်တွေကိုပဲ ပြန်လည်စိုက်နေပါတယ်" ဟု ဦးကျော်ကျော်လွင်က ထပ်မံပြောပြသည်။

ပုဂ္ဂလိက သစ်တောစိုက်ခင်းများကို ၂၀၀၆ ခုနှစ်ကစပြီးတည်ထောင်ခွင့်ပေးခဲ့ပြီး ယခု ၂၀၁၄ မိုးရာသီအထိ ကျွန်းပင် တစ်သိန်းတစ်သောင်းကျော်နှင့် သစ်မာပင်ခြောက်သောင်းခုနစ်ထောင်ကျော် စိုက်ပျိုးထားပြီးဖြစ်ကြောင်းသိရသည်။ အဆိုပါ အပင်အရေအတွက်အားလုံးမှာ ပုဂ္ဂလိကစိုက်ခင်းများနှင့် နိုင်ငံသူနိုင်ငံသားအားလုံးမှ စိုက်ပျိုးထားသောအပင်များဖြစ်သည်။ သစ်တောများ အဆင့်ပြန်လည်မြင့်မားလာစေရန် အဖိုးတန်သစ်များဖြစ်သည့် ကျွန်း၊ ပိတောက်၊ပျဉ်းကတိုးစသည်တို့ကို အများဆုံး ပြန်လည်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"သစ်ပင်စိုက်လို့ရတဲ့နေရာတွေအားလုံးမှာစိုက်ပျိုးသွားမှာပါ။ နောက်ထပ်ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောတွေမှာလည်း တောင်ပေါ်မှာအဖိုးတန်တဲ့ကျွန်းပေါက်တယ်၊ တချို့နေရာတွေဆို ထင်းရှူးပေါက်တဲ့အတွက် မြေနေရာနဲ့ဂေဟစနစ်ကိုလိုက်ပြီး စိုက်ပျိုးမှုတွေပြုလုပ်နေပါတယ်။ အခု တိုင်းဒေသကြီး / ပြည်နယ်ရှစ်ခုကစပြီးစိုက်ပျိုးနေပါတယ်။ နေပြည်တော်ကောင်စီ သစ်တောနယ်မြေရှိတဲ့ နေရာတွေမှာလည်း စိုက်ပျိုးနေပါတယ်" ဟု ၎င်းကထည့်သွင်းပြောကြားသည်။

သစ်တောများပြန်လည်အဆင့်မြင့်မားလာစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများမှ ကျွန်းနှင့်သစ်မာများကို အဓိကပြန်လည် အစားထိုးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သတင်းဆောင်းပါး-ဇူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ - အိမ့်ထက်မှူး

တနင်္သာရီတိုင်းဒေသကြီး

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဝန်ကြီးဌာနရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့နှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

HIVနှင့် TB ဝေဒနာရှင်များအား အာဟာရဖြည့်စွက်စာ ထောက်ပံ့ပေးရေး၊ စွမ်းဆောင်ရည်မြင့်တင်ရေး၊ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး၊ လူအများပြောင်းရွှေ့နေထိုင်မှုများ၏ အကျိုးဆက်များခံစားနေရသည့် ရပ်ရွာများတွင် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ နေအိမ်နှင့် အခြေခံအဆောက်အအုံလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme- WFP)တို့ ပူးပေါင်း၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ သုံးနှစ်သက်တမ်းဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စားနပ်ရိက္ခာလုံခြုံမှုမရှိခြင်းကို လျော့နည်းစေရန်နှင့် အာဟာရချို့တဲ့မှု မရှိစေရေး ထောက်ပံ့ကူညီပေးမည့်စီမံကိန်း (Supporting Transition in Myanmar Reducing Food Insecurity and Undernutrition Amongst the Most Vulnerable)အား စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၆၇ ဒသမ ၆၉ သန်းဖြင့် ဆန်နှင့်စားနပ်ရိက္ခာ စုစုပေါင်း မက်ထရစ်တန် ၁၇၅၅၅၄ ဖြန့်ဝေရေးလုပ်ငန်းများဆောင်ရွက်ရေးနှင့်စပ်လျဉ်းသည့် နားလည်မှုစာတမ်း (Letter of Understanding - LoU)အား (၁၀-၄-၂၀၁၃)ရက်နေ့တွင် လက်မှတ်ရေးထိုး၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ WFP အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင်၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ရိက္ခာများဖြန့်ဝေလာခဲ့ရာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ သုံးနှစ်တာကာလအတွက် ဆန်နှင့် စားနပ်ရိက္ခာ စုစုပေါင်း ၂၁၈ တန် ဖြန့်ဝေမည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)တို့ကြား ၂၀၁၃ ခုနှစ်မှ၂၀၁၆ ခုနှစ်အထိ သုံးနှစ် သက်တမ်းဖြင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ် ၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၅ သန်းဖြင့် စီမံကိန်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာတမ်း (Letter of Understanding- LoU)အား ၇-၆-၂၀၁၃ ရက်တွင် လက်မှတ်ရေးထိုး၍ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးတွင် ပုလော၊ ထားဝယ်၊ တနင်္သာရီ၊ မြိတ်၊ ဘုတ်ပြင်းနှင့်သရက်ချောင်းမြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းအနေဖြင့် ၂၀၁၃ ခုနှစ် ဇွန်လမှ ၂၀၁၄ ခုနှစ် မတ်လအထိ တနင်္သာရီတိုင်းဒေသကြီးတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅၄၁၁၆ ဖြင့် စီမံကိန်း ပထမနှစ်လျာထားချက်၏ ၄၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

မြင့်စိုး(နတလ)

ရန်ကုန်တိုင်းဒေသကြီး

မျက်စိအခမဲ့ခွဲစိတ်ကုသပေး

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာကံညွှန့်၊ ပါမောက္ခ ဒေါက်တာ ဦးကိုကိုတင် ခေါင်းဆောင်သော မျက်စိဆရာဝန် ခြောက်ဦး၊ သူနာပြုဆရာမ ခြောက်ဦး ပါဝင်သည့် မျက်စိအထူးကုအဖွဲ့သည် ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ရခိုင်ပြည်နယ် သံတွဲမြို့သို့သွားရောက်၍ မျက်စိဝေဒနာရှင်များကို ကြည့်ရှု၍ အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြသည်။ ၎င်းအဖွဲ့သည် သံတွဲမြို့နန့်ချောင်ကျေးရွာရှိ ကျေးဇူးရှင် သီတဂူဆရာတော်ကြီး ဒေါက်တာအရှင် ဉာဏိဿရ ဦးဆောင် လှူဒါန်းထားသော သီတဂူမျက်စိအထူးကုဆေးရုံကြီး၌ မျက်စိဒေဝနာရှင် ၁၃၁၈ ဦးတို့ကို ကြည့်ရှုပေးပြီး အတွင်းတိမ်ရောဂါရှင် ၁၈၇ ဦးတို့ကို အခမဲ့ခွဲစိတ်ပေးခဲ့သည်။ ယင်းသို့ မျက်စိအခမဲ့ ခွဲစိတ်ရာတွင် သီတဂူမျက်စိဆေးရုံကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်လေး ခေါင်းဆောင်သော သံတွဲမြို့မှအဖွဲ့ဝင်များက လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် လာရောက်ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ မျက်စိအခမဲ့ခွဲစိတ်ရာတွင် အသုံးပြုရသည့် ကုန်ကျစရိတ်ကို ရန်ကုန်မြို့နေ ဦးချစ်ခိုင်၊ ဒေါ်ခင်စိုးဝေမိသားစု(ဒေင်ကုမ္ပဏီ)၊ ဦးကြည်လင်း၊ ဒေါ်စံစံဝင်းမိသားစု၊ ဒေါက်တာဦးဆုံးဟန်၊ ဒေါ်တင်တင်ထွေးမိသားစု၊ ဦးဇေယျာမင်း မိသားစု၊ ဦးသက်ဦး (ခ) ဦးမောင်မောင်၊ ဦးဖေဝင်း ၊ ဒေါ်သန်းသန်း မိသားစုနှင့် ဦးမောင်မောင်၊ ဒေါ်စီစီဌေး မိသားစုတို့က စုပေါင်းပါဝင်လှူဒါန်းခဲ့ကြကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မန္တလေးတိုင်းဒေသကြီး

မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာ လျှောက်လွှာများရောင်း

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ရောင်းချပေးလျက်ရှိသော မြရည်နန္ဒာတန်ဖိုးနည်း အိမ်ရာဝယ်ယူခွင့်လျှောက်လွှာများအား တစ်စောင်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် ဇန်နဝါရီ ၁၂ ရက်မှ စတင်၍ အဆိုပါ ရုံးဝင်းအတွင်း ရောင်းချပေးလျက်ရှိရာ လျှောက်ထားလိုသူများ ဖေဖော်ဝါရီ ၁၆ ရက် နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် မန္တလေး ခရိုင်အတွင်း နေထိုင်သည့် သက်ပြည့်၊ နှစ်ပြည့် အငြိမ်းစားဝန်ထမ်းများ၊ လုပ်သက် ၂၅ နှစ်အထက်ရှိသော တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ၊ တိုင်းပြည်အတွက် အသက်စွန့်လှူတ်ခဲ့သူများ၏ မိသားစုဝင်များနှင့် ကိုယ်အင်္ဂါစွန့်လွှတ်ခဲ့ရသူများအား ရောင်းချပေးမည်ဖြစ်ပြီး လျှောက်ထားသူများသည် ကိုယ်ပိုင်အိမ်မရှိသူဖြစ်၍ အိမ်ထောင်စုတစ်စုလျှင် တစ်ဦးသာ လျှောက်ထားရမည်ဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ "ဝယ်ယူခွင့်လျှောက်လွှာတွေ စရောင်းတဲ့နေ့မှာပဲ အငြိမ်းစားဝန်ထမ်း ၁၂၆၄ ဦး၊ လုပ်သက် ၂၅ နှစ် အထက်ဝန်ထမ်း ၁၃၄၆ ဦးနှင့် တိုင်းပြည်အတွက် အသက်စွန့်ခဲ့သူ မိသားစုများနှင့် ကိုယ်အင်္ဂါစွန့်လွှတ်ခဲ့ရသူ ၄၅ ဦး စုစုပေါင်း ၂၆၅၅ ဦး ရောင်းချပေးခဲ့ပါတယ်။ သက်မှတ်ချက်တွေ ပြည့်စုံပေမယ့် အမှန်တကယ် အိမ်ပိုင်ဆိုင်မှုမရှိသူကိုသာ ရောင်းချပေးမှာပါ။ တချို့ မိသားစုဝင်တွေထဲမှာ သတ်မှတ်ချက်ပြည့်စုံသူတွေ အများကြီးပါနေပေမယ့်လည်း မိသားစုတစ်စုကို တစ်ဦးပဲ လျှောက်ခွင့်ရှိပါတယ်။ တစ်ဦးထက် ပိုမိုလျှောက်ထားကြောင်း စိစစ်တွေ့ရှိရလျှင် ပြန်လည်ပြင်ဆင်ပြီးတင်ပြလာတဲ့ လျှောက်လွှာတွေကို ပယ်ဖျက်သွားမှာဖြစ်ပါတယ်။ ဒါကိုအထူးသတိပြုစေချင်ပါတယ်" ဟုပြောသည်။

လျှောက်လွှာများကို ဇန်နဝါရီ ၁၂ ရက်မှ ၃၀ ရက်ထိ ရုံးချိန်အတွင်း ရုံးဖွင့်ရက်တိုင်းတွင် ရောင်းချပေးမည်ဖြစ်ပြီး လျှောက်ထားလိုသည့် လျှောက်လွှာများကို ဖေဖော်ဝါရီ ၂ ရက်မှ ၁၆ ရက်အထိ ပြန်လည် စိစစ်လက်ခံပေးသွားမည်ဖြစ်၍ သတ်မှတ်ရက်ထက် နောက်ကျပြီး ရောက်ရှိလာသည့် လျှောက်လွှာများအား လက်ခံမည် မဟုတ်ကြောင်း သိရသည်။

မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာ ၁၃၄၄ ခန်းကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ပထမအကြိမ်အဖြစ် ရောင်းမှားဝယ်မှားဖြစ်ခဲ့ကြသော ရပ်ကွက်နေပြည်သူများအတွက် ၃၇၇ ခန်းအား ဦးစားပေး ရောင်းချခဲ့ပြီး ယခုကျန်ရှိနေသည့် အခန်း ၉၀၀ ကျော်ကို ဒုတိယအကြိမ်အဖြစ် ရောင်းချပေးခြင်းဖြစ်ကာ တိုက်ခန်းဈေးနှုန်းများအဖြစ် ကျပ်သိန်း ၇၀ မှ ၁၃၀ အထိရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ။

NEW YEAR PROMOTION
TV 5 NETWORK
၁၅.၁.၂၀၁၉ မှ စတင်၍ (၃) လနှင့်အထက်
သက်တမ်းတိုးသူများအတွက် တစ်ရက် လျှင်
၁၀၀ ကျပ်
5 NETWORK & PLUS PACKAGE
3,000 KS
PER MONTH
SPORTS PACKAGE
4,425 KS
PER MONTH
(3) လ - (6) လ - (12) လ သက်တမ်းတိုး ဝယ်ယူကြည့်ရှုနိုင်ပါသည်။
အသစ် ဝယ်ယူသူများ အတွက်
စက်+ ကတ်+
Sports Package
(28 Channels) ၁လစာအပါ
39,900 KS
HOTLINE : 01-400878 | 01-2306166

မြန်မာ့အလင်း
၁၆-၁-၂၀၁၅ (သောကြာနေ့)

ပြီးခဲ့သည့် ဇန်နဝါရီ ၁၂ရက်နေ့က ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် ကျင်းပခဲ့သည့် ဖီဖာတစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုပေးပွဲတွင် ပေါ်တူဂီတိုက်စစ်မှူး ရော်နယ်ဒိုသည် မက်ဆီ၊ နူအာတို့အား ဖြတ်ကျော်ကာ ဖီဖာတစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ဒုတိယအကြိမ်မြောက် ရရှိသွားခဲ့သည်။

ဇူးရစ်ညကို သိမ်းပိုက်နိုင်ခဲ့သူ (သို့)ရော်နယ်ဒို

အဆိုပါဆုအား ကမ္ဘာ့တစ်ဝန်းရှိ အသင်းနည်းပြများ၊ အသင်းခေါင်းဆောင်များနှင့် အားကစားကလောင်ရှင်များက မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်ပြီး တိုက်စစ်မှူး ရော်နယ်ဒိုသည် မက်ဆီ၊ နူအာတို့ထက် မဲအသာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးရော်နယ်ဒိုရရှိခဲ့သည့် မဲအရေးအတွက်မှာ ၃၇ ဒသမ၆၆ ရာခိုင်နှုန်း၊ မက်ဆီမှာ ၁၅ဒသမ၈ရာခိုင်နှုန်းနှင့် နူအာမှာ ၁၅ ဒသမ၇ရာခိုင်နှုန်း ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အပြင် တိုက်စစ်မှူးရော်နယ်ဒိုသည် FIFA Ballon d'Or ဆုအဖြစ် မပြောင်းလဲခင် ၂၀၀၈ ခုနှစ်က ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို တစ်ကြိမ်ရရှိခဲ့ဖူးသော ကစားသမားတစ်ဦးလည်း ဖြစ်သည်။

ရော်နယ်ဒိုသည် ဖီဖာအကောင်းဆုံး အသင်းတွင်လည်း ရှစ်နှစ်ဆက်တိုက် ပါဝင်လာခဲ့သူဖြစ်သည်။

အဆိုပါဆုကို ရရှိခဲ့ပြီးနောက် တိုက်စစ်မှူး ရော်နယ်ဒိုက "ကျွန်တော့်ကို မဲပေးခဲ့တဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီနှစ်ဟာ ကျွန်တော်အတွက်တော့ မယုံကြည်နိုင်လောက်တဲ့ အောင်မြင်မှုတွေ ရရှိခဲ့တဲ့နှစ်လို့လည်း ပြောရမှာပါ။ ကျွန်တော်ဟာ တစ်နေ့ ထက်တစ်နေ့ အကောင်းဆုံးကြိုးစားပြီး အောင်မြင်မှုတွေ ဆက်လက်ရယူသွားဦးမှာပါ။ အခုလို ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို သုံးကြိမ်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်မှန်းခဲ့ပါဘူး။ ကျွန်တော်ဟာ ထာဝရ အကောင်းဆုံးသမားတစ်ဦးဖြစ်ဖို့ကို ဆန္ဒရှိနေပါတယ်"ဟု ပြောဆိုခဲ့သည်။

ထို့အပြင် ရော်နယ်ဒိုသည် ပြီးခဲ့သည့် ရာသီက ရီးရဲမက်ဒရစ်အသင်းနှင့်အတူ ၄၇ ပွဲတွင် ၅၁ ဂိုးအထိ သွင်းယူပေးခဲ့သူဖြစ်သည်။

ရော်နယ်ဒိုသည် ၂၀၁၄ ရာသီ အတွင်း ရီးရဲမက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်၊ စပိန်ဘုရင့်ဖလား၊ ယူအီးအက်ဖ်အေစူပါဖလားနှင့် ကမ္ဘာ့ကလပ်တိုက်ကြီးများဖလားကိုလည်း ရယူပေးနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူးရော်နယ်ဒိုသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားတွင် ပေါ်တူဂီနိုင်ငံအသင်းအတွက် အကောင်းဆုံးရလဒ်များ ရယူပေးနိုင်ခဲ့သူမဟုတ်သော်လည်း နိုင်ငံအသင်းနှင့်အတူ ၁၁၈ ပွဲပါဝင်ကစားကာ ၅၂ ဂိုးသွင်းယူပေးထားခဲ့သူဖြစ်ပြီး ပေါ်တူဂီ၏ အမြဲတမ်းဂိုးသွင်း အများဆုံး ကစားသမားတစ်ဦးအဖြစ် စံချိန်တင်ထားသူလည်း ဖြစ်သည်။

ရော်နယ်ဒိုသည် ဖီဖာတစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအား ဒုတိယအကြိမ်မြောက် ရရှိခဲ့သောကြောင့် ရီးရဲမက်ဒရစ်အသင်း၏ ဘောလုံးသမိုင်းတွင် ကမ္ဘာ့ အကောင်းဆုံး ကစားသမားဆုကို ပထမဦးဆုံး ရရှိသည့် ပေါ်တူဂီကစားသမားတစ်ဦးဖြစ်လာခဲ့သည်။

ထို့အပြင် ဖီဖာတစ်နှစ်တာ အကောင်းဆုံး အမျိုးသမီးဆုအား ဝုဖ်ဘတ်အသင်း၏ ဂျာမနီအမျိုးသမီး ကွင်းလယ်ကစားသမား ကာလာက ရရှိခဲ့ပြီး တစ်နှစ်တာအကောင်းဆုံး ဂိုးဆုကိုကိုလံဘီယာတိုက်စစ်မှူး ရိုဒရီဂွက်ဇ်က ရရှိခဲ့သည်။

အမျိုးသားနည်းပြဆုကို ပြီးခဲ့သည့် ကမ္ဘာ့ဖလားတွင် ဂျာမနီအသင်းကို ကမ္ဘာ့ဖလားဆုရယူပေးခဲ့သည့်နည်းပြ ဂျိုအာချင်လိုက ရရှိခဲ့သလို အမျိုးသမီးနည်းပြဆုကို ဝုဖ်ဘတ်အမျိုးသမီး အသင်းနည်းပြ ကယ်လာမန်က ရရှိခဲ့သည်။

အောင်က

၂၀၁၄ခုနှစ်အတွင်း ရော်နယ်ဒိုရခဲ့သည့် ဆုဖလားများ	၂၀၁၄-၁၅ အတွင်း ရော်နယ်ဒို ရရှိခဲ့သည့်ဆုများ	
၁။ ချန်ပီယံလိဂ်ဆုဖလား	၁။ ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု	၄။ ယူအီးအက်ဖ်အေ၏ အကောင်းဆုံးကစားသမားဆု
၂။ စပိန်ဘုရင့်ဖလား	၂။ ဘီဘီစီ၏ပြည့်ပအခြေစိုက်ကစားသမားဆု	၅။ World Soccer (magazine) ၏ အကောင်းဆုံးကစားသမားဆု
၃။ ယူအီးအက်ဖ်အေစူပါဖလား	၃။ စပိန်လိဂ်၏ဂိုးသွင်းအများဆုံးဆု	၆။ ESPY ၏ အကောင်းဆုံးအားကစားသမားဆု
၄။ ကမ္ဘာ့ကလပ် ချန်ပီယံများဖလား		